www.burmeseclassic.com



# စိတ်အစာ

ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါက်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဆရာချစ်စံဝင်း၏ (၁၁၄) အုပ်မြောက်စာအုပ်

# စိတ်အစာ

## ချစ်စံဝင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၇၇၉/ ၂၀၀၄ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၇၁/ ၂၀၀၄ (၁၂)

■

ထုတ်ဝေသည့်ကာလ
၂၀၀၅ ခုနှစ် ဇွန်လ၊
ပထမအကြိမ်
စောင်ရေ – ၁၀၀၀

■

မျက်နှာဖုံး
အံ့ဘွယ် (Star)
စာအုပ်ချုပ် – ကိုမြင့်

■

အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်
ရာပြည့်ပုံနှိပ်တိုက် (၀၅၉၀၁)
အမှတ် ၁၉၉/ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဒေါ်မော်မော် (ပန်းမျိုးတစ်ရာစာပေ-၀၃၉၆၉)
တိုက် ၉/ ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၈၀၀ ကျပ်

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စိတ်အစာ | ၁ |
| ၂။ | စာရေးသားခြင်းအလုပ် | ၇ |
| ၃။ | ပညာကြီးစိုးရာ ဤကမ္ဘာ | ၁၅ |
| ၄။ | စာရေးဆရာ၊ ကဗျာဆရာ ဘယ်လိုဖြစ်လာသလဲ | ၂၉ |
| ၅။ | စာကို ဘယ်လိုစရေးရမလဲ | ၃၇ |
| ၆။ | မြို့မုံရွာက သမဒ္ဒာစာပေဟောပြောပွဲ | ၄၅ |
| ၇။ | လယ်တီဗိမာန်တော်အလှူ | ၅၃ |
| ၈။ | ထာဝရရှုင်သန်ခြင်း | ၆၁ |



www.burmeseclassic.com

www.burmeseclassic.com


၉။ စာမူခ ၆၉

၁၀။ ကွန်ပျူတာမတတ် စာမတတ် ၇၉

၁၁။ မွန်ယဉ်ကျေးမှုအနုပညာ
စာပေစကားဝိုင်း ၈၇

၁၂။ စာမူခ (၂) ၉၃

၁၃။ မွန်စိတ်မွန်သွေး ၁၀၅

၁၄။ စာရေးဆရာချစ်စံဝင်းနှင့်
တွေ့ဆုံမေးမြန်းခြင်း ၁၁၁

၁၅။ ထာဝရစာအုပ်ဈေးပွဲတော်
ဖြစ်စေချင်ပါသည် ၁၂၃

၁၆။ သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ ၁၃၇

၁၇။ ကြေနပ်ကြည်နူးဝမ်းသာမှုရှိပါသည် ၁၄၃




# စိတ်အစာ နိဒါန်း

ရုပ်ခန္ဓာကိုယ်ကြီးသည် နေ့စဉ် အဟာရမှီဝဲရန်လို၏။ ထမင်းဟင်း၊ အသီးအနှံ၊ ရေစသည် နေ့စဉ်လုံလောက်အောင် မှီဝဲရသည်။ မမှီဝဲပါက ဆာလောင်မွတ်သိပ်မှုဖြစ်၏။ အစာအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်ဟုဆို၏။ ခေတ်မီဆေးသိပ္ပံပညာရပ်များ ထွန်းကားလာသောအခါ လူသည် အစာအဖြစ် အသားဓာတ်၊ အင်အားဓာတ်၊ သတ္တုဓာတ်များ၊ ဗိုက်တာမင်၊ ဆီနှင့်ရေတို့လိုအပ်သည်။ အခြားလိုအပ်မှုများလည်း ရှိ၏။ ထိုအဟာရဓာတ်များကို စားသုံးသောအခါ အချိုအချဉ်၊ အငန်၊ အစပ်၊ အဖန် အရသာမျိုးစုံရသည်။ ထိုအရသာများအပေါ်လည်း လူက နှစ်ခြိုက်သောစရိုက်ရှိ၏။

လူတွင် အသားဓာတ်လိုအပ်ပါက အသားစားပေးရ၏။ အင်အားဓာတ်လိုပါက ထမင်း၊ ဂျုံ စသည်တို့ စားသုံးရသည်။ ဆန်နှင့်ဂျုံတို့က ကဆီဓါတ်ကိုဖြစ်စေ၍ အင်အားကိုဖြစ်စေ၏။ ထို့အတူ လိုအပ်သောဗိုက်တာမင်များအတွက်လည်း သစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များကို စားရသည်။ ဒါက ရုပ်ခန္ဓာအတွက်ဖြစ်၏။

ထို့အတူ စိတ်ကလည်း အစာလိုသည်။
စိတ်၏သဘောတရားက သိမှုဖြစ်သည်။
သူသည် ဟိုဟာသိချင်၊ ဒီဟာသိချင် သိလိုသည်။
သူသိချင်သောအရာတွင် သူနှင့်ပတ်သက်တာ

www.burmeseclassic.com

www.burmeseclassic.com

တွေလည်းပါသည်။ ထူးဆန်းသောအရာများလည်း ပါသည်။ သူမသိသေးသောအရာများကိုလည်း သိချင်သည်။ သူသည် ထပ်ခါထပ်ခါ သိချင်နေသည်။

သူသိချင်သောအရာများကို အချင်းချင်းစကားပြောရာမှ သိခွင့်ရသည်။ သူများပြောသည်ကို နားထောင်ရာမှလည်း သိရသည်။ ယခုခေတ်အခါတွင် စာအုပ်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်အမျိုးမျိုး၊ ရေဒီယို၊ တီဗွီ၊ ဗွီဒီယို၊ ရုပ်မြင်သံကြား၊ ဖက် (စ်)၊ အီးမေး(လ်)၊ အင်တာနက် အစရှိသောအရာများမှလည်း သိရသည်။ ယခုကဲ့သို့သော သတင်းအချက်အလက်ခေတ်ကြီးတွင် သိစရာတွေများသလို၊ သတင်းရရှိနိုင်သော လမ်းကြောင်းတွေကလည်း စုံသည်။ ခေတ်မီသည်။ သတင်းများသည် ခရီးကွာလှမ်းမှုကိုစွက်ကို အရေးမထားတော့ဘဲ ချက်ချင်း ချက်ချင်း တစ်ကမ္ဘာလုံးက တစ်ပြိုင်နက်တည်း သိလို့ရသည်။

ကျွန်တော်သည် သတင်းစာဆရာတစ်ဦး ဖြစ်သည်။ လမ်းစဉ်သတင်းဂျာနယ်တွင် သတင်းဆောင်းပါးများရေး၍ နေ့စဉ်သတင်းစာများတွင် ဆောင်းပါးအပုဒ်ပေါင်းများစွာ ရေးခဲ့သည်။ သတင်းလိုက်ရသည့်ဘဝ၊ သတင်းစာဆရာဘဝ၊ သတင်းထောက်ဘဝကို မြတ်နိုးသည်။

ကျွန်တော်၏သတင်းစာဆရာဘဝသည် ၁၉၆၄ ခုနှစ်ကတည်းက စ၍ ယခုတော့ အနှစ် ၄၀ ကျော်ခဲ့ပြီဖြစ်၏။ ကျွန်တော်သည် သတင်းစာဆရာဘဝ အတွေ့အကြုံစာအုပ်တစ်အုပ်ရေးသားရန် စိတ်ကူးရှိပြီး အချက်အလက်များလည်း စုဆောင်းထားပြီးဖြစ်၏။ သို့သော် ထိုအချက်အလက်များကို ချမရေးဖြစ်ဘဲရှိသည်။ သို့သော်လည်း သတင်းစာ၊ စာပေနှင့်ပတ်သက်သော ဆောင်းပါးများကိုကား မကြာခဏရေးဖြစ်ပါ၏။ ကျွန်တော်ရေးသားသော သတင်းဆိုင်ရာ၊ သတင်းစာဆိုင်ရာ၊ ဂျာနယ် မဂ္ဂဇင်းဆိုင်ရာ ဆောင်းပါးလေးငါးဆယ်ပုဒ် ရှိလာ၏။

ရေးသားသောအကြောင်းများထဲတွင် စာရေးသားခြင်းကို လူတိုင်းပြုလုပ်သင့်ကြောင်း၊ ပညာအကြောင်း၊ စာအကြောင်း၊ ဟာသစာရေးဆရာဖြစ်လိုသော်လည်း အတည်အခန့်စာရေးဆရာ ဖြစ်ခဲ့ရသည့်ဘဝ၊ ယနေ့ခေတ်တွင် ကွန်ပျူတာမတတ်လျှင် စာမတတ်တော့သည့်သဘောသို့ ရောက်နေကြောင်း၊ ကျွန်တော် သွားခဲ့သော စာပေဟောပြောပွဲများနှင့် ကျွန်တော်ရသော စာမူခအကြောင်းများပါသည်။

စာအကြောင်း ပေအကြောင်း သတင်းအကြောင်း ဆောင်းပါးများကို စုစုစည်းစည်း ထုတ်ဝေထားသော စာအုပ်ဖြစ်၍ စာပေရေးရာများနှင့် ပတ်သက်သော အကြောင်းအရာများ၊ စာအုပ်ဖြစ်သောကြောင့် စာအုပ်၏ အမည်ကို **စိတ်အစာ** ဟု အမည် ပေးထုတ်ဝေလိုက်ရပါသည်ခင်ဗျား။

ချစ်ဝင်း

၂၈-၄-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com

# စိတ်အစာ

တစ်လောက မိတ်ဆွေတစ်ယောက်က ဆိုပါတယ်။ မဂ္ဂဇင်းတွေ စာစောင်တွေကလဲပေါ . . ဘယ်စာစောင်ဝယ်ဖတ်ရမှန်းတောင် မသိပါဘူးဆိုပါတယ်။ ထို့နောက် ထိုမိတ်ဆွေက ဒီမဂ္ဂဇင်းတွေ ဒီစာစောင်တွေ ဘာပြုလို့ ဒီလောက်ထွက်နေရတာလဲလို့ ဆက်ဆိုပါတယ်။

"လိုအပ်လို့ထွက်တာပါ။ ကျွန်တော့် စိတ်ထင်နည်းတောင် နည်းသေးတယ်လို့ထင်တယ်။ မဂ္ဂဇင်းအရေအတွက်ရော စောင်ရေပါ ကျွန်တော်တို့နိုင်ငံမှာ ဒီထက်ပိုများဖို့ လိုအပ်ပါတယ်"

"ရှင်းပြပါဦး ဆရာရဲ့"

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါ စာပေဆိုတာ စိတ်ရဲ့အစာပဲ။ လူရဲ့ ခန္ဓာကိုယ်ကြီးရှိတယ်။ အဲဒီခန္ဓာကိုယ်ကြီးအတွက် မနက်ကနေ ညတိုင်ရေသောက်ရတယ်။ ထမင်း ဟင်း စားရတယ်။ သစ်သီးသစ်ဥ စားရတယ်။ သိပ္ပံနည်းကျ ပြောရရင် ခန္ဓာကိုယ်ကြီးမှာ နေ့စဉ်လိုအပ်တဲ့ ကစီဓါတ်၊ အသားဓါတ်၊ ဗီတာမင်များနဲ့ သတ္တုဓါတ်တွေက ခန္ဓာကြီးတစ်ခုထဲရှိတာမဟုတ်ဘူး။ ရုပ်ခန္ဓာရှိသလို စိတ်ခန္ဓာလဲရှိတယ်။ ရုပ်ခန္ဓာအတွက် တရုတ်စာ ပြေးစားလိုက်၊ ကုလားစာ စားလိုက်၊ ဆီပြန်ဟင်းချက်လိုက်နဲ့ စားနေသလို စိတ်ခန္ဓာအတွက်လဲ အစာအဟာရလိုပါတယ်။

စာပေ အနုပညာ ဂီတသဘင် အစရှိတဲ့ အရာတွေဟာ စိတ်ရဲ့အစာတွေပဲ၊ စိတ်ရဲ့မွေ့လျော်ရာတွေပဲ။ ဒီတော့ စိတ်ဟာသူ့ရဲ့ အစာဖြစ်တဲ့ သတင်းစာကို မနက်ဆိုမျှော်ပါပြီ။ အချို့ဆိုရင် မနက်စောစော သတင်းစာမရောက်သေးရင် လက်ဖက်ရည်မသောက်သေးဘူး။ မိမိစိတ်ရဲ့အစာအဖြစ် ဂီတသံလေးမှာလဲ သာယာတယ်။ ရုပ်ရှင်လေး ကြည့်ပြီးလဲ ကြည်နူးတယ်။ ကိုယ့်အကြိုက် မင်းသားလေး သိန်းဖေဆိုရင်လဲ ပြေးကြည့်လိုက်ချင်တယ်

ဒါပေမယ့် စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တယ်ဆိုတဲ့အတိုင်း အညီအဟောက်သတင်းလေးတွေ၊





စိတ်အာရုံကို နိုးကြားစေတဲ့ သတင်းတွေ ဓါတ်ပုံတွေဆိုရင် ပိုပြီး ကြည့်ချင်ကြတယ်။ မပေါ့တပေါ့ပုံကလေးများဆိုရင်လဲ ကြည့်ချင်ကြတယ်။ ဒီတော့ အနောက်တိုင်းနိုင်ငံတွေမှာတော့ စိတ်ရဲ့အစာအဖြစ် အာရုံကို နိုးကြားစေတဲ့သတင်းတွေကို ရွေးပြီး သတင်းစာတွေ စာစောင်တွေထဲမှာထည့်ကြတယ်။ မြန်မာနိုင်ငံမှာကတော့ စာစောင်တွေ မဂ္ဂဇင်းတွေဟာ မောင်နဲ့နှမ၊ သားနဲ့အမိ အတူတကွ ဖတ်လို့ရလောက်အောင် သိက္ခာနဲ့ထုတ်ဝေကြပါတယ်။

စိတ်ရဲ့အစာဖြစ်တဲ့စာနယ်ဇင်းတွေဟာ လူ့အဖွဲ့အစည်းမှာ အစဉ်အမြဲလိုအပ်နေတာပဲ။ များတယ်လို့ မရှိပါဘူး။ ဒါပေမယ့် ရုပ်ခန္ဓာအတွက် အစာတွေဟာ အာဟာရဖြစ်တာရှိသလို အဆိပ် အတောက်ဖြစ်တဲ့ အစာတွေလဲရှိပါတယ်။ အစာအဆိပ် သင့်တယ်ဆိုတာမျိုးဖြစ်ပါတယ်။ ဒါ့အပြင် စားသာ စားရတယ် ဘာအာဟာရမှမရှိတဲ့ အစာမျိုးလဲရှိပါတယ်။ ပန်းသီး[illegible] အာဟာရက အနည်းအပါးတော့ အာဟာရဖြစ်ပါရဲ့ ဒါပေမယ့် ဈေးအလွန်ကြီးပြီးရတဲ့ အာဟာရနဲ့ တုန်ကျစရိတ်မမျှတတာတွေလဲရှိပါတယ်။

စိတ်အစာဖြစ်တဲ့စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းတွေကို ထုတ်ဝေကြရမှာလည်း မဂ္ဂဇင်းစာစောင်တွေဟာ အာဟာရဖြစ်ဖို့လိုပါတယ်။ အဆိပ်အတောက်



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဖို့ဆိုတာကတော့ အလိုအပ်ဆုံးပါပဲ။ စာအုပ်စာစောင်တွေက စာရွက်တွေကလဲ ကောင်း၊ အပြင်အဆင်ကလဲ ထိပ်တန်း၊ ဈေးကလဲကြီးပေမယ့် အထဲမှာဘာမှဖတ်စရာ ဟုတ်တိပတ်တိမပါဘူးဆိုရင် အာဟာရဟုတ်တိပတ်တိမရှိဘဲ ဈေးကြီးတဲ့ပန်းသီး ဝယ်စားရသလို ဖြစ်မှာပါပဲ။ ကလေးအထူးကု သမားတော်ကြီး၊ ပါမောက္ခဆရာကြီးဦးတင်ဦးက ပန်းသီးတစ်လုံးရဲ့ အာဟာရဟာ မြေပဲလက်တစ်ဆုပ်စာလောက် အာဟာရမရှိဘူးလို့ပြောဖူးပါတယ်။ ဒါပေမယ့် ပန်းသီးတစ်လုံးက ၁၅၀ကျပ်လောက်ပေးရပြီး မြေပဲလက်တစ်ဆုပ်ကတော့ တစ်ဆယ်ကျပ်လောက်ပဲကျမှာပါ။

ဒါကြောင့် စိတ်အစာဖြစ်တဲ့ စာအုပ်စာတမ်း မဂ္ဂဇင်းဂျာနယ်တွေကို ထုတ်ဝေရာမှာများတယ်လို့မရှိပါဘူး။ များများထုတ်ဝေလေ ပြည်သူတွေရဲ့ စိတ်အာဟာရ ပိုမိုပြည့်ဝလေဖြစ်လို့များ နိုင်သမျှ များများထုတ်ဝေကြပါစေလို့ ဆုတောင်းရမှာပါ။

ဒါပေမယ့် ထုတ်ဝေတဲ့စာအုပ်စာစောင် မဂ္ဂဇင်းဂျာနယ်တွေဟာ အဆိပ်အတောက်မဖြစ်ဖို့ ဖတ်စရာမှတ်စရာမပါတဲ့စာအုပ်စာစောင် မဖြစ်ဖို့၊ စက္ကူအကောင်းစားတွေ အရောင်တွေနဲ့ချောက်လှန့်ပြီး ဖတ်စရာမပါတဲ့မဂ္ဂဇင်းမျိုး မဖြစ်ဖို့ကိုတော့ စာဖတ်သူများအနေနဲ့ အတိအလင်းတောင်းဆိုကြရမှာပါပဲ။





စက္ကူကလဲကောင်း၊ အရောင်အသွေးကလဲစုံ၊ မျက်နှာဖွဲ့စည်းမှုတွေကလဲ လှ၊ ဖတ်စရာ မှတ်စရာ ပျော်စရာ စိတ်ဝင်စားစရာ မငြီးငွေ့နိုင်တဲ့အရေးအသားတွေနဲ့ ထုတ်ဝေနိုင်ကြမယ်ဆိုရင်တော့ အကောင်းတကာ့ အကောင်းဆုံးပါပဲ။

စာအုပ် စာပေ ဂျာနယ် မဂ္ဂဇင်း စာစောင်ဆိုတာ စိတ်ရဲ့အစာ၊ စိတ်ရဲ့အာဟာရဖြစ်ဖို့အရေအတွက်များတယ်လို့ မဆိုနိုင်သေးပါဘူး။ မြန်မာ့လူဦးရေကလဲ သန်း ၅၀ တောင်ကျော်လာပြီဆိုတော့ ကျွန်တော့်အနေနဲ့ကတော့ အရေအတွက်ရော မြန်မာစာနယ်ဇင်းတွေဟာ အရည်အသွေးပါတိုးတက်ကြရရင်အကောင်းဆုံးပဲလို့ပြောချင်တာပါပဲဗျာ။

သတင်းစုံ

အတွဲ-၅ ၊ အမှတ်- ၂၁

၁၂. ၁၂. ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# စာရေးသားခြင်းအလုပ်

စာရေးသားခြင်းအလုပ်သည် လူတိုင်း လုပ်သင့်လုပ်ထိုက်သောအလုပ်တစ်ခုဖြစ်သည်။ စာရေးသားခြင်းအလုပ်ကို လူတိုင်းလည်းလုပ်နိုင်သည်။ ဘုန်းတော်ကြီးကျောင်းတွင် မင်္ဂလသုတ်အထိ စာသင်ဖူးသူနှင့် လေးတန်းအောင်၍ ငါးတန်း၊ ခြောက်တန်းအထိ စာသင်ဖူးသူတိုင်း စာရေးသားခြင်းအလုပ်ကို လုပ်ဆောင်၍ရသည်။ ပညာအခြေခံနည်းပါးသူများစာရေးခြင်းအလုပ်ကို လုပ်လိုပါက ဆည်းပူးမှုများများ လုပ်ဆောင်ရမည်ဖြစ်ပါ၏။

စာရေးသားခြင်းအလုပ်ကို လုပ်ဆောင်သူများအတွက်အဓိက အလိုအပ်ဆုံးအရာမှာ စာရေးသားလို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပင် ဖြစ်ပါ၏။ စာရေးသားလိုစိတ်ရှိသူတိုင်း စာရေးသားခြင်းအလုပ်ကို လုပ်ဆောင်အောင်မြင်နိုင်သူချည်း ဖြစ်ပါ၏။ လူတိုင်းလည်း စာရေးသားသည့်အလုပ်ကို လုပ်ဆောင်လိုကြ၏။ အဘယ့်ကြောင့် ဆိုသော် လူ၏ စိတ်ကို စေ့ဆော်သော အကြောင်းတရား ၉ ခုရှိသည့် အနက် လူသည် မိမိကိုယ်ပိုင်ဆန္ဒနှင့်သဘောထား ယုံကြည်ချက်ကိုဖွင့်ဟလိုခြင်းသည် လူ၏စိတ်ကို အမြဲစေ့ဆော်နေသော အကြောင်းတရားတစ်ရပ်ဖြစ်သော ကြောင့် ဖြစ်၏။

ထို့ကြောင့် လူ့သဘောသဘာဝတွင် လူသည် မိမိ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုချင်ရင် စာရေးခြင်းသည် မိမိဆန္ဒကို ထုတ်ဖော်ပြောဆိုသောနည်းလမ်းတစ်ရပ်ဖြစ်၏။ စာရေးသားခြင်းအလုပ်ကို လုပ်ဆောင်နိုင်သူသည် စာရေးသား၍ မိမိ၏ဆန္ဒကို ထုတ်ဖော်ပြောဆိုရန်အခွင့်သာသည်။

တဖန် လူသည် အသက်ကြီးလာသောအခါ အတွေ့အကြုံများစွာရရှိလာ၏။ ထိုအခါ ထိုအတွေ့အကြုံများကို ပြန်ပြောလိုသောဆန္ဒလည်းရှိလာ၏။ စာရေးသားတတ်ပါက စာရေး၍ မိမိ၏အတွေ့အကြုံများကို ပြောကြားနိုင်ခွင့်ရှိ၏။ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားဘဝက သစ်တောဘက်မှ အရာရှိကြီးတစ်ဦးအိမ်သို့ သွားရောက်လည်ပတ် အဝင်အထွက်ရှိကြ





၏။ ထိုအရာရှိက ထိုအချိန်တွင် ပင်စင်ယူလျက်ရှိပြီဖြစ်၏။ အခြားအရာရှိဝန်ထမ်းများနှင့်မတူ သစ်တောအရာရှိကြီးတွင် အလွန်များပြားသော ထူးဆန်းအံ့ဖွယ်အတွေ့အကြုံများရှိကြ၏။ ထိုအရာရှိကြီးပြောသမျှကို ကျွန်တော်တို့က ပါးစပ်အဟောင်းသားနှင့် နားထောင်ကြရ၏။ ထိုအရာရှိကြီးမှာ အတွေ့အကြုံတွေ၊ ပြောစရာ ဗဟုသုတတွေ မြောက်မြားစွာရှိပါလျက် စာရေးသားခြင်းအလုပ်ကို မလုပ်ခဲ့၍ လူအများစုကြီးကို မိမိဗဟုသုတနှင့်အတွေ့အကြုံများကို မဖြန့်ချိနိုင်ဘဲရှိ၏။ ထိုအရာရှိကြီးမှာ အသက်-၆၀ ကျော် မိမိဘဝ၏ အလွန်သန်စွမ်းကြံ့ခိုင်သည့်ကာလများကိုညနေပိုင်း ရမ်လေးသောက်၊ နံနက်ပိုင်း ဂေါက်ကွင်းသွား၊ သမီးများကို အကြိုအပို့လုပ်ရင်း အချိန်များကုန်ဆုံးခဲ့ရ၏။ ထိုအရာရှိကြီးမှာ အသက် ၈၀ ကျော်မှ ကွယ်လွန်သဖြင့် ပင်စင်ယူပြီးအနှစ် ၂၀ ဟူသောကာလကို လူ့ဘောင် ဘဝအတွက် ပိုမိုထိရောက်စွာ အသုံးမပြုရဘဲ ကုန်ဆုံးခဲ့ရ၏။

အလားတူပင် ၁၉၈၀ ခုနှစ်လောက်က ကျွန်တော်စစ်တွေမြို့ကို သွားတော့ မိတ်ဆွေတစ်ဦးက မြို့လယ်ရှိ ပင်စင်စားကြီးများ၏ ညနေပိုင်းအပန်းဖြေရာတာလပ်ကို လိုက်ပို့၏။ စစ်တွေမြို့ပေါ်မှာ ဝါရင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်စင်စားကြီးများ ၂၀ မှ ၃၀ ဦးလောက်ရှိ၏။ အချို့ထောင်ပိုင်ကြီးများ၊ အချို့ နယ်ပိုင်ဝန်ထောက်၊ တိုင်းမင်းကြီး၊ ဧရာဝတီသင်္ဘောလိုင်းမှ စသည်ဖြင့် အတွေ့အကြုံရှိ အရာရှိကြီးများဖြစ်၏။ ယင်းတို့သည် ညနေပိုင်းတွင် ထိုကလပ်၌ စုဝေး၍ ဘိလိယက်ထိုးသူထိုး၊ စစ်တုရင်ကစားသူ ကစား၊ အရက်သောက်သူ သောက်၊ သတင်းစာဖတ်၊ စကားပြောရင်းနေ့စဉ်အချိန်များ ကုန်လွန်နေကြ၏။ ထိုအရာရှိကြီးများသာ စာရေးသားခြင်းအတတ်ကို တတ်မြောက်ပါက အများလူတကာဖတ်ရှု အတုယူရမည့် စာများ၊ စိတ်ဝင်စားဖွယ်ရာများ၊ အရာရှိဘဝအတွေ့အကြုံများသည် မည်မျှတန်ဖိုးရှိပါမည်နည်း။

အချို့ပင်စင်စားကြီးများသည် ပင်စင်ယူလိုက်သည်ဆိုသည်နှင့် တပြိုင်နက် စိတ်ဓါတ်ကျသွားကြ၏။ အိုပယ်ကြီးများဖြစ်ကုန်ကြ၏။ လုပ်ငန်းခွင်တွင်လည်းကောင်း၊ မိသားစုအတွင်း၌သော်လည်းကောင်း၊ လူရာမဝင်ဘဲ ရှိလာကြရာက မိမိတစ်သက်တာ ရှင်ပြုစဉ်က ရွှေထီးဆောင်းတာများ ပြန်ပြောင်းသတိရရင်း စိတ်ဓါတ်ကျကာ စောစောစီးစီး ကွယ်လွန်ကုန်ကြသူများရှိ၏။ စာရေးသားသော အလုပ်ကို လုပ်နိုင်ပါက မိမိအတွေ့အကြုံများကိုလည်း အများသိရန် ဖေါ်ပြခွင့်





ရရုံသာမက စာရေးခြင်းမှ ဝင်ငွေလည်းရှိ၊ အပေါင်းအသင်းများလည်းရရှိလာနိုင်၏။

မြန်မာနိုင်ငံတွင် အစိုးရအရာရှိကြီးများ ပင်စင်ယူပြီးမှ စာရေးသည့်လုပ်ငန်းနှင့်ကျော်ကြားသူများရှိကြ၏။ အချို့ဆိုလျှင် ပင်စင်မယူခင်ကထက်ပင် ပင်စင်ယူပြီးစာရေးရာမှ ပိုမိုထင်ရှားသူ အများအပြားရှိပါ၏။ ထိုသို့သောသူများ ခေတ်တိုင်းတွင်ရှိသည်။ ပင်စင်စားကြီးများမှ စာရေးရမည်မဟုတ်။ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအတွေ့အကြုံရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ ဆရာဝန်များ၊ မွေးမြူရေး၊ စိုက်ပျိုးရေးအတွေ့အကြုံရှိသူများ၊ မိသားစုထိန်းသိမ်းရေးအတွေ့အကြုံရှိသူများအားလုံး စာရေးသားသည့်အလုပ်ကိုလုပ်ကိုင်နိုင်သူချည်း ဖြစ်ပါ၏။ ဥပမာ ကျွန်ုပ်မိတ်ဆွေကြီးသောင်းဝေဦးဆိုလျှင် မိမိ၏စစ်သားဘဝအမှတ်တရများကို စာအုပ်ကြီးလေးတွဲရေးသား၍ ထုတ်ဝေသည်။ မည်သူမျှ လောလောဆယ် မရေးသားနိုင်သောစာအုပ်များဖြစ်၍ စာပေလောကအတွက်လည်း အဖိုးတန်စာအုပ်များကို ရေးသားဖြစ်ခဲ့၏။ ထိုစာများကိုအရပ်ဖက်သို့ ရောက်မှ စာရေးခြင်းဖြစ်သည်။ ဆရာချစ်နိုင်(စိတ်ပညာ)မှာလည်း အရပ်ဖက်ရောက်မှစာရေးသားမှုဖြင့် အောင်မြင်မှုထိပ်တန်းသို့ရောက်ခြင်းဖြစ်၏။ ပခုက္ကူ ဦးအုံးဖေ၊ ဒေါက်တာမတင်ဝင်း အစရှိသော



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်များသည် အသက် ၆၀ ကျော်မှ စာရေးသည့် လုပ်ငန်းကို စိုက်လိုက်မတ်တတ်လုပ်ရင်း ထိုအချိန်မှ ထပ်မံအောင်မြင်မှုများကို ရရှိသူတို့ဖြစ်ပါ၏။

စာရေးဆရာ ဂျက်လန်ဒန်ဆိုလျှင် အမေရိကန်တွင် ဝင်ငွေအကောင်းဆုံး စာရေးဆရာဖြစ်၍ အမေရိကန်သမ္မတထက် ဝင်ငွေနှစ်ဆရရှိသည်။ သူ့ဘဝကို ပြန်ကြည့်ပါက အထက်တန်းကျောင်းမနေခဲ့ရ။ ငယ်စဉ်က ထမင်းဆာ၍လမ်းဘေးတွင်တောင်းစားရာ ပုလိပ်ကထောင်ချသည်ကိုခံရ၏။ ထောင်ကထွက်လာတော့ ထမင်းဆိုင်တစ်ဆိုင်တွင် ပန်းကန်ဝင်ဆေး၏။ ထို့နောက် ပန်းကန်ဆေးရတာ ငြီးငွေ့၍ သင်္ဘောကျင်းတစ်ခုတွင် သံချေးခွာသည့်အလုပ်ကို သွားလုပ်၏။ ပင်ပန်းလွန်း၍ ထိုအလုပ်ကိုစွန့်ကာ ရွှေသွားတူးသည့် အဖော်များနောက်သို့လိုက်ရာ ရွှေတစ်စမှမရဘဲ ကံကောင်း၍မသေဘဲ ပြန်ခဲ့ရ၏။ မထူးဘူးဆိုကာ အရှေ့ဖျားပင်လယ်များသို့ သင်္ဘောတစ်စင်းဖြင့်လိုက်သွားခဲ့၏။ သင်္ဘောပေါ်ရောက်မှ အားလပ်သောအချိန်များတွင် ပျင်းပျင်းရှိသည်နှင့် စာအုပ်များဖတ်ကြည့်ရာမှ စာဖတ်ဝါသနာပါလာ၏။ ထိုမှ စာမျိုးစုံဖတ်သည်။ နောက်တော့ သူ့ဘဝအတွေ့အကြုံများကို စာရေးသည်။ သူသည် ငတ်ငတ်ပြတ်ပြတ်ခံပြီး စာရေးသည်။ ဘယ်သူမှ သူ့စာကို သုံးသုံး၊





မသုံးသုံး တနေ့စာလုံး ငါးထောင်ခန့်ရေး၏။ စာရေးရင်း စာဖတ်ရင်း သူသည် စာရေးဆရာတစ်ဦး ဖြစ်လာ၏။ အသက်ကြီးမှ စာစရေးရာ စွန့်စားမှုများ၊ စုံထောက်ဇာတ်လမ်းများရေးရာတွင် ၁၈ နှစ်အတွင်း စာအုပ် ၅၀ ရေး၍ ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်ခဲ့၏။

သင်ဘာလုပ်နေပါသနည်း။

ယခု ဤဆောင်းပါးကို ဖတ်ရှုမိချိန်မှစ၍ စာစ၍ ရေးကြည့်ပါ။ ဇွဲရှိလို့ကတော့ သင့်ကို စာပေစင်မြင့်ပေါ်၌ မကြာမီ တွေ့မြင်နိုင်မည့်အကြောင်း ကျွန်တော်အာမခံပါသည်။

အတွေးသစ်
အတွဲ-၃ ၊ အမှတ်စဉ်- ၁၃၃
၁၉. ၅. ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

## ပညာကြီးစိုးရာ ဤကမ္ဘာ

ယနေ့ကမ္ဘာတွင် ဤကမ္ဘာမြေ၏ မည်သည့်နေရာတွင်ဖြစ်စေ၊ ထာဝရအောင်မြင်မှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ရရှိရေးအတွက် ပညာနှင့်အသိဉာဏ်ဟူသောအရာ မရှိ၍ မဖြစ်ပါ။

ပညာကြီးစိုးသော ယနေ့ကမ္ဘာတွင် ဘယ်အရာမှ ပညာမပါ၍မပြီးပါ။ ထို့ကြောင့် တစ်ကမ္ဘာလုံးတွင်ရှိသော လူသားတို့သည် မွေးစမှ သေဆုံးသည့်ကာလအထိ အတောမသတ်သော၊ အလွန်ကျယ်ပြန့်သော ပညာနယ်ပယ်တွင် အနည်းနည်းအဖုံဖုံဖြင့် ပညာရှာလျှက်ရှိကြပါ၏။

ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပညာမရှာသူ၊ ပညာမဲ့သူသည် လူ့ဘဝတွင် အောက်ကျနောက်ကျ၊ အောက်တန်းနောက်တန်းကျ နေရသူသာလျှင် ဖြစ်နိုင်၏။

ပညာမရှိဘဲ သူဌေးသူကြွယ်မဖြစ်နိုင်။

ပညာ မပါဘဲပျော်ရွှင်ချမ်းမြေ့မှုကို မရနိုင်ပါ။

ထို့ကြောင့်ကျွန်တော်တို့သည် ငယ်စဉ်မှစ၍ အတန်းပညာ၊ ကျောင်းပညာကို သင်ကြားရမည်ဖြစ်၏။ ကျောင်းပညာ အတန်းပညာသည် လူ့ဘဝအောင်မြင်မှုအတွက် အဆင့်မြင့်ဆုံး၊ အဆုံးစွန်အကျဆုံးပညာကား မဟုတ်။ လူ့ဘဝနယ်ပယ်တွင် နေ့စဉ်နေထိုင်လျှက်ရှိသော လူ့အသိုင်းအဝိုင်းကြား၌ ဘဝတက္ကသိုလ်ကြီးသည် ရှိနေ၏။ ဘဝတက္ကသိုလ်နယ်ပယ်၌ အောင်ပွဲရသူတို့သည်ကမ္ဘာ့သူဌေးသူကြွယ်ကြီးများဖြစ်လာတတ်ကြ၏။

ထို့ကြောင့် ကျောင်းစာမသင်ရရုံမျှဖြင့် လူ့ဘဝတွင် ဘာမျှ စိတ်အားငယ်စရာမရှိ။ လိုဘွန်စီးဆိုသူ ပုဂ္ဂိုလ်ကြီးသည် စာတစ်လုံးမျှမတတ်ဘဲ ခေတ်သစ်တွင် အာရှ၌ တန်းဝင် သူဌေး၊ သူကြွယ်ကြီးတစ်ဦးဖြစ်ခဲ့ပါ၏။ ကျောင်းစာမတတ်သော်လည်း လိုဘွန်စီးသည် ဘဝတက္ကသိုလ်တွင် အောက်သက်ကျေသူဖြစ်ပါ၏။ သူ့ဘဝတွင် အောင်မြင်မှုဆိုသည်မှာ ငွေကြေးအောင်မြင်မှုတစ်ခုတည်းကိုသာ အောင်မြင်မှုဟု ခေါ်သည် မဟုတ်။





အချို့သည် အကျင့်စာရိတ္တတွင် ထင်ပေါ်ကျော်ကြားမှုရှိ၏။

အချို့သည် စိတ်ထားဖြူစင်သည့်နေရာတွင် နှစ်ဦးမရှိကြ။

အချို့က ပညာရေးတွင် ပါရဂူမြောက် ထူးချွန်ကြ၏။

အချို့က ပရဟိတလုပ်ငန်းတွင် ထူးချွန်ပြောင်မြောက်ပါသည်။

မာသာထရီဇာသည် ယနေ့လူသားကမ္ဘာတွင် ထင်ရှားကျော်ကြားအောင်မြင်သူတစ်ဦးဖြစ်ပါ၏။

## လူ့တန်ဖိုး

ကမ္ဘာတွင် ငွေကြေးသက်သက်ဖြင့် ကြွယ်ဝချမ်းသာသူ သိန်းဂဏန်းလောက်သာရှိပါ၏။ ချမ်းသာမှ လူ့အဖြစ်၊ လူ့ဘဝသည် တန်ဖိုးရှိသည်မဟုတ်။ ပရဟိတလုပ်ငန်းဖြင့် အများအကျိုးဆောင်နိုင်သူတစ်ဦးသည် ကြွယ်ဝချမ်းသာ၍ အလှူအတန်းနည်းပါးသူထက် ပိုမို၍ တန်ဖိုးရှိပါ၏။'

မည်သို့ပင် ဘဝအောင်ပွဲရသည်ဖြစ်စေ၊ ဘဝအောင်ပွဲအားလုံး၏ နောက်တွင် အသိတရားဟူသော အရာ ရှိသည်ကို မည်သူမျှ မမေးအပ်ပါ။ ပရဟိတ ဆောင်ရွက်သူ မာသာထရီဇာ၏ စိတ်တွင် အများ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးကို သယ်ပိုးဆောင်ရွက်သင့်သည်ဟူသော အသိတရား၊ အသိပညာ စိုးမိုးကွပ်ကဲထား၍ ထိုအောင်မြင်မှုကိုရရှိခြင်းဖြစ်ပါ၏။

## အသိဉာဏ်နိမ့်ပါးလျှင်

ဤကမ္ဘာသည် ပညာကြီးစိုးသောကမ္ဘာဖြစ်၏။

တိရစ္ဆာန်တို့သည် လူတို့ထက် ခွန်အားကြီးမားသော်လည်း ဉာဏ်ရည် ဉာဏ်သွေးသာလွန်သော လူကို မကျော်လွန်နိုင်ကြပါ။ ထို့ကြောင့် လူဟု ဆိုပါက အသိဉာဏ်ပညာ မြင့်မားရမည် ဖြစ်ပါ၏။ အသိဉာဏ်ပညာနိမ့်ပါးသူတို့သည် တိရစ္ဆာန်နှင့် နီးစပ်သူများဖြစ်၏။ လူဖြစ်ပါက မိမိဦးနှောက်ကို စေစား၍ ပညာရှာရမည်ဖြစ်ပါ၏။ အနည်းနှင့်အများ ပညာတတ်ရမည်ဖြစ်ပါ၏။ ပညာ မတတ်သော်၊ ဦးနှောက်တွင် မှတ်ဉာဏ်နည်းသော၊ စဉ်းစားဉာဏ် ထုံထိုင်းသော၊ လူဖြစ်ပါက လူ့ဘဝတွင် လူဖြစ်ရှုံးသူများဖြစ်ပါ၏။

တန်ဖိုးရှိသောလူ့ဘဝကိုရရှိသူတိုင်းသည် ပညာရှာရမည်ဖြစ်၏။ ပညာကိုလေ့လာဆည်းပူးရမည်ဖြစ်ပါ၏။ ပညာအပေါ် နှလုံးသွင်းအာရုံစိုက်ရမည်ဖြစ်ပါ၏။





ရွှေမှုန်များသည် မြစ်ပြင်၊ မြေကြောဝယ် မြေများနှင့်ရောနှော၍ ရှိနေ၏။ ထို့ကြောင့် ရွှေကို မြေမှ သာရရှိခြင်းဖြစ်သည်။ ရွှေကိုရှာဖွေရာတွင် ရွှံ့ကို သန့်စင်ပြီး ရွှေကို မြေနှင့်ခွဲခြားသောအခါမှ သန့်စင်သော ရွှေကို ရ၏။ ထိုသို့ရရှိသောရွှေကို အရည်ကြို၍ ရွှေတုံး ရွှေခဲများပြုလုပ်ကာ ဈေးကွက်သို့ပို့၍ ရောင်းချပါ၏။ အကယ်၍ ရွှေရှာသူတို့သည် ရွှေကို သန့်စင်မှုမပြုဘဲ ရွှေပါသောမြေကြီးများ ရွှံ့များကို ရွှေဘုံသာလမ်းတွင် သွား၍ ရောင်းချပါက ဝယ်မည့်သူရှိမည်မဟုတ်ပါ။ ရွှံ့များနှင့် ရောနှောနေသော ရွှေကို မည်သူကမျှ ရွှေဟူ၍ မသတ်မှတ်ပါ ထိုနည်းတူစွာပင် လူသည် တန်ဖိုးရှိသောလူဟူ၍ အခေါ်ခံလိုပါက မိမိထံတွင် ရွှံ့အညစ်အကြေးများနှင့် ရောနှောမနေသော ရွှေနှင့်တူသည့် ပညာဉာဏ်ရှိရမည်ဖြစ်ပါ၏။ ထိုဉာဏ်ပညာသည် ရှိရုံသာမက ထိုပညာကို မိမိအတွက်ရော သူများအတွက်ပါ အသုံးချရမည်ဖြစ်ပါ၏။

ထို့ကြောင့် လူသည် ရွှေကို ရှာသလို ပညာကို ရှာ၍ မိမိဘဝအတွက် အသုံးပြုရ မည်ဖြစ်ပါ၏။ ရွှံ့ထဲမှ ရွှေရှာသူသည် ရွှေသူဌေးအခေါ် ခံရသကဲ့သို့ ဘဝ တက္ကသိုလ် လူ့လောကနယ်ပယ် အတွင်းမှ ပညာရှာသူသည် ပညာရှိသူခမိန်ဟု အခေါ်ခံရမည်ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



## တန်ဖိုးအရှိဆုံး

လူပညာတတ်ဟူသည် အလွန်မှ ကြီးကျယ်၏။ လူဟူသောအရာနှင့်ဆက်နွယ်သောအရာအားလုံးတွင် စစ်မှန်သောပညာသည် တန်ဖိုးအရှိဆုံးဖြစ်သည် စစ်မှန်သောပညာသည် ဟိုအဝေးအရပ်ဆီမှ ကြယ်တာရာများကဲ့သို့ အလွန်တရာမှလည်းကြီးမား၏။ သို့သော် ပညာကို အသုံးမပြုဘဲ ထားရှိပါက မည်မျှအဖိုးတန်သော ပညာသည်ပင်လျှင် အချည်းနှီးဖြစ်သည်။ သတိပြုရမည် ဖြစ်သည်။

အထူးကျွမ်းကျင်သော တက္ကသိုလ်က ဘွဲ့တစ်စုံတစ်ရာ မရခဲ့သူသည် စီးပွားရေးလုပ်ငန်း၊ စီးပွားရေးဘောင်တစ်ခုအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ခွင့်မရှိဟု ဘယ်တုန်းကမှ ပိတ်ပင်တားဆီးထားခြင်းမရှိပါ။ ယခုအခါ ကြံ့ရည်ဖန်ရည်ရှိသူ၊ ဝီရိယရှိသူ၊ အားမာန်နှင့် ဖွဲ့ လုံ့လရှိသူတို့သည် မိမိတိုင်းပြည်အတွင်း၌သာမက ပြည်ပတိုင်းပြည်များသို့ ထွက်ခွာကာ လုပ်ငန်းလုပ်ဆောင်နိုင်သော တံခါးပေါက်များစွာကို ဖွင့်ထားပြီးဖြစ်ပါ၏။

မနုဿ လူသားတို့၏စွမ်းဆောင်ရည်နှင့် ကြိုးပမ်းမှုများသည် စက်မှုသိပ္ပံရပ်များသာမက ပန်းချီ၊ ပန်းပု စာပေ အနုပညာအပါအဝင် ဝိဇ္ဇာပညာရပ်များတွင်လည်း ရှေးယခင်အခါများကထက် မကြုံဖူးလောက်





အောင် ထူးကဲများပြားစွာ လုပ်ငန်းဆောင်တာ လုပ်ပိုင်ခွင့်လမ်းများလည်း ပွင့်လျက်ရှိပါသည်။

စာဖတ်သူရော ကျွန်တော်တို့ပါ ကြွယ်ဝချမ်းသာသူများအကြားတွင် နှစ်ပေါင်းအတော်ကြာနေခဲ့ဖူးသည်။ ကြွယ်ဝချမ်းသာသူများ၏လုပ်နည်း လုပ်ဟန်များကို ကိုယ့်မျက်စိအောက်တွင် တွေ့ဖူး မြင်ဖူးလိမ့်မည်ဖြစ်ပါသည်။ သို့သော် ထိုသူတို့လုပ်ဆောင်မှု ထိုသူတို့၏ခြေလှမ်းစရိုက်များကို စူးစမ်းလေ့လာမှုမရှိဘဲ ကျွန်တော်တို့အမှုမဲ့ အမှတ်မဲ့ နေခဲ့ကြသူများဖြစ်၏။

မည်သူမဆို မိမိအတွက် လေ့လာမှုတစ်ခု၊ စူးစမ်းမှုတစ်ခု ပြုလုပ်ပြီး ထိုအလုပ်ကို အားမာန်ထည့်သွင်း၍ လက်တွေ့အကောင်အထည်ဖော်ပါက လုပ်ငန်းသည် အောင်မြင်တိုးတက်သည်သာ ဖြစ်ပါ၏။

## သင့်ဘဝ၏ဦးစီးနာယကသည် သင်သာလျှင်ဖြစ်သည်

လူတို့သည် မိမိဘဝကို မိမိဖန်တီးနေကြခြင်းဖြစ်၏။ မိမိဖြစ်ချင်သောအရာကို လူသားသည် ဖြစ်နိုင်သည်ဟူသော အယူအဆမှာ အကျန အသေချာဆုံး မှန်ကန်သော အယူအဆဖြစ်ပါသည်။

သင် ဘာဖြစ်လိုသနည်း။

သင်ဖြစ်ချင်တာ ဖြစ်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သင့်ဘဝတွင် သင်ဖြစ်ချင်သလို ဖြစ်နေခြင်းမဟုတ်ပါလော။ ထို့ကြောင့် သင့်ဘဝတွင် သင်သာလျှင် ဦးစီးနာယက၊ သင်သာလျှင် အကြီးအကဲ ဥက္ကဋ္ဌဖြစ်ကြောင်း သင်စွဲစွဲမြဲမြဲမှတ်သားထားပါ။ သင့်ဘဝ၏ မာလိန်မှူးသည် သင်သာလျှင်ဖြစ်သည်။ သင့်ဘဝသည် သင်ပဲ့ကိုင်သည့်ဘက်သို့သာ ချီတက်နေ၏။

ကျွန်တော်တို့အတွက် အမိကအရာမှာ ကျွန်တော်တို့၏ပတ်ဝန်းကျင်မှ နေ့စဉ်ပြောင်းလဲနေသော ပညာရပ်များကို စောင့်ကြည့်နေဖို့ မဟုတ်။ ပတ်ဝန်းကျင်၌ နေ့စဉ်ပြောင်းလဲတိုးတက်နေသော လုပ်ငန်းတစ်ခု၊ ပညာရပ်တစ်မယ်ကို ရွေးထုတ်ကာ သတ္တိနှင့် အားမာန်ကိုထည့်သွင်း၍ ချက်ချင်းအလုပ်လုပ်ဖို့ပင် ဖြစ်ပါ၏။

## အချိန်ကောင်း

အလုပ်လုပ်ရာတွင် ဘယ်တော့မှ အချိန်မစောင့်ပါနှင့်။ အချိန်စောင့်ခြင်းသည် အကြီးအကျယ်ဆုံးခိုးယူသည့် ပြစ်မှုကို ကျူးကျော်ရာရောက်ပါ၏။ ခိုးယူမှုထဲတွင် မိမိအချိန်ကို မိမိခိုးယူခြင်းသည် အကြီးမားဆုံး ပြစ်မှုကြီးဖြစ်၏။ ဘယ်တော့မှ မကြီးပွားသည့် အရာလည်းဖြစ်သည်။





အချိန်ကောင်းကို စောင့်ပါက အရာရာသည် နောက်ကျမည်ဖြစ်၏။ အချိန်ကောင်းဆိုသည်မှာ လုပ်ငန်းတစ်ရပ်ရပ်ကို လေ့လာပြီး ဒါကို ငါလုပ်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သောအချိန်သည် အချိန်ကောင်းဖြစ်ပါ၏။

## လုပ်ငန်းအစ

လုပ်ငန်းများကို လုပ်ဆောင်တိုင်း အစပထမတွင် အတော့်ကို ရှုန်းရမည်ဖြစ်ပါ၏။ မရှုန်းကန်လျှင် ဘယ်အရာမှ ရွေ့မည်မဟုတ်ပါ။ တစ်ဖန်လုပ်ငန်းအစများတွင် အမှားများလည်း လုပ်မိဦးမည်ဖြစ်ပါ၏။ အမှားသည် တစ်ခုတည်းမဟုတ် တစ်ခုပြီးတစ်ခု လုပ်မိမည်ဖြစ်ပါ၏။ ထိုသို့အမှားများကို လုပ်မိရင်းက အခက်အခဲများကိုလည်း ကျော်လွှန်ကာ အမှန်တရားနှင့် လုပ်ငန်းချောမွေ့မှုကို တွေ့ရှိလာရာမှ မကြာမီ သင်၏ပညာနှင့် ဝီရိယ၊ လုံ့လ၊ သတ္တိတို့ပေါင်းစပ်မှုသည် ရတနာပုံပေါ် ဆိုက်မည့်ကိန်းသို့ ရောက်ရှိမည်မှာ သေချာပါ၏။

## ပြဿနာဖြေရှင်းနည်း

အချို့ကိစ္စများတွင် နှိမ့်ချတောင်းပန်စကားဖြင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ နောက် ညစာ စားပွဲသေးကပွဲမျှလုပ်၍ အမျက်ပြေပွဲကလေးပြုလုပ်ခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုကို ဖြေရှင်းသည့်အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။

## အမှားတရား

လုပ်ငန်းများဟု ဆိုရာတွင် လုပ်ငန်းတိုင်းသည် ပညာရပ်များဖြစ်၏။ ထိုလုပ်ငန်းကို လေ့လာခြင်းသည် ပညာကိုလေ့လာခြင်းဖြစ်၏။ လုပ်ငန်းလုပ်တိုင်း အမှားတွေ့နိုင်၏။ အမှားတွေ့ရှိခြင်းသည် အောင်မြင်ဖို့အတွက် အရေးကြီးသော လက္ခဏာဖြစ်ပါ၏။

အမှားများသည် အောင်မြင်မှုအတွက် အထက်သို့တက်ရန် လှေခါးထစ်များဖြစ်သည်။ သမ္မတကြီး ရူးစဘဲ့ကမူ အမှားမလုပ်ခဲ့သူသည် ဘာတစ်ခုမှ အမှန်မလုပ်ဖူးသူသာဖြစ်မည်ဟု ဆိုခဲ့ပါ၏။

သင်သည် တစ်နေ့တွင် တစ်နာရီကို အချိန်ပေးနိုင်ပါက ဘယ်အသက်ရွယ်တွင်မဆို အရာများစွာကို အမှန်တကယ် သင်ယူနိုင်ပါ၏။ လူတို့သည် အလွန်ထူးခြား၍ကြီးပွားရာ ကြီးပွားကြောင်း ပညာရပ်များကို တစ်နေ့ တစ်နာရီမျှပင် အချိန်မပေးသဖြင့် မတတ်မြောက်ကြဘဲ ရှိနေခြင်း ဖြစ်၏။ ပညာရပ် တစ်ရပ်ကို တတ်မြောက်ရန် အချိန်မပေးဘဲ မတတ်မြောက်နိုင်ပါ။ ပညာကို အချိန်ပေး၍ ဆည်းပူးရမည်သာ ဖြစ်ပါ၏။





မြန်မာမှုနယ်ပယ်တွင် ပညာရှာဖွေခြင်းနှင့်ပတ်သက်၍ ရှေးလူကြီးသူမ ပညာရှိများစွာသည် ဆုံးမစကားများစွာကို ပြောဆိုခဲ့ပြီး ဖြစ်ပါ၏။ ထိုဆုံးမစကားတိုလည်း လေ့လာသင့်ပါ၏။ ရှေးလူကြီးသူမတို့၏ ဆုံးမစကားသည် အလွန်မှအရာထင်ပါ၏။

ယခုအခါတွင် အာရှတိုက်၏ ပညာရှိကြီးများဖြစ်ကြသော-

ကွန်ဖြူးစီးယပ်စ်
လာအိုဇူး
မင်စီးယပ်စ်

တို့၏ အဆုံးအမများကို အခြေခံ၍ အာရှတိုက်သားတို့သည် အာရှတိုက်ကြီးအား ဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သည်။

## အာရှတန်ဖိုး

ဤသည်ကိုပင် အာရှတန်ဖိုး Asia Value ဟု ခေါ်ဆိုခဲ့ရာ ကျွန်တော်တို့တွင် ပညာနှင့်ပတ်သက်သော ရှေးလူကြီးသူမတို့၏ အဆိုအမိန့်များ များစွာရှိသည်။ ကျွန်တော်တို့ ဂရုစိုက်လေ့လာကြရမည် ဖြစ်ပါ၏။

အချုပ်စကားကို ဆိုရသော်
လူသည် ပညာဖြင့် အသက်ရှင်နေခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူသည် ကမ္ဘာမြေအား ပညာဖြင့် အကြီးအမှူးပြုနေခြင်းဖြစ်သည်။ ပညာမရှိဘဲ မည်သူမျှ ထိပ်တန်းသို့မရောက်နိုင်။

ထို့ကြောင့် လူဟုဆိုပါက တစ်စုံတစ်ခုသောပညာကို တတ်ရမည်ဖြစ်၏။ ပညာကိုစာသင်ကျောင်း၊ ကောလိပ်နှင့် တက္ကသိုလ်ကြီးများမှသာ ရရှိသည်မဟုတ်၊ ဘဝတက္ကသိုလ်တွင်လည်း များစွာသော ပညာများရှိ၏။ ဘဝတက္ကသိုလ်မှ ပညာရပ်များဖြင့်လည်း လောကအထွတ်အထိပ်သို့ ရောက်နိုင်၏။

မွေးသည့်နေ့မှ သေသည့်နေ့အထိ လူတို့ပြုလုပ်ရမည့်အလုပ်သည် ပညာဆည်းပူးရန် ဖြစ်သည်။ မည်သည့်ပညာမဆို ပုဂ္ဂလိကပိုင်မဟုတ်။

ပညာဟူသည် အများပိုင်သာလျှင် ဖြစ်၏။

ထို့ကြောင့် ပညာဟူသမျှကို ထပ်ဆင့်ဖြန့်ဖြူးရမည်ဖြစ်၏။

ထပ်ဆင့်ပွားများရမည်ဖြစ်၏။

ပညာကို ထပ်ဆင့်မပွားများဘဲ လျှို့ဝှက်ထားပါက လူသည် အစားပေးနိယာမတရား၏ တရားစီရင်မှုကို ခံရမည်ဖြစ်သည်။

ပညာဟူသည် လျှို့ဖွယ်ပစ္စည်းလည်းဖြစ်၏။

ပညာဟူသောအရာကို လှူဒါန်းနိုင်သည်။

လှူဖွယ်အရပ်ရပ်တွင် ပညာကို လှူဒါန်းခြင်း





သည် မြတ်နိုးစရာအကောင်းဆုံး၊ လေးစားဂုဏ်ယူဖွယ်ရာ မြင့်မြတ်သောအလှူတစ်ခုဖြစ်သည်။

(မိမိပညာကို အဆင်းရဲ အပင်ပန်းခံ၍ လှူဒါန်းလျက်ရှိသော ကဝမြို့နယ်၊ ရစ်ကံကြီးရွာ၊ ကျောင်းစု မူလတန်းကျောင်းမှ ဆရာမလေး ဒေါ်ခင်စန်းလွင်အား အလေးအနက် ဂုဏ်ပြုအပ်ပါ၏။)

မြရိပ်ညို



www.burmeseclassic.com

www.burmeseclassic.com

# စာရေးဆရာ ကဗျာဆရာ ဘယ်လိုဖြစ်လာသလဲ

ဆရာမောင်တည်ငြိမ်က စာရေးဆရာ၊ ကဗျာဆရာ ဘယ်လိုဖြစ်လာသလဲ၊ ဆိုတဲ့သဘောထား ဆောင်းပါးတစ်ပုဒ်ရေးပေးပါလို့ တောင်းတာကြာပါပြီ။ ထုံးချင်းတွေ ရေးနေတာနဲ့ ဂျာနယ်၊ မဂ္ဂဇင်းဆောင်ပါးတွေ မရေးဖြစ်ပါဘူး။ အခု ဆရာတောင်းတဲ့အကြောင်းအရာကလည်း ကျွန်တော်ရေးပြချင်တဲ့အကြောင်းအရာမို့ သင်္ကြန်တွင်းအချိန် တစ်မနက်ပေးပြီး ရေးလိုက်ရပါတယ်။

ကျွန်တော်ဟာ ဆရာမောင်သိန်းဆိုင်၊ ဆရာမစန္ဒာ၊ ဆရာမ ဒေါ်ခင်ဆွေဦးတို့လို မျိုးရိုးဗီဇကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်လာတာ မဟုတ်တာက သေချာပါတယ်။ ကျွန်တော်တို့ မျိုးရိုးက လယ်သမားမျိုးရိုး၊ တောင်သူတောင် မဟုတ်ဘူး။ လယ်သမားစစ်စစ်ပါ။ လယ်သူမကြီးဖြစ်တဲ့ ကျွန်တော့်အဘွားဒေါ်သင်းထုံဟာ စာမတတ်ပါဘူး။ အမေကလည်း ရယစ်နဲ့ ရပင်းကွဲအောင် မရေးနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော့်ဘဝနဲ့ယှဉ်ပြောရရင် စာရေးဆရာ၊ သတင်းစာဆရာဖြစ်ဖို့ မျိုးရိုးဗီဇရှိစရာမလိုဘူးလို့ပြောရပါမယ်။ မျိုးရိုးဗီဇမလိုပေမယ့် စာရေးဆရာဖြစ်ဖို့ အခြေခံအားဖြင့် စာတတ်ဖို့တော့လိုပါတယ်။ ဘယ်နှတန်းအထိ တက်ရမယ်ဆိုတာ မလိုပါဘူး။ လေးတန်းနဲ့ စာရေးဆရာဖြစ်နေတဲ့သူတွေလည်း ရှိတယ်။ စာရေးဆရာဆိုတာ သူခံစားရတာကို တခြားလူ သူ့လိုပဲ ခံစားနားလည်အောင် ရေးပြနိုင်ရင် စာရေးဆရာ ဖြစ်တာပါပဲ။

ကျွန်တော်စာရေးဆရာ ဖြစ်ရတဲ့အခြေခံအကြောင်းရင်း(၄)ချက်ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါတွေကတော့-

(၁) ကျွန်တော်ဟာ အဒေါ်တွေနဲ့နေခဲ့ရလို့ ရှက်စိတ်ရှိတာ၊

(၂) တစ်နှစ်သားအရွယ်ကစပြီး ဖခင်မဲ့တာ၊

(၃) ကျွန်တော်လက် ဘယ်သန်တာနဲ့

(၄) တင်နုပွတ္တိဥာဏ်ခေါ်ခေါ်၊ ဇဝနဥာဏ်ခေါ်ခေါ်





အဲဒီဉာဏ် အထနေးတာတွေဟာ ကျွန်တော်စာရေးဆရာဖြစ်ဖို့ တွန်းပို့တဲ့အခြေခံတရားတွေပဲလို့ ကျွန်တော် ထင်ပါတယ်။

ကျွန်တော်က ရှက်စိတ်ရှိတော့ လူတွေနဲ့ရင်ဆိုင်ပြီးစကားပြောရမယ့်ကိစ္စတွေမှာ ဘယ်တော့မှ မစွံဘူး။ လူတွေနဲ့လည်း မျက်နှာချင်းမဆိုင်ရဲဘူး။ ဒီတော့ ဘာကိစ္စမဆို စာရေးပြီး ပြောရပါတယ်။ ကျွန်တော့်ဘဝမှာ ရည်းစားထားတာ၊ အိမ်ခန်းလျှောက်တာ၊ တယ်လီဖုန်းလျှောက်တာ၊ ဆရာဝန်ဆီသွားတာ အဲဒီကိစ္စတွေအားလုံး ဒီနေ့အထိ ကျွန်တော်စာရေးပြီးလုပ်တာများပါတယ်။ အလုပ်လျှောက်ရင် ကျွန်တော်ရေးပြီးလုပ်တာများပါတယ်။ အလုပ်လျှောက်ရင် ကျွန်တော်ရေးဖြေအောင်တာများ ပါတယ်။ ဒါပေမယ့် လူတွေ့စစ်ဆေးရင် ကြောက်ဒူးတုန်နေတာနဲ့ အရွေးမခံရတာကများပါတယ်။

ဒုတိယအချက်က ကျွန်တော့်အဖေက ကျွန်တော် အခါမလည်ခင် ကွယ်လွန်တော့ အဖေဆိုတာ ဖြူသလား၊ မည်းသလားဆိုတာ မသိပါဘူး။ အဖေမရှိတာဟာ ငယ်စဉ်က အတော့်ကို အားငယ်ရတဲ့ဘဝပါ။ အတော့်ကို သိမ်ငယ်ရတဲ့ဘဝပါပဲ။ သူများတကာအဖေကို မြင်ရရင်ကို မိမိဘဝက မပြည့်စုံတဲ့ဘဝလိုဖြစ်ရပါတယ်။ ဖခင်မဲ့တဲ့ဘဝဟာ လူတောထဲတိုးဝံ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လူ့အသိုင်းအဝိုင်းကို ရှောင်ရာက တစ်ကိုယ်တည်းနေလိုတဲ့စိတ်က များပါတယ်။ အဖေရှိရင်ဆိုတဲ့ အတွေးတွေနဲ့ ငယ်စဉ်ကတည်းက ကျွန်တော်ဟာ လက်တွေ့ဘဝမှာထက်စိတ်ကူးယဉ်ဘဝမှာအဖေ့ဝိဉာဉ်နဲ့ဆက်ပြီး စိတ်ကူးယဉ်နေတဲ့အချိန်တွေက ပိုများပါတယ်။ ဒီတော့ ကျွန်တော်က လက်တွေ့ထက် စိတ်ကူးယဉ်တာက ပိုများပါတယ်။

အဖေမရှိရတဲ့အထဲ ကျွန်တော်က ဘယ်သန်ပါတယ်။ အတန်းကျောင်းရောက်တော့ ဆရာမကြီးက ကျွန်တော်ဘယ်နဲ့ စာရေးတာကို ခွင့်မပြုပါဘူး။ ယောက်ျားဆိုတာ ညာသန်မှ ညာလက်ရုံးက မီးဟုန်းဟုန်းတောက်ရမယ် စတဲ့ အတွေးတွေရှိနေတော့ ကျွန်တော့ကိုယ်တိုင်လည်း မိမိကိုယ်မိမိ ဘယ်သန်တာဟာ အစွမ်းအစနိမ့်တာ၊ ဘုန်းနိမ့်ကံနိမ့်တာလို့ပဲ ထင်မိပါတယ်။ ညာဘက်ကို ပြောင်းစာရေးဖို့ကလည်း မရတာနဲ့ လစ်ရင် လစ်သလိုဘယ်နဲ့ အုပ်တာက များပါတယ်။ ဆရာမကြီးကလည်း တွေ့ရင်တွေ့သလို ဘယ်လက်ကို ပေတံနဲ့ ခုတ်တာနဲ့ ကျွန်တော်ဟာ စာရေးရင် လူမြင်သူမြင်မှာ မရေးရဲဘဲ လူကွယ်ရာမှာရေးရပါတယ်။ အဖေမဲ့လို့ အားငယ်ရတာ၊ ရှက်တဲ့စိတ်ရှိတာနဲ့ ဘယ်ကျော်ဖြစ်ရတာတွေဟာ ကျွန်တော့်ကို လူရှေ့သူရှေ့မှာ စာမရေးရဲတဲ့ဖြစ်ရပ်တွေက ကျွန်တော့်ကို လူကွယ်ရာ





မှာ စာရေးဖို့ တွန်းပို့ခဲ့ပါတယ်။ ဒီတော့ လူကွယ်ရာသူများတွေအိပ်ချိန်ညမှာ ကျွန်တော်က စာထရေးပါတယ်။ ဒီတော့ စာကိုအားရပါးရရေးနိုင်ပြီး ခုနစ်တန်း၊ ရှစ်တန်းကျောင်းသားဘဝကတည်းက ကျွန်တော်ဟာ စာစီစာကုံးကို အရှည်ကြီးရေးလေ့ရှိပါတယ်။ ကျွန်တော်ဟာတစ်ရက်ကို စာစီစာကုံး တစ်ပုဒ်လောက်ကို ရေးနိုင်ပြီး ကျွန်တော့်စာစီစာကုံးကို သူငယ်ချင်းတွေက ဝိုင်းဖတ်ကြပါတယ်။ ငယ်ငယ်က ကျွန်တော့်ကို သူငယ်ချင်းတွေက "ဘယ်ကျော် ချစ်စံ"လို့ပဲ ခေါ်ပါတယ်။

နောက် ကျွန်တော့်ဘဝ အဖြစ်ဆိုးတာက ကျွန်တော်ဟာ တဒင်္ဂဉာဏ်၊ တခ်နုပ္ပတ္တိဉာဏ်၊ ဇဝနဉာဏ် ချက်ချင်းမပေါ်လာပါဘူး။ အနည်းဆုံး ၂၄ နာရီကျော်မှ တစ်ညအိပ်ပြီးမှ အတွေးက ပေါ်လေ့ရှိပါတယ်။ ဥပမာ လူတစ်ယောက်က တစ်ခုပြောလိုက်ရင် ကျွန်တော် ချက်ချင်း ဘာတုံ့ပြန်ရမှန်းမသိပါဘူး။ အင်မတန်ကောင်းတဲ့ တုံ့ပြန်မှုအဖြေကို ကျွန်တော် ၂၄ နာရီကျော်မှ ရပါတယ်။ ဒီတော့ အဲဒီကိစ္စကို ပါးစပ်နဲ့လိုက်ပြောလို့ မရတော့ပါဘူး။ ဒီတော့ ကျွန်တော်က စာနဲ့ပဲ ပြန်ရေးထားရပါတယ်။ သူများမမြင်အောင် ဆိတ်ကွယ်ရာမှာ တိတ်တိတ်ပုန်းစာရေးရလို့ စာတွေအများကြီးရေးဖြစ်တာ။ ရှက်စိတ်အားငယ်စိတ်ကြောင့် လူတွေကို ရင်ဆိုင်စကား မပြောဝံ့လို့



www.burmeseclassic.com

www.burmeseclassic.com



စာရေးတာတွေဟာ ကျွန်တော့်ကို စာရေးတဲ့ အလေ့အကျင့် အတွေ့အကြုံရစေပါတယ်။ နောက်တော့ ကျွန်တော်စာရေးရတာကို ပျော်မွေ့လာပါတယ်။ ဒါဟာ စာရေးဆရာဖြစ်ဖို့ အဓိက အချက်ဖြစ်ပါတယ်။

အထက်တန်းကျောင်းသား ဘဝကနေ တက္ကသိုလ်ရောက်တဲ့အထိ သူငယ်ချင်းတွေအတွက်ရော၊ ကိုယ့်အတွက်ပါ ကျွန်တော်က ရည်းစားစာ ဒိုင်ခံရေးပေးရသူ။ အင်းလျားဆောင်က ကျွန်တော့်ရည်းစားစာပေးတဲ့ ကျောင်းသူတစ်ဦးကဆိုရင် ကျွန်တော်ပေးသမျှစာကို ကျေကျေနပ်နပ်လက်ခံယူတယ်။ ဒါပေမယ့် ကြိုက်တယ်လို့တော့ မပြောဘူး။ သူပြောတာက "ကိုချစ်စံရည်းစားစာက ဖတ်လို့ကောင်းတယ်၊ ဝတ္ထုဖတ်ရသလိုပဲ၊ ဒါ့ပြင် နိုင်ငံခြားသတင်းရော၊ ပြည်တွင်းသတင်းထူးတွေရောပါတယ်။ သူ့ရည်းစားစာဖတ်ပြီးရင် သတင်းစာဖတ်စရာ မလိုတော့ဘူး။ ရေဒီယိုနားထောင်စရာ မလိုဘူး။ ငါးရာ့ငါးဆယ်နဲ့ ဇင်းမယ် ပဏ္ဍာသ တောင်ပါသေးတယ်"ဟု ဆိုပါ၏။

နောက်ပိုင်းမှာတော့ ကျွန်တော်ဟာ စာရေးတဲ့ အလုပ်မှာ ပျော်မွေ့လာတယ်။ ဘာအကြောင်းပဲဖြစ်ဖြစ် ထစ်ခနဲဆို ကိုယ်ထင်တာကို စာနဲ့ရေးထားတယ်။ စာတွေဖိရေးတယ်။ ရန်ကုန်မှာနေဖြစ်တာဟာ စာရေးဆရာဖြစ်ဖို့အကြောင်းရင်းတစ်ခုပါပဲ။ ရန်ကုန်မှာက





စာပေအသိုင်းအဝိုင်းနဲ့နီးစပ်တယ်။ စာအကြောင်းပေအကြောင်းပြောဖြစ်ကြတယ်။

ကျွန်တော့်အယူအဆကတော့ စာရေးဆရာတစ်ယောက်ဖြစ်လာဖို့ အဖေတစ်ယောက် မားမားမတ်မတ် မရှိလည်း စာရေးဆရာဖြစ်တယ်။ ရှက်စိတ်အားငယ်စိတ်၊ လူတောမတိုးတဲ့စိတ်တွေကလည်း စာရေးဆရာဖြစ်နိုင်တယ်။ နောက်ဆုံး တစ်နပ္ပတ္တိဉာဏ်မရှိတာလည်း စာရေးဖြစ်အောင် အထောက်အကူပြုနိုင်တယ်။ ဒါပေမယ့် စာရေးဆရာဖြစ်ဖို့၊ စာတွေအများကြီးရေးဖို့ စာတွေဖတ်ဖို့တော့ လိုတယ်။ သိမ်ငယ်စိတ်တွေကလည်း ထိပ်တန်းသို့ပို့ဆောင်နိုင်ပါတယ်။ မင်းကျော်မင်းပြောသလို "မင်း အင်္ဂလိပ်စကားပြောတတ်ချင်သလား၊ ဒါဆိုရင် အင်္ဂလိပ် စကားပြောပါ"ဆိုသလိုပါပဲ။

'သင်စာရေးဆရာဖြစ်ချင်သလား၊ ဒါဆိုရင် စာရေးပါ၊ ရေးသူတိုင်း စာရေးဆရာဖြစ်နိုင်သူချည်းပါပဲ' စာရေးဆရာဖြစ်ဖို့ ပါရမီမလိုဘူးလို့ ကျွန်တော်ယူဆပါတယ်ဗျာ။

အတွဲ-၃ ၊ အမှတ်- ၁၃၃

၁၉. ၅. ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

# စာကို ဘယ်လိုစရေးရမလဲ

လူတော်တော်များများ စာရေးသားသည့် အလုပ်ကို လုပ်လိုကြသည်။ သို့သော် စာကို ဘယ်လို စ ရေးရမည်မသိသောကြောင့် စာမရေးဖြစ်ကြပဲရှိ၏။

စာရေးသားချင်သူတိုင်း စာရေးသားခြင်း အလုပ်ကိုလုပ်နိုင်ကြသည်။ စာမတတ်သေးသော သူလည်း ယခုမှစာသင်ပြီး စာရေးသားလျှင်စာရေးသား ခြင်းအလုပ်ကို လုပ်နိုင်ပါသေး၏။

စာကို ဘယ်လိုစရေးရမလဲဟု ဆိုပါက သင် သည် စာရေးသားတော့မည်ဟု ဆိုပါက သင့်မိသားစု နှင့်ခွဲနေရပါက သင့်မိသားစုထံပေးစာ စရေးပါ။ [illegible]ထံ



www.burmeseclassic.com

www.burmeseclassic.com



သို့ ပေးစာရေးပါ။ သားသမီးထံစာရေးပါ။ အမေအဖေထံ၊ ညီ ညီမများထံ၊ အဒေါ်ဦးကြီးတို့ထံ စာရေးပါ။ သင်နှင့် မိသားစုသည် အတူနေဆိုပါက သင်သည် ခရီးခဏထွက်သွားပြီး ရောက်ရာအရပ်မှ မိသားစုထံစာရေးပါ။ မိသားစုနှင့်လည်း အတူနေသည်၊ ခရီးလည်း မထွက်ဟုဆိုပါက တစ်အိမ်ထဲနေရင်းမှာပင် မိမိ မိသားစုထံစာရေးပါ။

စာရေးရာတွင် သင်စိတ်ထဲတွင် ရှိတာတွေ၊ ရေးချင်တာတွေ ဖွဲ့နွဲ့၍ ရသလောက် စိတ်ထဲရှိသလောက်၊ စိတ်ထဲရှိသမျှ ဘယ်လောက်ပဲရှည်ရှည်၊ ရှည်ချင်သလောက်ရှည်ရေးပါ။ သင့်မိသားစုက စာပြန်လျှင်လည်း ထိုစာများကို ဖတ်ပါ။ သို့မဟုတ် အဝေးရောက်နေသော မိတ်ဆွေတစ်ဦးထံ မိမိသည် စာရေးသားခြင်းအလုပ်ကို ကျင့်နေ၍ စာတွေရေးမည့်အကြောင်း အသိပေးပြီးစာရေးပါ။

ပေးစာအစောင်ပေါင်းမည်မျှရေးရမည်နည်းဆိုပါက စာအစောင် ၃၀၀ မှ ၅၀၀ အထိရေးပါ။

စာတစ်စောင်သည် အနည်းဆုံးဖူးစကက်၊ စစ်တောင်း(၂)ရွက်ရှိရပါမည်။ စာတစ်စောင်တွင် အကြောင်းအရာတစ်ခုပါရမည်။ဖွဲ့နွဲ့နိုင်သမျှဖွဲ့နွဲ့ရေးပါ။

မိမိရေးသမျှစာများ မိမိထံတွင် အမြဲမိတ္တူကျန်ရှိရပါမည်။ တစ်နေ့တွင်စာနှစ်စောင်နှုန်းဖြင့်စာအ





စောင် ၅၀၀ ရရှိအောင် တစ်နှစ်ပေးစာရေးပါ။ ထိုအခါ နွေ၊ မိုး၊ ဆောင်းရာသီအပြောင်းအလဲများလည်း စာများတွင် ထည့်ရေးပါ။ စာအစောင် ၅၀၀ ရေးနေချိန်တွင် မြန်မာဝတ္ထု၊ မြန်မာစာအုပ်အနည်းဆုံး ၁၀၀ လောက်ကုန်အောင်ဖတ်ပါ။ အထူးသဖြင့် ဂန္ထဝင်စာအုပ်များဖတ်ပါ။ ဥပမာ ရွှေပြည်စိုး၊ မောင်ရင်မောင်မမယ်မ၊ သွေး၊ အရိုင်းစပယ်၊ ငဘ၊ စစ်အတွင်းခရီးသည်၊ ဦးဘသန်းရာဇဝင်၊ ဦးဖိုးကျားရာဇဝင်၊ စုံထောက်မောင်စံရှား၊ အနာဂတ်သာသနာရေး၊ ဇာတ်ကြီးဆယ်ဘွဲ့၊ လက်လှမ်းမီသမျှဖတ်ပါ။ ဘာသာပြန်၊ တက်ကျမ်းများလည်း ဖတ်ပါ။ ဦးပုည၊ ဦးကြင်ဥ၊ အချုပ်တန်း ဆရာဖေတို့ရဲ့စာများကိုလည်းဖတ်ပါ။

ပေးစာ ၅၀၀ ခန့်ရေးပြီးပါက တစ်နေ့လျှင် စာစီစာကုံးတစ်ပုဒ်နှုန်းဖြင့် စာစီစာကုံး အပုဒ် ၂၀၀ ရေးပါ။ စာစီစာကုံးအပုဒ် ၂၀၀ ကို (၆)လအတွင်း အပြီးရေးပါ။ စာစီစာကုံးရေးနေချိန်တွင်လည်း တစ်နေ့ကို စာတစ်အုပ်နှုန်းဖြင့် မြန်မာစာအုပ် ၂၀၀ လောက် ထပ်ဖတ်ပစ်ပါ။ မိမိဖတ်ဖြစ်သော စာအုပ်အမည်များကို မှတ်ထားပါ။ မိမိဖတ်သောစာအုပ်များကိုလည်း ကိုယ်ပိုင်သိမ်းထားပါ။

ပေးစာ ၅၀၀၊ ဆောင်းပါးအပုဒ် ၂၀၀ ရေးပြီးပါက မိမိ၏ကိုယ်ရေးဘဝဖြစ်စဉ်ကို မိဘမျိုးရိုးမှအစ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအဘွား၊ အဖေအမေ၊ ဆွေမျိုးဇာတိရပ်ရွာ၊ ပညာသင်ကြားခဲ့ပုံ၊ ဝါသနာ၊ ရည်းစားထားတာမှအစ အိမ်ထောင်ပြု ပထမဆုံးကလေးရ၍ မိမိယနေ့ကာလသို့ရောက်သည်အထိ တစ်နေ့ကို စာဆယ်မျက်နှာနှုန်းဖြင့် စာမျက်နှာ ၈၀၀ ရအောင်ရေးပါ။ မိမိဘဝဖြစ်စဉ်ကို မိမိပြန်ရေးခြင်းဖြစ်၍ ပျော်စရာကောင်းပါမည်။ ပေးစာအပုဒ် ၅၀၀၊ စာစီစာကုံးအပုဒ် ၂၀၀ ရေးပြီးပြီဟုဆိုပါက သင် စာစရေးပါ။

ပေးစာများ၊ စာစီစာကုံးများနှင့် မိမိကိုယ်ရေးဖြစ်စဉ်ကို ရေးရာတွင် ကောင်းကောင်း၊ မကောင်းကောင်းရေးဖြစ်အောင်သာရေးပါ။ ထိုလုပ်ငန်းသည် ၂ နှစ်အတွင်း ပြီးစီးသင့်ပါ၏။ ဒီကြားထဲ ဝတ္ထုများ၊ ဆောင်းပါးများလည်း စမ်းရေးကြည့်နေသင့်ပါသည်။

ထို့နောက် ဆောင်းပါး သို့မဟုတ် ဝတ္ထုစရေးပြီး အယ်ဒီတာနှင့် တိုက်ရိုက်စာမူများကိုတွေ့၊ တိုက်ရိုက်မိတ်ဖွဲ့ပြီး တိုက်ရိုက်စာမူများကို ပေးပို့ပါ။ တဆင့်မလုပ်ပါနှင့်။ စာမူပို့ရန် မရှက်ပါနှင့်။ ရဲရဲဝံ့ဝံ့ပို့ပါ။

ထိုမျှလောက်လေ့ကျင့်ထားလျှင် တစ်ကြိမ်တည်းနှင့်ပင် ပေါက်နိုင်ပါသည်။ ဆောင်းပါး ဝတ္ထုရေးမည်ဆိုပါက လိုက်နာရမည့်ကိစ္စလေးများနည်းနည်းပါးပါးတော့ ရှိပါ၏။





ပထမအချက်ကတော့ စာတစ်ပုဒ်တွင် အကြောင်းအရာတစ်ခုကိုသာရေးပါ။ ဘယ်တော့မှ နှစ်ခုမရေးပါနှင့်။ မိမိဘာပြောချင်သလဲ တစ်ခုပဲပြောပါ။ ထွမ်းစားတာ မကောင်းဘူးဆိုပါက မကောင်းတဲ့အကြောင်းပဲ ရေးပါ။ ကွမ်းသီးအကြောင်း၊ ထုံးအကြောင်းရေးစရာမလိုပါ။ ကွမ်းသီးအကြောင်း ထုံးအကြောင်းရေးချင်ပါက နောက်တစ်ပုဒ်ထပ်ရေးပါ။ ရေးကာစတွင် ထိုစည်းကမ်းကို လိုက်နာမှ ဖြစ်မည်။ မလိုက်နာပါက အကြောင်းအရာတွေ ရောထွေးပြီး ဤတွင် ဆက်မရေးဖြစ်တော့ဘဲရှိ၏။

**စာရေးရာတွင် အကြောင်းအရာအနေနှင့်**

(က) မိမိမယုံတာကို မရေးပါနှင့်၊
(ခ) မကျွမ်းကျင်တာ မရေးပါနှင့်၊
(ဂ) မသိတာ အသိလုပ်ပြီးမရေးပါနှင့်၊
(ဃ) သူများအကြိုက်လိုက်ပြီးမရေးပါနှင့်၊

**ရေးဟန်အနေနှင့်**

(က) ကျစ်ကျစ်လျစ်လျစ်ရေးပါ၊
(ခ) စာတစ်ကြောင်းနှင့်တစ်ကြောင်း ဆက်စပ်မိအောင်ရေးပါ။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) စာတစ်ပုဒ်နှင့် တစ်ပုဒ်ငြိအောင် ဆက်စပ်အောင် ရေးပါ။

(ဃ) ဆောင်းပါးရေးရင် နိဂုံးပါရမည်

**အရည်အသွေးရှိသော စာမူဆိုသည်မှာ**

(က) ဦးဦးဖျားဖျားသတင်းပါသည့် စာမူ၊

(ခ) ရှုထောင့်အသစ်မှ တင်ပြသော စာမူ၊

(ဂ) တင်ပြမှုဆန်းသစ်သော စာမူ၊

(ဃ) အများနှင့်သက်ဆိုင်သော အကြောင်းအရာပါသည့်စာမူတို့ ဖြစ်သည်။

နောက်လိုက်နာရန်ကိစ္စတစ်ခုမှာ စာစရေးရာတွင် အကြိမ်ကြိမ်ရေးပါ။ စိတ်ကူးထဲတွင် ထပ်ခါ ထပ်ခါ ရေးစဉ် စိတ်ကူးထဲမှာချောမှ စက္ကူပေါ် သို့ချရေးပါ။ စာမျက်နှာတစ်ဘက်တည်းရေးပါ။ စာရေးရာတွင် ဘောပင်နှင့် အေဖိုး အမျိုးအစားဖြစ်စေ၊ စစ်တောင်းစက္ကူနှင့်ဖြစ်စေ ရေးပါ။ စာမျက်နှာတစ်ဘက်တည်း ရေးပါ။ စာရေးရာတွင်မာဂျင်အဖြစ် ရှေ့တွင်လက်နှစ်လုံး နောက်တွင် လက်တစ်လုံးလောက်ချန်ပြီးရေးပါ။ အယ်ဒီတာဖတ်ရှုနားလည်လွယ်လောက်သည်အထိ လက်ရေးကို ဝိုင်းဝိုင်းစက်စက်ရေးပါ။ မိမိလက်ရေး သိပ်ရှုပ်နေပါက လက်နှိပ်စက် သို့မဟုတ် ကွန်ပျူတာနှင့် စာစီပြီးမှ အယ်ဒီတာထံပို့ပါ။





စာရေးသားခြင်းအလုပ်ကို လုပ်ရန် စာရေးသားချင်စိတ်ရှိသူတိုင်း စာရေးဆရာ ဖြစ်နိုင်သည်။ စာရေးဆရာဖြစ်ချင်လား။ ဒါဆိုရင်စာရေးပါ။ စာရေးသူတိုင်း စာရေးဆရာဖြစ်နိုင်သူများဖြစ်သည်။

အတွေးသစ်

၅. ၅. ၂၀၀၃



www.burmeseclassic.com

www.burmeseclassic.com

# မြို့မုံရွာက
# သမန္တာစာပေဟောပြောပွဲ

ကျွန်တော်တို့ ယခုအသုတ်စာပေဟောပြောပွဲ သွားသောအဖွဲ့က အတွဲမညီချင်သလိုလိုနှင့် အတော်လေး အတွဲညီ၏။ မုံရွာဘက်သို့ သွားရမည်။ ဟောပြောရမည့်ပွဲက ဓမ္မစာပေဟောပြောပွဲဖြစ်သည်။ မုံရွာမြို့ပေါ်နှင့် သမန္တာဆိုသောရွာ၊ လယ်တီဆရာတော်ကြီး၏ရွှေချက်သိုရာ စိုင်ပြင်ကြီးရွာတို့တွင် ဟောရမည်ဆို၏။

စာပေဟောပြောပွဲက ဓမ္မစာပေ ဟောပြောပွဲ သွားရောက်ကြသောသူတို့က ဆရာကြီး ဓမ္မာစရိယ



www.burmeseclassic.com

www.burmeseclassic.com



ဦးဌေးလှိုင်၊ ဆရာမောင်သွေးသစ်နှင့် ကျွန်တော်တို့ဖြစ်သည်။ မောင်သွေးသစ်က သူ၏ပင်းဘောကဗျာ၊ ပိုင်ရှင်မဲ့ကျောက်စည်မားနှင့် သမီးလေးကြောင်ကဗျာတို့ကို ရွတ်လိုသည်။ ကျွန်တော်က ပညာအကြောင်း၊ စာအကြောင်း၊ လူငယ်အကြောင်း ပြောချင်သည်။ ဓမ္မအကြောင်းကိုတော့ ဆရာကြီးဦးဌေးလှိုင်ကို အားကိုးရမည်ဖြစ်သော်လည်းဆရာက ကိုချစ်စံတို့ ကိုသွေးသစ်တို့ ရှေ့ကနေ စိတ်တိုင်းကျဟောပါဟု ဆိုပါ၏။ ကဗျာဆရာရယ်၊ တက်ကျမ်းဆရာရယ်၊ ဓမ္မကထိကဆရာကြီးရယ် စင်ပေါ်တွင် အရှေ့အနောက် အံမှုဝင်ပါ့မလားဟု ကျွန်တော် စိတ်ပူမိသော်လည်း သမန္တာရွာတွင် ဟောကတည်းက ကျွန်တော်တို့အဖွဲ့ အလွန်အစေးကပ်လိုက်ဖက်ကာ အချိတ်အဆက် အပေးအယူ ညီကြောင်းသိရ၏။ စာပေဟောပြောပွဲတွင် ဆရာမောင်သွေးသစ်က စတင်ဟောကာ သူက ပရိတ်သတ်ကို စုတတ်၏။ ကျွန်တော်က အလယ်မှထွက်၍ ဆရာကြီးက နောက်ဆုံးမှ ထွက်ကာ အဆိုအဆုံးအမများနှင့် ပွဲသိမ်းအလွန်ကောင်း၏။

ကျွန်တော်တို့ ပထမဆုံးဟောသောနေရာကသမန္တာရွာကလေး ဖြစ်၏။ သမန္တာရွာသည် မုံရွာ၏အရှေ့မြောက်ယွန်းယွန်း ခြောက်မိုင်ခန့်အကွာတွင်ရှိ၏။ သမန္တာရွာသည် စာပေအစဉ်အလာ အလွန်ကြီး





မား၍ စာပေဟောပြောပွဲပြုလုပ်သောအကြိမ်ပေါင်း ၂၃ ကြိမ်ရှိပြီဟု ဆိုပါ၏။ မည်သို့သော အခြေအနေရှိစေကာမူ သမန္တာရွာသည် တစ်နှစ်တစ်ကြိမ်စာပေဟောပြောပွဲတော့ မဖြစ်ဖြစ်အောင် လုပ်ဆောင်ကြသည်ဟုဆိုသည်။

သမန္တာရွာတွင် ကျေးရွာစာကြည့်တိုက်လည်းရှိသည်။ လမ်းစဉ်လူငယ်ခေတ်ကပင် စတင်ဖွင့်လှစ်ခဲ့ပြီးယနေ့ထက်တိုင် စာအုပ်ငှားရမ်းခြင်း၊ စုပေါင်းစာဖတ်ခြင်း၊ စာပေရေးရာဆွေးနွေးခြင်းတို့ ပြုလုပ်၏။ ကျေးရွာအဆင့်ပင်ရှိသော်လည်း စာပေအဆင့်အတန်းမြင့်မား၍ စာပေကို ချစ်မြတ်နိုးသော သမန္တာရွာ စာကြည့်တိုက်သို့ ကျွန်တော်တို့ စာပေဟောပြောပွဲအဖွဲ့မှ ကျပ် ၅၀၀၀ နှင့် စာအုပ် ၂၀၀ ခန့် လှူဒါန်းခဲ့၏။

သမန္တာရွာသည် လှပသောအညာရွာလေးတစ်ရွာ ဖြစ်သည်။

ရွာအဝင်စိုက်ခင်းများက လှသည်။ ပဲခင်းပြောင်းခင်း၊ ဂျုံခင်း၊ ဆောင်းသီးနှံစုံ စိုက်ခင်းများကစိမ်းစိုနေသည်။ နေကြာများလည်းပွင့်နေသည်။ ထိုစိုက်ခင်းများကြောင့် ကျွန်တော်တို့အဖွဲ့ ရွာသို့မရောက်ခင်ကပင် ရွာထဲသို့ ဝင်ရမည်ကိုကြည်နူးနေမိကြ၏။ သမန္တာမှ အညာထည်၊ လက်သုတ်ပုဝါ၊ ပုဆိုး၊ တ[illegible]က်၊ စသော အရောင်စုံအသွေးစုံချည်ထည်ချည်ခြာများ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရှိသည်။ သမန္တာရွာသူကလေးများ၏ လက်ရာ အညာထည်များက မက်မောစရာကောင်း၏။

ထိုထက် နှစ်သက်စရာကောင်းသည်က ညနေစာထမင်းဝိုင်းဖြစ်၏။ အညာ ထမင်းဝိုင်းနှင့်မတွေ့ရသည်မှာလည်း ကြာ၊ ထမင်းကလည်း ဆာ၊ သမန္တာ၏ စေတနာနှင့် တည်ခင်းထားသော ထမင်းဝိုင်းကလေးက ထမင်းမြိန်လှသည်။ ထနောင်းရွက်သုတ်၊ မန်ကျည်းသီးထောင်း၊ တမာရွက် တို့စရာ ပဲကြီးနှပ်နှင့် နို့ခဲဟင်းတို့က လျှာပေါ်တင်လိုက်တိုင်း အရသာရှိသည်ချည်း ဖြစ်သည်။ ကြက်သားဆီပြန်၊ အညာဆိတ်သားနှင့်အရည်သောက်လေးလည်းပါ၏။ ကြက်သားဆီပြန်က လတ်လတ် ဆတ်ဆတ်ရှိ၍ မြို့ပေါ်က မွေးမြူရေးကြက်များနှင့်ကား ကွာလှ၏။ ရွာမှ ကြက်သား ငှက်သားများချိနေသည်။ ကြက်သားဆီပြန်ကြိုက်တတ်သော ကျွန်တော်က အသုတ်နှင့်မန်ကျည်းသီးထောင်းကို အနှိုက်ပြပြီး ကြက်သားပန်းကန်ကို ကျွန်တော့်ဘက် ဆွဲထားကာ ဘက်ထရီမီးရောင်အောက်တွင် ဆရာကြီး၏ ထမင်းပန်းကန်ထဲသို့ ဟင်းတစ်ဖတ် ဦးချလိုက်ပါ၏။ ဘက်ထရီမီးရောင်မှာ ခပ်မှိန်မှိန်ဖြစ်သော်လည်း ပထမဦးချလိုက်သောဟင်းဖတ် အရိုးဖြစ်သွားမှန်း ကျွန်တော် ချက်ချင်းသိလိုက်၏။ ထို့ကြောင့် ငါတော့ လူကြီးကို ဦးချတာမှားပြီ၊ ငရဲကြီးတော့မှာပဲဟုဆိုကာ ဒုတိယဟင်းတစ်တုံးကို ဟင်းပန်းကန်ထဲမှ အမြန်ခပ်ယူကာ ဦးချလိုက်ပြန်၏။ ဖြစ်ချင်တော့ ဒုတိယဟင်းတုံးကလည်း လည်ချောင်းရိုး ဖြစ်သွားပြန်၏။ ဒီနေရာတွင် “ဝါ”က စကားပြောလာသည်။ အသက်ကြီး၍ အတွေ့အကြုံလည်းရှိသောဆရာကြီး ကဝါနုက ဝါးရင့်ပတ်သည်ကို တာရှည်သည်းမခံဘဲ “ဟော့ ဟော့ မောင်ချစ်စံ ဦးချတယ် ဦးချတယ်ဆိုပြီး အရိုးချည်းပါပလားကွယ်”ဟု သတိပေးလိုက်ပါ၏။

ကျွန်တော်တို့ ထမင်းဝိုင်းလေး ပျော်စရာဖြစ်သွားပါ၏။

စာပေဟောပြောပွဲပြုလုပ်တော့လည်း ကျွန်တော်တို့အတွဲ အညီအညွတ် ရှိသည်။ စာပေဟောပြောပွဲ အတွေ့အကြုံရှိသော သမန္တာရွာစာပေဟောပြောပွဲပရိသတ်သည် ငြိမ်၍နားထောင်ကြသည်။ အမကကျောင်းအတွင်း၌ရော ကျောင်းအပြင်၌ပါ ဖွဲ့ကောင်းကောင်းနှင့်နားထောင်ကြ၏။ ဆောင်းသီးနှံရိတ်သိမ်းချိန်ဖြစ်၍ လုပ်ငန်းခွင်စောစောသိမ်းပြီး စာပေဟောပြောပွဲသို့လာခဲ့ကြခြင်းဖြစ်သည်ဟု ဆိုသည်။ သမန္တာ၏ စာပေဟောပြောပွဲ ညချမ်းသည်အတော် အေးသော်လည်း ပရိတ်သတ်က အေးမြမှုကို တောင့်ခံကာ နားထောင်၏။ ကျွန်တော်တို့ စာပေဟောပြောသူများပင် အချိုကြားမှ တိုးဝင်လာသော လေအေးကြောင့် စိမ့်နေ







www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အဆောက်အအုံအပြင်ဘက်မှ ပရိတ်သတ် အတွက် အတော်ကြီးအေးမြနေစရာအကြောင်းရှိပါ၏။

သမန္တာရွာတွင် ဆရာကြီးက ဗုဒ္ဓမြတ်စွာဘုရားသည် ပူဇော်ခြင်း၊ ဆည်းကပ်ကိုးကွယ်ခြင်းထက် တရားဓမ္မကို လက်တွေ့ လိုက်နာကျင့်ကြံအားထုတ်ဖြန့်ဖြူးဖို့ကို ပိုမိုလိုလားကြောင်းနှင့် အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာကွယ်ပျောက်ခဲ့ရပုံ၊ အရှေ့တောင်အာရှတွင် ဗုဒ္ဓဘာသာသာသနာထွန်းကားခဲ့ပုံ စသည်တို့ကို ဟောကြားဆွေးနွေးရာ နာရခဲ့သောတရားဖြစ်၍ ကျွန်တော်တို့ပင် လေးစားစွာနာယူခဲ့ရပါ၏။

မြန်မာကျေးလက်ရွာလေးတစ်ရွာ၌ ၂၃ ကြိမ်တိုင် စာပေဟောပြောပွဲပြုလုပ်နိုင်ခဲ့ခြင်းသည် လေးစားစရာ ဖြစ်ပါ၏။ မိမိရိတ်သိမ်းလက်စ ကောက်ပဲသီးနှံများကို ချကာ စာပေဟောပြောပွဲစင် ရှိရာသို့ ကြွရောက်လာကြသောလက်ဖဝါးတွင် မြေဇာမြေမှုန်တို့ဖြင့်ရှိနေသော ရွာသူရွာသားတို့၏စာပေ မြတ်နိုးမှုကိုလည်း လေးစားရပါ၏။

စာပေဟောပြောပွဲပြီးတော့ သမန္တာရွာမှ ကဗျာရွတ်ပြိုင်ပွဲ ပုံပြောပြိုင်ပွဲ ဆုရသူများ အတန်းလိုက်





ဘာသာစုံ ထူးချွန်ဆုရသူကျောင်းသူကျောင်းသားများအား ဆုချီးမြှင့်ပွဲ ကျင်းပ၏။ ထို့ပြင် ၂၃ ကြိမ်မြောက် စာဆိုတော်နေ့ အထိမ်းအမှတ် "နှင်းပွင့်နံ့ရုံကပ်စာစောင်"ကိုလည်း ဖွင့်လှစ်ကာ စာပေဟောပြောပွဲ ညချမ်းလက်ကမ်းစာစောင်ကိုလည်း ထုတ်ဝေခဲ့သော စာပေချစ်မြတ်နိုးသည့် မုံရွာမြို့မှ သမန္တာရွာလေးကို ကျွန်တော်တို့ ထာဝရသတိရလျက် ရှိနေပါသတည်း။

သတင်းစုံ

အတွဲ-၅၊ အမှတ်- ၁၉

၂၉. ၁. ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# လယ်တီဗိမာန်တော်အလှူ

ဆရာကြီးမဟာစရိယ ဦးဌေးလှိုင် ဦးဆောင်သော ကျွန်တော်နှင့် ဆရာမောင်သွေးသစ်ပါဝင်သော အဖွဲ့သည် လယ်တီဆရာတော်ဘုရားကြီး၏ မွေးရပ်ဇာတိဖြစ်သည့် စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာသို့ ရောက်ခဲ့သည်။ လယ်တီ ဆရာတော်ကြီးသည် မြန်မာသာသနာရေး၊ မြန်မာစာပေရေးတွင် အလွန်မှကျေးဇူးတရားကြီးမားလှသည်။ ကျွန်တော်တို့သည် လယ်တီဆရာတော်ကြီး၏ ရွှေချက်သိုရာစိုင်ပြင်ကြီးရွာသို့ရောက်လျှင်ပင် အလိုလိုနေရင်း ကြက်သီးမွေးညင်းများ ထရသည်။ စိုင်ပြင်ကြီးရွာတွင် ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



၏ ကျေးဇူးတရားကြောင့် မဟာပထဝီမြေကြီး အတွင်းမှ ရေသည် မြေအောက်တွင်မနေသာဘဲ မြေပေါ်သို့ စို့စို့ တက်ကာ ဆရာတော်ကြီးအား ပူဇော်သဖြင့် စိုင်ပြင်၌ မြေအောက်မှ ရေပန်းရေထွက်များ အလိုလို ပေါ်ပေါက် လျက်ရှိ၏။

ဆရာတော်ကြီးသည် ဒီပနီကျမ်းပေါင်း ၁၀၂ ကျမ်းကို ရေးသားတော်မူခဲ့သည်။ ဆရာတော်ကြီးသည် မိမိ အသက်ရှင်ထင်ရှားရှိစဉ်ကာလအတွင်း ပါဠိဘာ သာဖြင့် ရေးသားသော ရှေးကျမ်းကြီး ကျမ်းငယ်ဟူသမျှ အကုန်အစင်မှန်သည်ဟူသောအယူအဆနှင့် စာပေအ ရေးအသားတွင် ပါဠိ အကိုးအကားများနှင့် ပညာစွမ်း ပညာဂုဏ်ပြ၍ ရေးသားမှုတို့ကို တော်လှန်ခဲ့သည်။

ဆရာတော်ကြီးလုပ်ဆောင်ခဲ့သော လုပ်ငန်း တို့မှာ

(က) ပြည်တွင်းသာသနာပြုလုပ်ငန်း
(ခ) ပြည်ပသာသနာပြုလုပ်ငန်း
(ဂ) သေရည်သေရက်မသောက်သုံးရေး
(ဃ) နွားသား မစားရေး
(င) လက်တွေ့တောထွက်တရားအားထုတ်ကျင့်ကြံခြင်း
(စ) ခက်ခဲနက်နဲသော အဘိဓမ္မာဆိုင်ရာ ခဲရာခဲဆစ် များကို လူပိန်းနားလည်အောင် လွယ်ကူစွာ ရေးသား ခြင်း





(ဆ) မျိုးချစ်စိတ်ဓါတ် လှုံ့ဆော်ခြင်း

စသည့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ဆရာတော်ကြီးက မြန်မာလို ရှင်းရှင်းလင်း လင်း ရေးသားမှုနှင့် ပတ်သက်၍ "ငါတို့သဘောက ကျမ်းပြုဆရာလို့ ဂုဏ်မထင်ပေါ်ချင်နေပါစေ၊ ကျမ်းစာ ရှုကြတဲ့စာကြည့် ပရိသတ်တွေ ကွက်ကွက်ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ အသိ အလိမ္မာဉာဏ်ရှင် မှုကိုသာ ပဓာနထားရေးလိုသည်။ တို့က မြန်မာလူမျိုး များအတွက် ရေးသည်။ ပါဠိလူမျိုးများအတွက် ရေးသည် မဟုတ်"ဟု မြွက်ကြား၏။

ဆရာတော်ကြီးသည် အရေးရှင်းရုံသာမက ကဗျာဉာဏ်ထက်သန်မှုလည်းရှိ၏။

စိုင်ပြင် သေရည် သေရက် မေတ္တာစာတွင် ဆရာတော်ကြီးက

အရိုင်းတွင် အရက်
အခက်တွင် ပိဋကတ်
အမြတ်တွင် နိဗ္ဗာန်
အမြန်တွင် သိန္ဓော

ဟု ရေးခဲ့၏။ ဆရာတော်ကြီးက သေရည် သေရက် မေတ္တာစာတွင် သောက်ကြူးသူတို့၏ ရုပ်လက္ခဏာကို

လူရုပ် မပေါ်
လူစော် မနံ

www.burmeseclassic.com

www.burmeseclassic.com



လူဟာန် မရ
လူစတိတုံး
လူတိုင်း မုန်းစရာ

ဟု ရေးခဲ့သည်။ နွားသားမစားရေး မေတ္တာစာတွင် နွားများ အချင်းချင်း ပြောသည့်ဟန်ဖြင့် နွားတို့ကဆိုခွင့်ရှိသည်မှာ-

တမျိုးလုံးတဆွေလုံး
သူတို့တိုင်မဆုံး
တို့တတွေ ပခုံးမှာ
မီးဟုန်းဟုန်းထမတတ်
တို့လုံ့လ တို့စွမ်းအင်ဖြင့်
အပင်ပန်းခံ၍
ဆန်စပါး ပြောင်းနှမ်း
ဗူးခရမ်းပဲမျိုးစုံတို့ကို မြေပြင်လုံး
မောက်ဖြိုးအောင်
တို့ လုပ်ကျွေးခဲ့သော်လည်း
တို့အသား တို့အသည်း
တို့အဆီရွှဲရွှဲကို
အရသာခံ၍
လင်မယားတတွေမျိုးနိုင်ပေ့
သူတို့ကိုယ် မျိုရက်ပေ
သူတို့ခံတွင်း





တို့လုပ်သည့်ထမင်းကို
တို့ဟင်းလျာအသားနှင့်
စားကြသည် ဖြစ်ခနဲကို
တို့အသည်းနာလိုက်ကဲ့ -ဟု ရေးသားခဲ့သည်။

အင်္ဂလိပ်အစိုးရတက်လာသောအခါ အင်္ဂလိပ်တို့က သူတို့ကြိုက်နှစ်သက်စွာ စားသုံးသော အမဲသားတို့ အမဲသတ်ခွင့်လိုင်စင်ထုတ်ပေး၏။ အရက်ဆိုင်(ဘုံဆိုင်)များ ဖွင့်ခွင့်ပေး၏။ ထိုကို ကြီးကျယ်စွာ ဖွင့်လှစ်ပေးရာ အင်္ဂလိပ်တို့၏ ယင်းလုပ်ရပ်များကို ဆန့်ကျင်၍ လယ်တီဆရာတော်ကြီး အမဲသားမစားရေးမေတ္တာစာနှင့် ထိုမေတ္တာစာများကို ရေးသားခဲ့ခြင်း ဖြစ်ပါ၏။

လယ်တီဆရာတော်ကြီးသည် ရိုက်စ်ဒေးဗစ် (လန်ဒန် ပါဠိဒေဝီ)နှင့် ခရစ်ယာန်အသင်းအဖွဲ့များက မေးသော အမေးများကို ဖြေကြားခဲ့သည်။ ဆရာတော်ကြီး၏ ဒီပနီကျမ်း အများအပြားကို အင်္ဂလိပ်ဘာသာ ပြန်ဆို၍ အင်္ဂလန်၌ ဖြန့်ချိခဲ့သည်။

ဆရာတော်ကြီးသည် မိမိကိုယ်တိုင်တောထွက် တရားကျင့်ကာ တမ္ဗဋ္ဌာန်း ဝိပဿနာတရားကို ကျင့်ကြံ ဆောက်မှုခဲ့၍ ယနေ့ ကမ္ဘာတွင် တစ်ရှိန်ထိုးကြီးမားကျယ်ပြန့်လာသောဆရာကြီး ဂိုအင်ကာ၏ ကျင့်စဉ်အား ထုတ်မှုတို့သည် လယ်တီဆရာတော်ကြီး၏ နည်းလမ်းတို့ပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ ကြီးကျယ်မြင့်မြတ်၍ သာသနာ့အာဇာနည် အစစ်ကြီးဖြစ်တော်မူသော သမုဒ်လေးသွယ်။ ရေပင်လယ်မျှ ကြီးကျယ်ပျံ့ပျူး မြင့်ခေါင်ကျူးသည့် ကျေးဇူးတော်ဂုဏ်၊ အဖုံဖုံနှင့် ပြည့်စုံတော်မူသော၊ များစွာ သိန်းသောင်းရဟန်းအပေါင်းတို့၏ ထိပ်ဆောင် ဥကင်၊ ဘုရင်စောထီး မြင်းမိုရ်တောင်ကြီးဖြစ်တော်မူသော လယ်တီဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ်ဗိမာန်တော်ကို ဆရာတော်ကြီး၏ မွေးရပ်မြေ၊ ရွှေချက်သိုနေရာတွင် လွန်ခဲ့သော အနှစ် ၈၀ ခန့်မှ စတင်တည်ဆောက်ခဲ့ရာ ယခုထက်တိုင် မပြီးပြတ်သေးဘဲရှိသည်ကို တွေ့ခဲ့ရပါ၏။ ဆရာတော်ကြီး၏ ရွှေချက်သိုဗိမာန်ကို ယခုအခါ တိုင်းအဆင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် ဒီပဲယင်းသူ ဒီပဲယင်းသား၊ စိုင်ပြင်သူ စိုင်ပြင်သားတို့ ဝိုင်းဝန်းတည်ဆောက်နေကြသော်လည်း ထိုအရေးသည် စိုင်ပြင်သားတို့၏ အရေးသက်သက်သာမက လယ်တီဗိမာန်တည်ဆောက်ရေးသည် မြန်မာပြည်တစ်ရပ်လုံး၏အရေး၊ ဗုဒ္ဓဘာသာဝင်တိုင်း၏အရေး၊ စာပေမြတ်နိုးသူတိုင်း၏အရေး ဖြစ်ပါ၏။

အိန္ဒိယနိုင်ငံမှ ဆွာမိဝိဝေကာနန္ဒသည် သူ၏ဆရာ ကရစ်နား၏အထိမ်းအမှတ် အဖြစ် ကမ္ဘာ့အရပ်အရပ်တွင် ဆေးရုံနှင့် စာကြည့်တိုက်များ တည်ဆောက်ခဲ့ရာ ရန်ကုန်တွင်လည်း ရှိ၏။ ဆွာမိဝိဝေကာနန္ဒသည် သူ့ဆရာအတွက် ကမ္ဘာနှင့်ချီ၍ လုပ်ရသဖြင့် အလွန်ကြီးကျယ်သော်လည်း အောင်မြင်စွာပြုလုပ်ခဲ့၏။ လယ်တီဆရာတော်ကြီး၏ ဗိမာန်တော်အရေးမှာ မိမိပြည်တွင်း၌သာ ဖြစ်၍ အလွယ်ပြီးမြောက်နိုင်သော အရေးဖြစ်ပါ၏။

လယ်တီဆရာတော်ကြီး၏စာပေကို ဖတ်၍ အလင်းမမွှရရှိသူတစ်ဦးစီက ငွေတစ်ရာစီထည့်၍ ဗိမာန်တော်တည်ဆောက်လျှင်ပင် ပြီးမြောက်နိုင်၏။ သို့သော် ယနေ့ထက်တိုင်ကား လယ်တီဗိမာန်တော်သည် တည်ဆောက်နေရဆဲ ဖြစ်ပါ၏။

မည်သူမဆို "သုံးလူ့ရှင်ပင် ကျွန့်ထိပ်တင်" ကို ရွတ်ဆိုဖူးသူတိုင်းက လယ်တီဗိမာန်တည်ဆောက်ရေးအဖွဲ့ စိုင်ပြင်ရွာ၊ ဒီပဲယင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဟု လိပ်မူ၍ ငွေကျပ်တစ်ရာစီ ပေးပို့လှူဒါန်းပါက ထိုသို့ ပေးပို့လှူဒါန်းသော အလှူသည် ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေသော အလှူဖြစ်ချိမ့်မည်တည်း။

သတင်းစုံ

၅. ၂. ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# ထာဝရရှင်သန်ခြင်း

လူတစ်ယောက်ကို တစ်ကြိမ်သာမွေးဖွားစမြဲဖြစ်သလို ကလောင်တစ်ချောင်း၊ စာပေဘဝ တစ်ခုကိုလည်း တစ်ကြိမ်သာမွေးဖွားရစမြဲဖြစ်သည်။ သို့သော် ဤစာရေးဆရာကိုတော့ နှစ်ကြိမ်မွေးဖွားခဲ့သည်ဟု ဆိုကြ၏။ နှစ်ကြိမ် မွေးဖွားခဲ့သူ စာရေးဆရာသည်ကား အခြားသူမဟုတ် ဆရာမောင်သိန်းဆိုင်ဖြစ်၏။

ဆရာမောင်သိန်းဆိုင်နှင့် ကျွန်တော်တို့က ပဲခူးသားတွေဖြစ်၏။ သို့သော် ကျွန်တော်တို့သည် ပဲခူးမြို့ပေါ်မှ မဟုတ်ဘဲ ပဲခူးနယ်ထဲတွင် မွေးဖွားကြပြီး ပဲခူးမြို့ပေါ်၌ စာပေသင် ကြားခဲ့ကြသူများဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော အနှစ် ၃၀ ကျော် ကာလ ကျွန်တော်စာပေလောကထဲဝင်တော့ ဆရာမောင်သိန်းဆိုင်က စာရေးဆရာရင့်မကြီးတစ်ယောက် ဖြစ်နေပြီ။ ထိုစဉ်ကပင် ရေနံ့သာခင်ခင်ကြီးကဲ့သို့သော ဂန္ထဝင်စာအုပ်ကြီးများကို ရေးနေပြီဖြစ်၏။ သို့သော်လည်း ဆရာမောင်သိန်းဆိုင်သည် လွန်ခဲ့သော ၁၄ နှစ်ခန့်မှ စ၍ ရုပ်ရှင်ဇာတ်လမ်းဇာတ်ညွှန်းဘက်သို့ ကူးပြောင်းသွားကာ စာပေနှင့်ကင်းကွာစွာနေခဲ့၏။ သူဝါသနာပါသည့် ရုပ်ရှင်ထုတ်လုပ်မှုတွင် ဇာတ်မြုပ်၍နေ၏။ ဤသည်ကို အချို့ကလည်း ဒေါင်းယောင်ဆောင်သော ကျီးတစ်ကောင်အလားဆိုကြသည်။ ပုံပြင်ထဲမှ ကျီးကတော့ မိမိအမျိုးကျီးများကလည်းလက်မခံ၊ ဒေါင်းတို့ကလည်း ထိုးဆိတ်လွှတ်လိုက်၍ ဒုက္ခရောက်ရ၏။ သည်လို ဥပမာထားကာ မောင်သိန်းဆိုင်ဆိုသောကလောင်ကို ဒေါင်းယောင်ဆောင်သွားပြီဟုဆိုခြင်းဖြစ်၏။ ဆရာမောင်သိန်းဆိုင်သည် ပုံပြင်ထဲက ကျီးလိုကားမဟုတ်။ သူသည် ဒေါင်းယောင်ဆောင်တော့လည်း ဒေါင်းတကယ်ဖြစ်သွားသည်။

ဆရာမောင်ဟေမာ၏ ရင်းငြိမ်ရွာအလှူသို့ သူနှင့်ကျွန်တော်သွားတော့ သူက လမ်းတစ်လျှောက်လုံး ရုပ်ရှင်အကြောင်းပြော၏။ သူပြောသော ရုပ်ရှင်အကြောင်းကို ဒါရိုက်တာ ကြည်စိုးထွန်းကဲ့သို့ ဝါရင့်





ဒါရိုက်တာကြီးက ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။ ရင်းငြိမ်ခရီးစဉ်တွင် ဆရာမောင်သိန်းဆိုင်၏ ရုပ်ရှင်အကြောင်းပြောသောစကားဝိုင်းက မိုးလင်း၏။ ကျွန်တော်တို့လည်း ရုပ်ရှင်ကားတစ်ကား၏ ဇာတ်လမ်းဇာတ်ကွက်ဆိုင်ရာအယူအဆများကို နားထောင်ခွင့်ရသည်။ သည်တော့မှ-

"ဟာ မောင်သိန်းဆိုင် ဒေါင်းယောင်ဆောင်တာမဟုတ်။ တကယ်ဒေါင်း ဖြစ်သွားတာပါလား"ဟု ဆိုရ၏။

ညဦးပိုင်းစာပေဟောပြောပွဲတွင် ဒါရိုက်တာဆရာကြည်စိုးထွန်းက ရုပ်ရှင်အကြောင်းမပြောဘဲ စာအကြောင်း ပေအကြောင်းကို ပြောသွား၏။ ဆရာကြည်စိုးထွန်းလည်း ထိုနေ့ညကတော့ ကျီးဖြစ်ခဲ့သည်ဟု ဆိုနိုင်၏။ ဆရာကြည်စိုးထွန်း၊ ဆရာမောင်သိန်းဆိုင်စသောပုဂ္ဂိုလ်များသည် အပြောကောင်းသူများဖြစ်၏။

ဆရာမောင်သိန်းဆိုင် ရုပ်ရှင်ဘက်သို့ ၁၄ နှစ်လုံးလုံးရောက်သွားတော့ မောင်သိန်းဆိုင်တစ်ယောက် စာပေလောကထဲသို့ ပြန်မလာပြီ။ ဘယ်တော့မှ ပြန်မလာတော့ပြီဟု ဆို၏။ တစ်ခါတွင် မောင်သိန်းဆိုင်က စားသောက်ဆိုင်တစ်ခု၌ လူတစ်ဦးကို သွားရှာရာ စာရေးဆရာအချို့၊ ပန်းချီ ဆရာအချို့နှင့်တွေ့ရာ သူ့ကို စာပေလောကသားမဟုတ်တော့ဟုဆိုကာ သူတို့စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ဝင်ပါဦး ထိုင်ပါဦး ဟုတောင် ဟန်လုပ်၍ မဖိတ်သောကြောင့် ထိုနေရာမှ ပြန်ထွက်ခဲ့ရသည်ဟု ဝမ်းနည်းစကားဆို၏။

ထို့ကြောင့်လည်း မောင်သိန်းဆိုင်က ငါစာပေလောကတွင်ပြန်လည် မွေးဖွားစေရမည်ဆိုကာ မရမ်းချောင်း အနာကြီးရောဂါသည်များနှင့် တွေ့ဆုံပွဲတွင် မိမိသည် စာရေးဆရာသာ ဖြစ်ကြောင်းကြေငြာခဲ့၏။ မောင်သိန်းဆိုင်သည် စာပေဟောပြောပွဲများသို့လည်းလိုက်သည်။ စာပေဟောပြောပွဲများတွင် အသက် ၆၀ ဝန်းကျင်သို့ရောက်လာသော ဆရာမောင်သိန်းဆိုင်က ဘဝမှာ မိတ်,ဖက်များဖြစ်အောင်နေကြဖို့၊ ဝင့်,ဘက်များ ဖြစ်အောင်မနေကြဖို့ အကျယ်တဝင့်ဟောပြော၏။

တလောက ပြန်းဆို အမှတ်- ၆၆၊ သရက်တော-၄ လမ်း၊ ကြည့်မြင်တိုင်၊ ပြုံးစာပေမှ မောင်သိန်းဆိုင်၏ နာမည်ကြီးလက်ရာဖြစ်သော ရေနံ့သာခင်ခင်ကြီးစာအုပ် ထုတ်ဝေလိုက်၏။ ၁၄ နှစ်တိုင်တိုင် စာပေနှင့် ကင်းကွာနေသော ကလောင်တစ်ချောင်း၏ ရောမစာအုပ်အထူကြီးကို ထုတ်ဝေမည်ဆိုတော့ ပြုံးစာပေတော့ ကွဲပြီဟု အချို့ကထင်ကြ၏။ ရေနံ့သာခင်ခင်ကြီးကို ၁၉၆၉ ခုနှစ် လောက်က သုံးအုပ်ခွဲ၍ ထုတ်ခဲ့သောစာအုပ်ဖြစ်၏။ ထိုစာအုပ် ပ၊ ဒု၊ တ သုံးတွဲကို ၁၉၇၃ ခုနှစ်တွင် သုံးတွဲပေါင်း ဒုတိယအကြိမ် ထုတ်ဝေ၏။





ရေနံ့သာခင်ခင်ကြီး သည် စာမျက်နှာ ၁၆၀၀ ခန့်ရှိ၍ ဖောင် ၁၀၀ ကျော် ရှိသည်။ ရေနံ့သာခင်ခင်ကြီးသည် မောင်သိန်းဆိုင်၏ ပင်ကိုယ်ရေးဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ရေနံမြေကို အခြေခံ၍ ဇာတ်အိမ်ဖွဲ့ကာ မိသားစုကြီးနှစ်စု၏အတ္တ၊ မာနနှင့် အာဃာတတရားများကို အခြေခံ၍ ချစ်သူနှစ်ဦး၏ ကံကြမ္မာကို ဖွဲ့ဆိုထားသောဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဇာတ်ဆောင်စရိုက်များအားကောင်း၍ ဇာတ်အိမ်ကြီးမားသောဝတ္ထုတစ်ပုဒ်ဖြစ်၏။ ဝတ္ထု၏အစမှာ အသက် ၄၅ နှစ်ပြည့်မြောက်သော မွေးနေ့တွင် ရေနံ့သာခင်ခင်ကြီးသည် မှောင်မည်းကျဉ်းကျပ်သောအကျဉ်းထောင်ငယ်တစ်ခုထဲသို့ ရောက်ရှိနေ၏။ မြင်ပတွင် လမင်းကြီးထိန်ထိန်သာနေ၏။ သံတိုင်များဝန်းရံထားသောသူ အကျဉ်းကျနေရာ အချုပ်ခန်းလေးသည် ဆယ်ပေပတ်လည်မျှပင် ရှိပါလေစ။

ရေနံ့သာခင်ခင်ကြီးသည် မြန်မာ့ဂန္ထဝင် ဝတ္ထုကြီးတစ်ပုဒ်ဖြစ်သည်တော့ မှန်သည်။ သို့သော် ယခုလို စာအုပ်ထုတ်လုပ်မှုစရိတ် မြင့်မားချိန်တွင် စာအုပ်တစ်အုပ်ကို နှစ်ထောင်ကျပ်ဖြင့် ရောင်းလို့ကုန်မှ ကုန်ပါ့မလား။ ပြုံးစာပေ တွက်ခြေမှ ကိုက်ပါ့မလား။ စာရေးဆရာကလည်း ၁၄ နှစ်လုံးလုံး စာပေလောကနှင့် ကင်းကွာနေ၍ ရောင်းလို့ရော စွံပါ့မလားဟု ပူပင်ခဲ့ကြ၏။ ပူပင်မည်ဆိုက ပူပင်စရာကြီးဖြစ်သည်။ သို့သော် ပြုံးစာ



www.burmeseclassic.com

www.burmeseclassic.com



ပေ ကံကောင်းခဲ့သည်။ ရေနံ့သာခင်ခင်ကြီးသည် ထွက်လျှင် ထွက်ချင်း ပြိုက်ကနဲဖြစ်သွားခဲ့၏။ အုပ် ၃၀ မှာပြီးသောဆိုင်က နောက်ထပ် အုပ် ၃၀ ထပ်မှာသည်။ ပြုံးစာပေ မျက်နှာပန်းလှသွားသည်။ ဆရာမောင်သိန်းဆိုင်သည် တူရွင်းတောင်ခြေတွင် ခေါင်းပေါင်းကျားနှင့် မြင်းကျားကိုစီးကာ ငါ မအိုသေးကြောင်းပြသခဲ့သည်။

ရေနံ့သာခင်ခင်ကြီး စာအုပ်၏ကျောဖုံးတွင် မောင်သိန်းဆိုင်က -

**ဘဝပေါင်းများစွာသည်**
**အချစ်ကြောင့်ရှင်သန်လျက်ရှိကြ၏။**
**အချစ်မရှိသောဘဝသည်**
**အသက်ဝိဉာဉ်မဲ့သောဘဝပင် ဖြစ်၏။**
**အချစ်ကင်းမဲ့ခြင်းသည်**
**အသည်းနှလုံးသေဆုံးခြင်းပင် ဖြစ်၏။**
**အိုအချစ်**
**သင်ကား ကြီးကျယ်လှပေစွ**
**ငါကား သေးငယ်လှချေသည် တကား . .**

ဟူသော ကြွေးကြော်ချက်လည်း ပါရှိ၏။

မည်သို့ပင်ဆိုစေ၊ ရေနံ့သာခင်ခင်ကြီးသည် မောင်သိန်းဆိုင်ကို ပြန်လည် မွေးဖွားပေးခဲ့သည်။ မောင်သိန်းဆိုင် မအိုသေးပေ၊ ခုတော့ မောင်သိန်းဆိုင်





၏လက်ရာ ဂန္ထဝင်စာပေတို့သည် ပုံနှိပ်စက်ရှေ့တွင် တန်းစီ၍ နေပြီဖြစ်၏။

**အို . . မောင်သိန်းဆိုင်**
**သင်ကား ကြီးကျယ်လှဘိ**

**သို့**

**သင့်စာပေများသည်လည်း ကြီးကျယ်လှဘိ၏၊**

သင်သည် ဒုတိယအကြိမ် ပြန်လည် မွေးဖွားခြင်း မဟုတ်၊ ထာဝရ ရှင်သန်နေခြင်းသာတည်း။

သတင်းစုံ
၁၉. ၃. ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

## စာမူခ(၁)

စာပေရေးသားခြင်းဖြင့် ရရှိသော အဖိုးအခကို စာမူခဟုခေါ်၏။ ပန်းချီရေးသားသဖြင့် ရရှိသောအဖိုးအခကို ပန်းချီခဟုခေါ်၏။

စာမူခကို ဉာဏ်ပူဇော်ခဟုလည်းခေါ်သည်။ စာပေကို အသိဉာဏ်ပညာနှင့် ယှဉ်၍ရသောကြောင့် စာရေးသူ၏အသိဉာဏ်ကိုဂုဏ်ပြုကာ ဉာဏ်ပူဇော်ခဟု ခေါ်ခြင်းဖြစ်၏။ ထိုအသုံးအနှုန်းတွင် ဉာဏ်အဖိုးအခ ပေးသည်ဟု မသုံး၊ ပူဇော်သည်ဟု အသုံးပြုပါသည်။

ပူဇော်သည်ဆိုသော အသုံးအနှုန်းမှာ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး၊ ဆရာသမား၊ မိဘ၊ မိမိ



www.burmeseclassic.com

www.burmeseclassic.com



ထက်ဝါကြီးသူ၊ အသက်ကြီးသူတို့အား ပူဇော်ကြပါ၏။ ဉာဏ်ပူဇော်ခဆိုသော အဓိပ္ပါယ်တွင် စာပေကို ဖန်တီးသူသည် ဉာဏ်အလင်းရောင်ကို ပေးသော ဆရာတစ်ဆူသာလျှင် ဖြစ်သောကြောင့် ဆရာသမားအဖြစ် သဘောထားကာ ပူဇော်ခြင်းဟု အဓိပ္ပါယ်ရပါသည်။

အသိဉာဏ်ကို ပူဇော်သည်ဟု သဘောထားသည်ဖြစ်စေ၊ မထားသည်ဖြစ်စေ၊ စာရေးဆရာတွင် စာမူခရရှိဖို့ အခွင့်အလမ်းရှိသည်။ ဒီကိစ္စသည် ဈေးထဲ၌ပစ္စည်းပစ္စယများကို ဝယ်ယူသောအခါ ပိုက်ဆံမပေးဘဲ နေလို့မရသလို စာပေဆိုသော ဥစ္စာသည်လည်း အဖိုးအခပေးမှ ရရှိသော အရာဖြစ်သည်။

စာရေးဆရာဆိုသည် စာပေရေးသားခြင်း အတတ်ပညာကို တတ်ကျွမ်း၍ စာရေးခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်၍ စာရေးခြင်းကိစ္စကို အသက်မွေးဝမ်းကျောင်းအနေနှင့်မဟုတ်ဘဲ အခြားအကြောင်းတွေကြောင့်လည်း စာရေးနိုင်သည်။ သို့သော် စာရေးဆရာဆိုသူကမူ မိမိ၏အသက်မွေးမှု အတွက်ပါ စာရေးသောသူဖြစ်၏။

စာရေးဆရာတစ်ဦးထံမှ စာမူကို ထုတ်ဝေသူကဖြစ်စေ၊ တစ်စုံတစ်ယောက်ကဖြစ်စေ အသုံးပြုပြီဟု ဆိုပါက အသုံးပြုသူတွင် မလွဲမသွေတာဝန်နှစ်ရပ်ရှိ၏။ ယင်းတို့မှာ-





၁။ မလွဲမသွေ စာမူခပေးရမည်။

၂။ မလွဲမသွေ ထိုစာမူကို ဖော်ပြသည့် မဂ္ဂဇင်း၊ စာအုပ်၊ ဂျာနယ်၊ သတင်းစာကို အခြားသို့မဖြန့်ချိမီ စာရေးသူထံ အရင်ဆုံး ပထမဆုံးပေးပို့ရမည်။ ဤကိစ္စသည် ရှောင်လွှဲ၍ မရသောတာဝန်ဖြစ်သည်။

ထိုတာဝန်ကို ကျွန်တော်တို့၏ထုတ်ဝေသူများ မည်မျှတာဝန်ကျေကြပါသနည်း။ တစ်နှစ်တစ်ကြိမ် အဖွဲ့အစည်းတစ်ခုမှ မဂ္ဂဇင်းတစ်စောင် ထွက်ရှိပါ၏။ ထိုမဂ္ဂဇင်းအဖွဲ့အစည်းတစ်ခုမှ မဂ္ဂဇင်းစာအုပ်တွင် ကျွန်တော်လည်း သုံးလေးနှစ်ဆက်တိုက်ရေးပါ၏။ ဟိုးအရင်ဆယ်နှစ်၊ ဆယ့်ငါးနှစ်ကလည်းရေးဖူးသည်။ ထိုသူတို့က စာအုပ်ထုတ်ခါနီးသောအခါ ဆောင်းပါးတစ်ပုဒ်ပေးဖို့မနိုင်ရင်ကာ ပုဂ္ဂိုလ်များမှတဆင့် စာမူကို အတင်းတောင်းပြီးယူသွားကြသည်။ စာမူယူသွားပြီးသည်မှစ၍ စာအုပ်ထွက်လာသလား၊ မထွက်သလား မသိတော့၊ နောက်တစ်နှစ် နောက်တစ်ကြိမ်ထုတ်ဝေခါနီးမှ ဒရောသောပါးဖြင့် စာမူလာတောင်းကြပြန်ပါ၏။ ကျွန်တော်တို့ကလည်း အမှတ်သညာမရှိ ရေးပေးလိုက်ပြန်ပါ၏။ တစ်နှစ်လုံး စာမူခလည်းမရ။ မိမိစာမူကို ပုံနှိပ်ဖော်ပြသော စာအုပ်လည်းမရရှိပါ။

ယခုလည်း ထိုစာစောင်မှ စာမူလာ၍တောင်း နေပြန်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဘာလုပ်ရပါမည်နည်း။

ပထမဆုံး စာမူခကိစ္စကို တင်ပြလိုပါ၏။

ကျွန်တော်တို့ ဟင်းရွက်၊ ကန်စွန်းရွက်သွား ဝယ်လျှင်ရော ဈေးသည်ထံက ဒီလိုပဲ တစ်စည်းပေးနှစ်စည်းပေးဆိုပြီး ဆွဲယူလို့ရပါသလား၊ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်သို့ သွားလျှင်ရော ဒီအတိုင်း လက်ဖက်ရည်တစ်ခွက် ငွေကျပ်(၁၀၀)ဆိုလျှင်(၁၀၀)ကျပ် ပေး၍ သောက်ရသည်ချည်းမဟုတ်ပါလော။ ဟင်းရွက်ကန်စွန်းကျတော့ တစ်စည်းကို (၂၅) ကျပ်ဆိုလျှင် (၂၅) ကျပ်ပေးဝယ်သော အကျင့်ရှိပါလျက် စာမူခကျတော့ ဘာပြုလို့ ပေးရန်တွန့်တိုနေရပါသနည်း။

စာမူသည် အရင်းအနှီးမဲ့ ဦးနှောက်ထဲမှ အလဟဿယိုစီးထွက်ပေါ်လာခြင်းမဟုတ်ပါ။ စာရေးရာတွင် ဦးနှောက်ပိုင်းဆိုင်ရာ အရင်းအနှီးလိုအပ်သလို ဖောင်တိန်၊ ဘောလ်ပင်၊ စာရွက်၊ စာရေးရန် နေရာထိုင်ခင်း၊ ကိုးကားရန် စာအုပ်စာတမ်းမှတ်စု၊ စာကြည့်တိုက် အသုံးအဖြတ်ပေးရမှု၊ ချင့်ချိန် နှိုင်းဆရမှု၊ တွေးခေါ် မြော်မြင်ရမှုစသည်တို့အပြင်၊ လက်နှိပ်စက်ခ၊ ကွန်ပျူတာစာစီခ စသော လတ်တလောစာရေးသူက စိုက်လိုက်ရသည့် ပစ္စည်းများရှိပါ၏။

စာမျက်နှာ(၅)မျက်နှာပါသော စာမူတစ်ပုဒ်အတွက် ကုန်ကျငွေကို တွက်ကြည့်ကြပါစို့.





### လက်နှိပ်စက်စာမူ (၂၀၀၃ ခု ဧပြီလ)

| | |
|---|---|
| ၁။ စက္ကူ -၅ ရွက် (A4) | ၅၀ ကျပ် |
| ၂။ ဘောလ်ပင်စရိတ် | ၂၀ ကျပ် |
| ၃။ လက်နှိပ်စက်ခ | ၃၅၀ ကျပ် |
| ၄။ စာမူပို့ခိုင်းသည့်စရိတ် | ၅၀ ကျပ် |
| | ၄၇၀ ကျပ် |

### ကွန်ပျူတာစာမူ(၂၀၀၃ ခု ဧပြီလ)

| | |
|---|---|
| ၁။ စက္ကူ -၅ ရွက် (A4) | ၅၀ ကျပ် |
| ၂။ ဘောလ်ပင်စရိတ် | ၂၀ ကျပ် |
| ၃။ ကွန်ပျူတာစာစီခ | ၇၅၀ ကျပ် |
| ၄။ စာမူပြင်ခ | ၅၀ ကျပ် |
| ၅။ စာမူပို့စရိတ် | ၅၀ ကျပ် |
| | ၉၂၀ ကျပ် |

အထက်ပါကုန်ကျစရိတ်သည် စာရေးသူတို့ လွှဲမရှောင်သာ လတ်တလော ကုန်ကျစရိတ်ဖြစ်ပါ၏။ ကျွန်တော်တို့က မိမိလက်ရေး ဝစ္စပေါက်ကျန် သတ်ပုံ မမှန်၊ စာကျစာနကများသောကြောင့် လက်နှိပ်စက် (သို့မဟုတ်) ကွန်ပျူတာစာစီပြီးမှ ပို့ရပါ၏။ လက်နှိပ်စက်နှင့် ကွန်ပျူတာကို မသုံးဘဲ လက်ရေးနှင့်ပို့ပါက



www.burmeseclassic.com

www.burmeseclassic.com



## လက်ရေးစာမူ (၂၀၀၃ ခု ဧပြီလ)

| | |
|---|---|
| ၁။ စက္ကူ ၅ ရွက် (A4) | ၅၀ ကျပ် |
| ၂။ ဘောလ်ပင်စရိတ် | ၂၀ ကျပ် |
| ၃။ စာပြင်ဆရာ | ၁၀၀ ကျပ် |
| ၄။ စာမူပို့ခိုင်းသည့်စရိတ် | ၅၀ ကျပ် |
| ၅။ စာရေးဆရာစာကိုပြန်ကူးသည့်အချိန် | |
| | ၂၂၀ ကျပ် |

စာရေးဆရာလက်နှင့် ဆောင်းပါးတစ်ပုဒ်အား ပြန်ကူးရေးပေးလိုက်သောအချိန်ကို ဘာနှင့်တန်ဖိုးဖြတ်ပါမည်နည်း။

ယခုအခါ ဆောင်းပါးတစ်ပုဒ်စာမူခနှုန်းထားသည် (၁၀၀၀) ကျပ်မျှသာရှိ၏။ စာရင့်၊ ဝါရင့်ကလောင်ရှင်များဆိုပါက (၂၀၀၀) ကျပ်မှ (၂၅၀၀) ကျပ်အထိသာပေးကြ၏။ စာမူတစ်ပုဒ်သည် စာရေးသည့်ကုန်ကျစရိတ်သာမက ဖော်ပြပါအတိုင်း ကိုးကားရန် စာအုပ်စာတမ်းလိုအပ်သည်။ ထိုအခါ စာကြည့်တိုက်သို့ သွားရသည်။ စာအုပ်ငှားရသည်။ ကျွန်တော့်တွင် ကိုယ်ပိုင်စာကြည့်တိုက်ရှိသည်။ စာရေးသားသောသူတိုင်းသည် မိမိကိုးကားရန် စာအုပ် (၁၅၀၀)မှ (၃၀၀၀) အထိတော့ မိမိတို့နှင့် ထားကြသည်သည်ချည်းဖြစ်၏။ ကျွန်တော် ကိုးကားသောစာအုပ်များကို အဟောင်းဈေးတွင်ချ



ရောင်းပါက သိန်း(၂၀)လောက်ရနိုင်ပါ၏။ ထိုသိန်း (၂၀) ကို အစိုးရဘဏ်တွင် အတိုးပေးလျှင်ပင် တစ်လ (၂၀၀၀) ကျပ်လောက်တော့ ရ၏။ ထိုတစ်လနှစ်ထောင်ကျပ်သည် ကိုးကားစရိတ်အရင်းအနှီးဖြစ်၏။

ယခုလတွင် ကျွန်တော်ဆောင်းပါးတစ်ပုဒ်သာ ရေးသားနိုင်ပါက

| | |
|---|---|
| - ကိုးကားမှုအရင်းအနှီးက | ၂၀၀၀ ကျပ် |
| - လက်ရေးနှင့် စာကူးခ | ၂၂၀ ကျပ် |
| | ၂၂၂၀ ကျပ် |
| စာမူခ ရတာက | ၂၀၀၀ ကျပ် |
| အရှုံး | ၂၂၀ ကျပ် |

ကျွန်တော်သည် စာမူတစ်ပုဒ်ရေးတိုင်း အရှုံး (၂၀၀)ကျပ်ဖိုးရှိ၏။ တစ်ပုဒ်မှမရေးနိုင်သောနေ့တွင် (၂၀၀၀) ကျပ်ရှုံးရ၏။

စာရေးဆရာ တစ်ဦးအတွက် အရင်းအနှီးက ဒါပဲလား၊ မဟုတ်ပါ စာရေးဆရာသည် သူ့ဘဝတစ်ခုလုံးရင်းထားရပါသေး၏။ စာရေးဆရာ နာမည်တစ်လုံး၊ ကလောင်တစ်ချောင်းမရမီ၊ ထမင်းအငတ်ခံ ဝင်ငွေတပြားမှမရှိဘဲ စာရေးခြင်းအလုပ်ကို တွယ်တာစွာမှီဝဲရသော ရင်းနှီးမှုကလည်း ရှိပါသေး၏။ စာရေးဆရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ရန် လေ့ကျင့်ရပါ၏။ စာရေးဆရာဖြစ်ရန် စာရေးရပါသည်။ ကိုယ်တိုင်တတ်ကျွမ်းအောင် ဘာသာရပ်များစွာကို လေ့လာရသည်။ စာရေးဆရာဟူသည် မိမိကျွမ်းကျင်သောဘာသာရပ်ကိုမှ ရေးရသည်။ ဘာသာရပ်တစ်ခု ကျွမ်းကျင်စေရန် ငွေကြေးနှင့် အချိန်ကို ရင်းနှီးရပါ၏။

စာရေးဆရာတစ်ဦးသည် စာရေးရာတွင် လိုက်နာရမည့်စည်းကမ်းများရှိသည်။ ထိုစည်းကမ်းများကို မလွဲမသွေလိုက်နာကြရ၏။ **စာရေးဆရာများ သတင်းစာဆရာများသည် မိမိမယုံကြည်တာမရေးရ မိမိမကျွမ်းကျင်တာ မရေးရ မိမိမသိတာကို မရေးရ မိမိရေးသောစာ ဦးဦးဖျားဖျားဖြစ်ဖို့ . .**

**ရှုထောင့်အသစ်က တင်ပြနိုင်ဖို့ . . .**

**အရေးအသားဆန်းသစ်ဖို့**

စသည်များကို လိုက်နာကြရသည်။ ထိုသို့ဆိုပါက ကျွမ်းကျင်မှုရှိအောင်၊ အသိရှိအောင်၊ ဦးဦးဖျားဖျားဖြစ်အောင်၊ ရှုထောင့်အသစ်ကတင်ပြနိုင်အောင်၊ အရေးအသားဆန်းသစ်အောင် မရင်းနှီးပဲ မရနိုင်ပါ။ ထိုကိစ္စများအတွက် စာရေးဆရာသည် ရင်းနှီးရသည်။ စာရေးဆရာသည် အကြောင်းအရာအသစ်ရဖို့ စာအုပ်များကို ဝယ်ဖတ်ရသည်။ ခရီးထွက်ရသည်။ အများပြောကြား





သည့် စကားများကို နားထောင်ရသည်။ ရေဒီယိုနားထောင်ရသည်။ တီဗီကြည့်ရသည်။ ဗြိုလ်တုစလောင်းကြည့်ရသည်။ ထိုကိစ္စရပ်များအားလုံးအတွက် စာရေးဆရာက ကြိုတင်၍ ရင်းနှီးမြှုပ်နှံထားရပါ၏။ စာမူက ဘယ်ဆီဘယ်ဝယ်နေမှန်းမသိ။ ရေးဖြစ်မည်မရေးဖြစ်မည်မသိသော စာမူအတွက် စာရေးသူက သူ့မိသားစုဝင်ငွေထဲမှ ဆွဲထုတ်ကာ ရင်းနှီးထားရပါ၏။ ဥပမာ စာရေးသူကိုယ်တိုင်သည် စာရေးဖို့ သက်သက်၊ ဥရောပ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဟောင်ကောင်ကိုရီးယား စသည့်နိုင်ငံများသို့ အခေါက် (၂၀)လောက်သွားရာ ငွေ သိန်း(၃၀၀) ရင်းနှီးရသည်။ သို့မဟုတ် ပါက ရန်ကုန်တွင် ကိုယ်ပိုင်အိမ်တစ်လုံးဆောက်နိုင်၏။ ဒါက မိသားစုပိုင်ငွေကို ရင်းနှီးသုံးစွဲခြင်းဖြစ်ပါ၏။

စာရေးသူသည် သူ၏ ဦးနှောက်ကို အမြဲဖြည့်ဆည်းနေရ၏။

စာရေးဆရာသည် သူ့ဦးနှောက်ကိုအကြောင်းအရာအဆန်းအသစ်များ၊ အထွေထွေဗဟုသုတများ၊ အသိဉာဏ်များဖြင့် အမြဲဖြည့်ဆည်းကာ အသိဉာဏ်ဘဏ်တိုက်ကြီးဖြစ်အောင် ပြုစုထားရ၏။ ဤသို့ မိမိဦးနှောက်ကို မိမိပြုစုရာတွင် ခရီးသွားရန်၊ စာအုပ်ဝယ်ဖတ်ရန်၊ ငွေကြေးအရင်းအနှီးလိုအပ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသည် စာရေးကျွမ်းကျင်အောင် လေ့လာရသည်။ လေ့ကျင့်ရသည်။ သူ့ဘာသူနေရင်း စာရေးတတ်လာခြင်းမဟုတ်။ ထို့ကြောင့် ယင်းကိစ္စများအတွက် စာရေးဆရာသည် စာမူခရထိုက်ပါ၏။

မဟာသတင်းဂျာနယ်

အတွဲ- ၁ ၊ အမှတ် - ၈၇

၂၉. ၅. ၂၀၀၃



# ကွန်ပျူတာမတတ် စာမတတ်

လူ့သမိုင်းသည် နှစ်ပေါင်း ၆၀၀၀ ရှိခဲ့ပြီဟု ဆိုသည်။

သို့သော် ၂၀ ရာစု၏အစနှင့် ၁၉ ရာစုနှစ်၏ အဆုံးသည် နှစ်ပေါင်း ၁၀၀ မျှသာ ရှိခဲ့သည်။ ထိုအနှစ် ၁၀၀ အတွင်း သိပ္ပံပညာသည် လူလားမြောက်ခဲ့၏။ ၁၈၉၃ ခုနှစ်က ရိုက်ညီနောင်သည် လေယာဉ်ကို စတင်ပျံသန်းရန် ကြိုးစားမှုအဆင့်သာရှိသော်လည်း ယနေ့အမှာကောင်းကင်ယံတွင် လေယာဉ်ပျံများနှင့် ပြည့်နှက်နေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စီးလာသော မလေးရှားလေကြောင်းမှ လေယာဉ်က လန်ဒန်မြို့ ဟီသရိုးလေဆိပ်သို့ ရောက်ရှိနေပြီဟု ကြေညာ၏။ ကျွန်တော်တို့ လေယာဉ်ရောက်ရှိနေရာ အရပ်ကို သိသာရန်အတွက်လည်း ကျွန်တော့ရှေ့မှ တီဗီဖန်သားပြင်ပေါ်ဝယ် လေယာဉ်တည်ရှိ ပျံဝဲနေပုံကို ပြသထားပါ၏။ သို့သော် လေယာဉ်သည် နာရီဝက်လောက် မဆင်းသေးဘဲ လန်ဒန်မြို့၏ကောင်းကင်ပြင်၌ ပျံဝဲနေရ၏။ လေယာဉ်များ ၂ မိနစ်တွင်တစ်စီးကျဆင်းသက်နေသည်ကို စောင့်နေရသောကြောင့် ဖြစ်သည်။ ဒါတောင် ဟီသရိုးလေဆိပ်နှင့် မဝေးကွာသောနေရာတွင် ဂက်ဝှစ်ဆိုသော အခြားပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုရှိသေး၏။ ဘာမင်ဂမ်လေဆိပ်ကလည်း လန်ဒန်နှင့် များစွာကွာဝေးလှသည်ဟု မဆိုသာ။ ဆိုလိုသည်မှာ လန်ဒန်မြို့ ကောင်းကင်ယံတွင် လေယာဉ်များနှင့် ပြည့်နေသည်။ ထို့ကြောင့် ၁၈၉၃ ခုနှစ်က လေယာဉ်မပေါ်သေးသော်လည်း ယနေ့ကမ္ဘာ့ ကောင်းကင်ယံတွင် လေယာဉ်ပျံများနှင့် ပြည့်နေသည်။

လေယာဉ်ပျံများသာမက ကမ္ဘာ့ကောင်းကင်ယံတွင် ဂြိုလ်တုများနှင့်လည်း ပြည့်နေသည်။ ယနေ့ လူသားသည် အာကာသကို စိုးမိုးရန် ကြံစည်စိတ်ထ လျက်ရှိ၏။ အာကာသသိပ္ပံလေကြောင်းသိပ္ပံ၊ နယ်ပ





တွင်သာ လူတို့စိုးမိုးခဲ့သည်မဟုတ်။ ဆေးပညာဘက်တွင်လည်း သစ်ဥ သစ်ဖု တူးဖော်ရှာဖွေမှီဝဲနေသော ကာလ မဟုတ်ဘဲ ဇီဝအင်ဂျင်နီယာသိပ္ပံတို့ပေါ်ထွန်းနေကာ လူသားကို ဖန်ပြွန်မှ ထုတ်လုပ်နိုင်ရုံသာမက ပုံတူလူ သားများကို ထုတ်ယူနိုင်ပြီဖြစ်၏။

ယခုအခါ လူသားတို့သည် အသားစားရန် ကြက်ကို စက်ရုံမှ ထုတ်လုပ်ရန် လုပ်ဆောင်လျက်ရှိ၏။ မကြာမီပေါ်ထွန်းလာမည့် ကြက်သည် ခြေထောက်လည်းပါမည်မဟုတ်။ အမောက်နှင့်အမွေးလည်းမရှိဘဲ တွန်လည်း တွန်ကြမည် မဟုတ်ပေ။ ထိုကြက်သည် လမ်းလည်းလျှောက်မည်မဟုတ်ဘဲ ကြက်ကို စက်ရုံထဲတွင် မျိုးစပ်၍ လူသားတို့ကအလိုရှိသော ပေါင်နှင့်ရင်ပုံသားကိုသာ ကြီးထွားအောင် မွေးယူကြမည်ဖြစ်သည်။ ကြက်မှ မလိုအပ်သော ဗီဇများကို ဖယ်ရှား၍ လူတို့လိုချင်သောအသားကိုသာ ကြီးထွားစေပြီး ထိုကြက်သားကို ဈေးသို့တင်ပို့ရောင်းချမည်ဖြစ်သည်။

ယနေ့သည် သတင်းအချက်အလက်ခေတ်ဖြစ်၏။ ကွန်ပျူတာများပေါ်ပေါက်လာပြီး အီးမေးလ်၊ အင်တာနက် စသော သတင်းပို့သည့်စနစ်၊ သတင်းသိမ်းဆည်းသည့်စနစ်များပေါ်ပေါက်လာကာ မကြာမီ ရေဒီယို၊ တယ်လီဗေးရှင်း၊ အင်တာနက်၊ ကွန်ပျူတာ၊ ဆဲလိုက်၊ လျှပ်စစ် စသည်တို့ပေါင်းစပ်ကာ သတင်း



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်ဆိုင်ရာ လူသုံးကုန်ပစ္စည်းများအံ့မခန်း ပေါ်ပေါက်လာဦးမည် ဖြစ်သည်။ ကြီမ်းသေသောကိစ္စ တစ်ရပ်မှာ ယခု တယ်လီဖုန်းများကဲ့သို့သော ပစ္စည်း များတွင် ဆက်သွယ်ရေးဝါယာကြိုးများကို အသုံးပြုနေ ကြသော်လည်း မကြာမီ တစ်ကမ္ဘာလုံးနှင့် ဆက်သွယ် ရာတွင် ဝါယာကြိုးများပျောက်ကုန်တော့မည်ဖြစ်သည်။

အနှစ် ၁၀၀အတွင်း လူသားတို့၏အသိဉာဏ် လူသားတို့၏အရည်အသွေးသည် အလွန်တရာမြင့်မား လာခဲ့သည်။ ထိုအနှစ် ၁၀၀ ကာလအတွင်း လူသားတို့ သည် နတ်မျက်စိ နတ်တန်ခိုးများကို ရရှိခဲ့ကြသည်ဟု ဆိုနိုင်၏။ ထိုကဲ့သို့တိုးတက်နေသော ခေတ်အခါ သမယတွင် လူလာဖြစ်ကုန်ကြသော ကျွန်တော်တို့ သည် ခေတ်ကရှာဖွေတွေ့ရှိတီထွင်ဖန်တီးထားသော ပညာရေးခေတ်ကို သိရှိ နားလည်အသုံးပြုကြရမည်ဖြစ် ၏။ ထိုသို့ အသုံးမပြုနိုင်ပါက လူဖြစ်ပါလျက် လူစင် မမှီသောဘဝ၊ လူဖြစ်ကျိုးမနပ်သောဘဝသို့ ရောက်နိုင် ၏။ ယနေ့ကာလတွင် လူလာဖြစ်သောလူသားသည် သာမန် စာရေးစာဖတ်တတ်ရုံမျှနှင့် မလုံလောက်ဘဲ အဆင့်မြင့်နည်းပညာအရပ်ရပ်ကို တတ်ကျွမ်းသိရှိနား လည်ရန် လိုအပ်သည်။

ကျွန်တော်တို့ ငယ်စဉ်က ကွန်ပျူတာနှင့် ပတ်





သက်၍ တွေးတောကြံဆရသည့်အဆင့်၊ စိတ်ကူးယဉ် ဘာသာပြန်ဆောင်းပါးများကိုသာ ဖတ်ရှုရသောအဆင့် ဖြစ်သော်လည်း ယနေ့အစိုးရကျောင်းများတွင် ကွန်ပျူ တာစာသင်ခန်းမများကို တွေ့နေရပြီဖြစ်၏။ လူသား အရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စသည် နိုင်ငံတိုင်း မိသားစု တိုင်းအတွက် အရေးကြီးကိစ္စတစ်ရပ်ဖြစ်၏။ မိမိတို့နိုင် ငံသားများ မိမိတို့မိသားစုဝင် သားသမီးများ အသိ ဉာဏ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသော ကိစ္စ ဖြစ်သည်။ မိမိတို့ရှင်သန်နေသော လူ့ပတ်ဝန်းကျင်တွင် သိပ္ပံပညာ၊ အာကာသပညာ၊ ပညာအရပ်ရပ်တို့က အဆင့်မြင့် ဖွံ့ဖြိုးချိန်တွင် မိမိက ထိုပညာရပ်များကို မသိ၊ မတတ်ဟု ဆိုပါက မိမိတို့အဖြစ်သည် ကျွဲပါး စောင်းတီးဘဝသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ထိုကြောင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကိစ္စကို မိသား စုတိုင်းက မိသားစုတာဝန်အဖြစ် ကြိုးပန်းအားထုတ် သင်ကြားတတ်မြောက်စေရမည်ဖြစ်သည်။

မကြာသေးမီကသြစတြေးလျနိုင်ငံက မိမိတို့ နိုင်ငံ၏စာတတ်မြောက်မှုရာခိုင်နှုန်းသည် ၆၃ ရာခိုင် နှုန်းရှိသည်ဟု ကြေညာသောအခါ အံ့သြခဲ့ရ၏။ သြစတြေးလျလို နိုင်ငံမျိုး၏ စာတတ်မြောက်မှုနှုန်းသည် ၁၀၀ ရာခိုင်နှုန်းသာရှိနိုင်၏။ သို့သော် သြစတြေးလျ နိုင်ငံက မိမိ၏စာတတ်မြောက်မှုကို ကြေငြာရာတွင်



www.burmeseclassic.com

www.burmeseclassic.com


ကွန်ပျူတာတတ်သူကိုမှ စာတတ်သူဟု သတ်မှတ်ကြေငြာခြင်းဖြစ်၏။ ကွန်ပျူတာမတတ်လျှင် စာမတတ်ပေ။

ထိုအကြောင်းကို ကျွန်တော်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ သုတဘဏ် စာတမ်းဖတ်ပွဲတွင် မျက်မှောက်ကာလ အလုံးစုံအရည်အသွေး ထိန်းသိမ်းရေးစာတမ်းကို တက်ရောက်ဖတ်ကြားရာတွင် ထည့်သွင်းပြောကြားသောအခါ ရေးဖော် စာရေးဆရာတို့က ကွန်ပျူတာ မတတ်လျှင် စာမတတ်ဟု ပြောလို့ ရပါ့မလား၊ ကွန်ပျူတာမတတ်သော ပထဝီ၊ သမိုင်း၊ မြန်မာ့စာဆိုင်ရာ ပါမောက္ခကြီးများကို စာမတတ်သူဟု ပြော၍ ရပါ့မလားဆိုသောမေးခွန်းကို မေးပါ၏။

တကယ်တော့ ကွန်ပျူတာသည် အားလုံးကို စိုးမိုးတော့မည်ဖြစ်သည်။ နောင်တစ်ခေတ်တွင် စာအုပ်များရှိဦးမည်ဆိုသည်မှာ မသေချာတော့ပေ။ ပေ ပုရပိုက်တို့နေရာတွင် စာအုပ်များက နေရာဝင်ယူသလို၊ စာအုပ်စာရွက်များ၏နေရာကို ကွန်ပျူတာက စတင်သိမ်းပိုက်နေရာယူနေပြီဖြစ်သည်။ စာရွက်စာတမ်းဖိုင်ကြီးများ စာဖိုင်စင်ကြီးများနှင့် အသုံးပြုနေသော နိုင်ငံများကို ယခုအခါ **Paper Jungle Country** စာရွက်တောနိုင်ငံဟု ခေါ် ဆိုနေကြပြီဖြစ်သည်။ ယနေ့ ခေတ်မီ ကုမ္ပဏီရုံးခန်းများတွင် စာရွက်ဖိုင်များ စာအုပ်များ မတွေ့ရတော့ဘဲ ကွန်ပျူတာတစ်လုံး၊ ပရင်တာတစ်လုံး





နှင့် ကွန်ပျူတာ ရိုက်တတ်၊ ပို့တတ်သောစာရေးတစ်ဦးသာရှိသည်။ မြန်မာ၊ ပထဝီ၊ ရာဇဝင်/သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ စသော ဘာသာရပ်များသည်အားလုံး ကွန်ပျူတာထဲသို့ ဝင်ရောက်သွားကြမည်ဖြစ်၏။ စာကြည့်တိုက်ကြီးများသည်လည်း ကွန်ပျူတာထဲသို့ ဝင်သွားကြမည်ဖြစ်သည်။ ထိုအခါ ပထဝီပါမောက္ခဖြစ်ဖို့၊ မြန်မာစာပါမောက္ခဖြစ်ဖို့၊ ကွန်ပျူတာကိုဖွင့် သင်ယူပြီးမှ ပညာတတ်များ ဖြစ်လာကြမည်ဖြစ်ရာ အနာဂတ်တွင် ကွန်ပျူတာမတတ်လျှင် တကယ်ပင် စာမတတ်ဖြစ်မည်မှာ သေချာပါ၏။

ယခုအချိန်တွင် ဈေးဝယ်ဈေးရောင်းရာတွင် ကွန်ပျူတာနှင့်ပင် အဝယ်အရောင်းပြုကြသည်။ အိမ်ရှင်မတစ်ဦးသည် မိမိအလိုရှိသော ပစ္စည်းကို မိမိမီးဖိုချောင်ထဲမှ မီးဖိုချောင်သုံး ကွန်ပျူတာဖြင့် ဆူပါမတ်တတ်များမှ အလိုရှိသောအရာကို ဝယ်ယူနိုင်၏။ ဈေးသွားရန် မလို။ ယနေ့ လေဆိပ်ကြီးများသည် ကွန်ပျူတာအပြည့်အစုံတပ်ထားရာ ကွန်ပျူတာ မတတ်ပါက ခရီးသွားဖို့မဖြစ်နိုင်။

ထို့ကြောင့် ကွန်ပျူတာမတတ်၊ စာမတတ်ခေတ်ကြီးသည် အမှန်တကယ် ဝင်ရောက်လာပြီ ဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် နိုင်ငံတိုင်း၊ မိသားစုတိုင်း၊ လူသားတစ်ဦးစီ အတွက် မဖြစ်မနေလို


www.burmeseclassic.com

www.burmeseclassic.com



အပ်သော အရည်အသွေးဖြစ်လာသည်။ ထိုအရည်အသွေးကို လူတိုင်း အထူးသဖြင့် လူငယ်တိုင်း မိမိတို့ ကိုယ် မိမိတို့ အပတ်တကုတ်ပြုစုအားထုတ်ကြိုးစားဖို့ လိုပါ၏။

ဤသည်မှာ နိုင်ငံသားတိုင်း လူသားတိုင်း၏ တာဝန်ဖြစ်ခဲ့ပြီး ကွန်ပျူတာ မတတ်၊ စာမတတ်ခေတ်ကြီး စတင်ဝင်ရောက်လျှက်ရှိပြီတည်း။

သတင်းစုံ

အတွဲ-၅ ၊ အမှတ်- ၁၄

၂၅. ၁၂. ၂၀၀၁



## မွန်ယဉ်ကျေးမှု အနုပညာ စာပေစကားဝိုင်း

ကျွန်တော်သည် လန်ဒန်မြို့၌ ခြောက်လကြာ နေထိုင်ခဲ့စဉ်ကာလအတွင်း ဗစ်တိုးရီးယားနှင့် အဲလ်ဘတ်ပြတိုက်သို့ ခြောက်ကြိမ်မျှ ရောက်ခဲ့သည်။ လန်ဒန်တွင် ကြည့်စရာရှုစရာတွေ အများကြီးရှိသည့်အနက် တစ်နေရာတည်းသို့ ခြောက်ကြိမ်မျှ ရောက်ရခြင်းမှာ အကြောင်း ရှိပါ၏။ ထိုပြတိုက်အတွင်းမှ အဖိုးတန် မြန်မာ့ ရှေးဟောင်းပစ္စည်းများကို နှမြောတသစွာဖြင့် သွားရောက်ကြည့်ရှုခြင်းသည် အဓိကအကြောင်းရင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပြတိုက်၏အောက်ထပ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ပြသထားသောပတ္တမြားအလုံးပေါင်း ၅၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသော ရွှေဟင်္သာရုပ်ကလည်း နှမြောစရာဖြစ်၏။ ထိုပြတိုက်အတွင်းမှ ၇ လက်မနှင့် ၈ လက်မရှိသော ၁၈၅၅ ခုနှစ်က ရွှေတိဂုံစေတီတော်ကြီး၏အရံစေတီတစ်ဆူအတွင်းမှ ရရှိသည်ဟု ဆိုသော ဘုရင်မကြီးရှင်စောပု၏ စစ်သုံးရွှေခမောက်သည် ဂုဏ်ယူ တမ်းတစရာဖြစ်ပါ၏။ ထိုစစ်သုံးခမောက်ခေါင်းဆောင်းသည် ဗန္ဓုလဦးထုပ်များကဲ့သို့ အချွန်အတက်မပါ။ လုံးဝိုင်း၍ ကျောက်မျက်ရတနာအပြည့်စီချယ်ထားကာ နားရွက်ဖုံးပါရှိသည်။ စစ်ခေါင်းဆောင်းပုံသဏ္ဌာန်မှာ သံခမောက်နှင့် တစ်ထေရာတည်းတူ၏။ ထို့ကြောင့် မွန်တို့သည် စစ်သုံးသံခမောက်ပုံကို ဟစ်တလာထက် အနှစ် ၅၀၀ ကျော်စော၍ ပြုလုပ်အသုံးပြုခဲ့သည်ဟု ဆိုဖွယ်ရာရှိပါ၏။ မွန်ယဉ်ကျေးမှုသည် တရုတ်နှင့် အိန္ဒိယနိုင်ငံကြီးနှစ်ခုတို့အကြားတွင် အလွန်ကြီးကျယ်ရှေးကျသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်၏။ ဓမ္မစေတီမင်းကြီး၏ ခေါင်းလောင်းတော်ကြီးကို လူတိုင်းစိတ်ဝင်စားကြ၏။ ထိုခေါင်းလောင်းတော်ကြီးသည် ရန်ကုန်မြစ်ဝတွင် ယခုထက်တိုင် နစ်မြှုပ်လျက်ရှိသည်ဟု မြန်မာတို့ ယုံကြည်လျက်ရှိသည်။ ထိုခေါင်းလောင်းကြီးသည် သာသနာရေးအရ အဖိုးမဖြတ်နိုင်





အောင်တန်ဖိုးရှိသည်။အကယ်၍ထိုခေါင်းလောင်းတော်ကြီးကို ယနေ့ရှာဖွေတွေ့ရှိပါက ထိုခေါင်းလောင်းတော်ကြီးသည် ကမ္ဘာ့အကြီးဆုံးခေါင်းလောင်းကြီး ဖြစ်၏။

မွန်တို့သည် မြန်မာနိုင်ငံအတွင်းသို့ ရှေးဦးဝင်ရောက်လာသော လူမျိုးတစ်မျိုး ဖြစ်၏။ မွန်ယဉ်ကျေးမှုတို မြန်မာနိုင်ငံအတွင်း၌သာမက ထိုင်းနိုင်ငံအတွင်း၌လည်း တွေ့ရသည်။ ထိုင်းနိုင်ငံပရပထုံနှင့် လော့ပူရီတို့တွင် တွေ့ရသော မွန်ကျောက်စာတို့မှာ (၇)ရာစုလောက်ကပင် ရေးသားထားသော ကျောက်စာများဟု ယူဆရသည်။ မွန်လူမျိုးတို့သည် စေတီပုထိုးစသော အဆောက်အအုံများတည်ဆောက်ရာတွင် ဘုရားရုပ်ပွားတော်များ၊ လူ၊ နတ်၊ ဗြဟ္မာရုပ်များထုလုပ်ရာတွင် ဂဝံကျောက်ကို အသုံးပြု၍ တည်ဆောက်လေ့ရှိ၏။ ဂဝံကျောက်သည် မခိုင်မာသော ပျော့ညံ့သောကျောက်ဖြစ်၍ မိုးများသောအောက်အရပ်တွင် မွန်လက်ရာပစ္စည်းတို့ ပျက်စီးရ၏။ မွန်တို့မျိုးရိုးစဉ်ဆက်ကိုးကွယ်သော ဂဝံပတိရုပ်ကို ထိုကျောက်ဖြင့်သာ ထုလုပ်လေ့ရှိသောကြောင့် ယင်းကျောက်ကို ဂဝံကျောက်ဟု ယခုထိုင် ခေါ်တွင်လျက်ရှိသည်။ ကေလာသတောင်အနောက်ဘက်ရှိ ဇုတ်သုတ်ရွာသည် မွန်ယဉ်ကျေးမှုတည်ရှိရာ ရွာဖြစ်၍ ကျိုက်ထီးစောင်းစေတီကို ဂဝံကျောက်တို့ဖြင့်သာ ထုလုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘီးလင်းမြို့အနောက်မြောက်ဘက်တွင် အလူးကလေးရွာရှိသည်။ ထိုရွာရှိ ကျိုက်ပတဲစေတီ၌ ကျန်စစ်သားမင်းကြီးရေးထိုးထားသော ကျောက်စာတစ်ချပ် ရှိ၏။ မုတ္တမမြို့ မြသိန်းတန်စေတီ၏ရင်ပြင်တွင် မွန်လက်ရာခေါင်းလောင်းကြီးရှိသည်။ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူတို့တွင် လွန်စွာရှေးကျသော မွန်လက်ရာများရှိသည်။ ပဲခူး ဟံသာဝတီသည် မွန်တို့၏ ဒုတိယမြို့တော်ဖြစ်၏။ ပဲခူးတွင် နာဂဝံသိမ်၊ ကလျာဏီသိမ်တို့ရှိသည်။ နာဂဝံသိမ်သည် အလွန်ရှေးကျသော ဗုဒ္ဓရုပ်ပွားတော် ရဟန္တာရုပ်ပွားတော်များပါရှိသည့်ကျောက်ချပ်ရှိ၏။

ယခု တွံတေးရှိရာနေရာသည် ရှေးက ဒလမြို့တည်ရှိသည်ဟု ယူဆကြ၏။ တွံတေးတွင်လည်း မွန်လက်ရာ ပစ္စည်းများတွေ့ရှိရသည်။ တွံတေးအရှေ့တောင်ဘက်တွင် မောင်းတီးခေါ်စေတီရှိ၍ ထိုစေတီတွင် အနော်ရထာမင်းကိုယ်တိုင်ပြုလုပ်သော အုတ်ခွက်များ တွေ့ရ၏။ ထိုစေတီကို အနော်ရထာမင်း ကိုယ်တိုင် ကြီးကြပ်ပြုပြင်ခဲ့ဟန် တူ၏။

တကယ်တော့ မွန်ယဉ်ကျေးမှုသည် အောက်မြန်မာနိုင်ငံတစ်ခုလုံးတွင် အနှံ့အပြားတည်ရှိခဲ့သည်။ ပဲခူးသည် အောက်ပြည်အောက်ရွာ၏ ပုဂံဟုဆို လောက်အောင် စေတီပုထိုးများရှိ၏။ သို့သော် အောက်





ရပ်အောက်ရွာတွင် မိုးများသောကြောင့် ပျက်စီးရ၏။ ပဲခူး အနောက်ဘက်တောတန်းတွင် မွန်စေတီပုထိုးများနှင့် ပြည့်နေဟန်တူ၏။ ရွှေဂူကြီးတွင် ဓမ္မစေတီမင်းတည်ထားသော ဟံသာဝတီ ဗုဒ္ဓဂါယာ ရှိသည်။ ယခုအခါ ထိုနေရာကို အရှင်တေဇောဘာသဆရာတော်ဦးစီး၍ ပြုပြင်လျက်ရှိ၏။

မွန်ယဉ်ကျေးမှု မွန်စာပေသည် မြန်မာနိုင်ငံတွင်သာမက ထိုင်းနိုင်ငံတွင်ပါ ပျံ့နှံ့လွှမ်းမိုး၏။ မွန်တို့သည် ဗိသုကာအတတ်၊ ပန်းပု၊ ပန်းရံ၊ ပန်းပဲ၊ နက္ခတ်ဗေဒင်၊ ဆေးဝါး၊ ကဗျာလင်္ကာ၊ ပန်းချီပညာရပ်တို့တွင် အဆင့်အတန်းမြင့်မားခဲ့သည်။

ထိုကဲ့သို့ အဆင့်အတန်းမြင့်မားသော မွန်ယဉ်ကျေးမှု မွန်စာပေကို ထိန်းသိမ်းလျက်ရှိသော ဆရာကြီးနိုင်ပန်းလှ၊ ဆရာမကြီးခင်နှင်းယုတို့အား လေးစားအပ်ပါ၏။

မွန်ယဉ်ကျေးမှု အနုပညာ၊ စာပေ၊ ဘာသာစကားကျယ်ပြန့် ထွန်းကား ပါစေသတည်း။

သတင်းစုံ
တွဲ-၅ ၊ အမှတ်-၁၆
၈. ၁. ၂၀၀၂



www.burmeseclassic.com

www.burmeseclassic.com

# စာမူခ(၂)

စာရေးဆရာဟူသည် အလွယ်တကူဖြစ်လာသောဘဝမဟုတ်။ အနည်းဆုံးစောင့်စည်းမှု၊ စောင့်ထိန်းမှု၊ ကြိုးစားမှု၊ လေ့ကျင့်မှုများကိုပြုရပါ၏။ မြန်မာနိုင်ငံတွင် စာပေရေးသားခြင်းလုပ်ငန်းသက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ (၅၀၀၀)မရှိပါ။ စာအုပ်ဖြန့်ချိရေး၊ ထုတ်ဝေရေး၊ စာအုပ်ချုပ်လုပ်ငန်းသက်သက်လုပ်နေသောသူများမပါ စာရေးမှုလုပ်ငန်းပြုလုပ်သူကို ဆိုလိုပါ၏။ ထုတ်ဝေသူလည်း လုပ်၊ စာလည်းရေး ဖြန့်ချိရေးလည်းလုပ်၊ စာလည်းရေး၊ အခြားစီးပွားရေးလည်းလုပ်၊ စာလည်းရေးသူများအားလုံး စုပေါင်း



www.burmeseclassic.com

www.burmeseclassic.com



လျှင်လည်း မြန်မာနိုင်ငံတွင် စာရေးသူ(၅၀၀၀)မပြည့်ပါ။

မြန်မာနိုင်ငံတွင် လူဦးရေသန်းပေါင်း(၅၀) ကျော်ရှိရာ စာရေးဆရာသည် လူတစ်သောင်းတွင် တစ်ဦးမျှပင်မရှိပါ။ အနာကြီးရောဂါကို ကုသသောဆေး ပေါ်ပေါက်လာသောကြောင့် မြန်မာနိုင်ငံတွင် အနာကြီးရောဂါသည်များ ရှားပါးနေသလို စာရေးဆရာသည် မြန်မာနိုင်ငံတွင် ရှားပါးသောအရာဖြစ်သည်။

ရှားပါးရခြင်းမှာ စာရေးဆရာတစ်ယောက်ဖြစ်ရန်မလွယ်ကူသောကြောင့် ခက်ခဲသောကြောင့်ဖြစ်၏။ စာရေးဆရာဟူသောဘွဲ့ထူးသည် သာမာန်ကာလျှံကာ ရရှိလာသောဘွဲ့မဟုတ်။ ရှားရှားပါးပါးရရှိလာသော ဘွဲ့နာမဖြစ်၏။ စာရေးဆရာဖြစ်ရန် လွယ်ကူပါက စာရေးဆရာအများအပြားရှိနေမည်ဖြစ်ပါ၏။ ခက်ခဲသောကြောင့် ရှားပါးနေခြင်းဖြစ်ပါ၏။ ခက်ခဲသည်ဆိုရာ၌ စာရေးဆရာဖြစ်ရန် ဘဝတစ်ခုလုံး အရင်းအနှီးပြုကာ လုံ့လဝီရိယအားထုတ်မှု၊ ကြိုးစားမှုတို့ပြုပြီးမှ ရရှိလာသောအသက်မွေးဝမ်းကျောင်းဖြစ်ပါ၏။

ထိုသို့ ခက်ခဲနက်နဲစွာအရင်းတည်ပြီးမှ ရရှိသော ဤအသက်မွေးဝမ်းကျောင်းအတွက် စာရေးသူရေးသားသော စာမူခကို ထိုက်တန်စွာ ချီးမြှင့်ပေးအပ်ရမည်မှာ စာရေးဆရာ၏ စာမူကို အသုံးပြုသောသူ





တိုင်း၏ တာဝန်ဖြစ် ဖြစ်ပါသည်။ စာမူခချီးမြှင့်သည်။ စာမူခပူဇော်သည်ဆိုသော အသုံးအနှုန်းများမပြုလျှင်နေပါစေ၊ ထိုက်တန်သော စာမူခကိုတော့ ပေးရမည်ဖြစ်ပါ၏။ သာမန်အားဖြင့် လူများသည်ရှေ့နေခကို ပေးရမှန်းသိ၏။ ဆရာဝန်ထံဆေးသွားကုသောအခကို ပေးရမှန်းသိ၏။ ဉာဏ်ကို အသုံးပြုသည့်ကိစ္စချင်း အတူတူ ရှေ့နေခ၊ ဆရာဝန်ခကျတော့ ထိုက်ထိုက်တန်တန်ပိုက်ဆံပေးပြီး စာမူခကျတော့ မပေးဖြစ်ဘဲနေကြပါ၏။

ဤနေရာတွင် စာရေးဆရာနှင့် စာဖတ်ပရိသတ် တိုက်ရိုက်မတွေ့ကြုံရသော ပြဿနာရှိနေပါ၏။ စာရေးဆရာသည် ထုတ်ဝေသူနှင့် တွေ့ပြီး ထုတ်ဝေသူနှင့် စကားပြောရပါသည်။

အမှုတစ်ခုအတွက် ရှေ့နေလိုက်၍ ထိုအမှုနိုင်သွားပါက အောင်မြင်မှုသည် ထိုအမှု၏ကန့်သတ်မှုအတွင်း၌သာ အောင်ပွဲရခြင်းဖြစ်၏။ စာရေးဆရာတစ်ဦး၏ အတွေးအခေါ် အောင်ပွဲသည် ထိုထက်ကျယ်ဝန်း၏။ မိသားစုနယ်ပယ်မှကျော်၍ တစ်နိုင်ငံလုံးကို အကျိုးပြုနိုင်၏။ စာရေးဆရာ၏ အတွေးအခေါ်သည် နိုင်ငံနယ်နိမိတ်ကို ကျော်၍လူသားတစ်ရပ်လုံးအတွက်လည်းအကျိုးပြုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာအား စာမူခပေးရသည်ကို တွန့်တိုကြသူများ၊ စိစစ်ကြသူများရှိကြ၏။ ထုတ်ဝေသူက စာအုပ်ထုတ်ရာမှာ **"ကျုပ်က ပိုက်ဆံရင်းရတာ၊ စာရေးဆရာက ဘာရင်းရတာမှတ်"**လို့ဟုပြောဆိုသူများရှိ၏။ စာရေးဆရာသည် ဦးနှောက်ကိုအရင်းအနှီးပြုသူဖြစ်၏။ ဦးနှောက်သည် ငွေကြေးမနဲ ဥစ္စာထက်အဆပေါင်းရာထောင်သိန်းသန်းမက တုနှိုင်းဖွယ်ရာမရှိ တန်ဖိုးရှိသော အရာဖြစ်ပါ၏။

တစ်ခါက ကရင်အမျိုးသမီးကြီးတစ်ဦးသည် မြေးဖြစ်သူအပြင်းဖျား၍ တိုင်းရင်းဆေးဆရာသွား၍ ခေါ်သည်ဟုဆို၏။

ဆေးဆရာကလိုက်လာပြီး ကလေးအားကြည့်ရှုသည်။ ကလေးမှာ အလွန်အမင်းအပြင်းဖျားနေ၍ သတိလစ်လွှတ်ဖြစ်နေသည်မှာ တက်မတက် ကြံနေရ၏။ ထိုအခါ ဆေးဆရာကြီးက **အမိုး . . ဆေးပြုတ်လို့ရမလား** ဟုဆိုတော့ အမိုးက ရပါတယ်ဟုဆို၏။

**'ဒါဆိုရင် အမိုးဟောတိုမြို့စည်းရိုးက အပွင့်အဖြူလေးတွေပွင့်နေတဲ့အပင်ကို နုတ်လို့ရမလား'** ဆိုတော့ **'ရပါတယ်'**ဟုဆိုကာ ခြံစည်းရိုးမှ အပင်ကိုနုတ်စေ၏။ ထိုနောက် အိုးထဲတွင် စိုက်ထားသော ရှားစောင်းပင်ကိုလည်းခူးစေကာ အိမ်တွင်ရှိသော ချင်းနှင့်ပြုတ်၍ကလေးအားတိုက်၏။



ထို့နောက်**'အမိုး . . ကွမ်းရွက်ရောမရှိဘူးလား'**ဆိုကာ ကွမ်းရွက်ကို မီးကင်၍ ငယ်ထိပ်မှအုပ်ပေးစေပြီး ဆေးဆရာကြီးသည် အမိုးထံမှ ထုံးနှင့် နနွင်းကိုတောင်းယူကာ မန်းမှုတ်ပြီး လည်ချောင်းနှင့် ရင်ဘတ်တို လိမ်းပေးရာ ခဏကြာတော့ ကလေးသည် ကိုယ်ပူကျကာ အကောင်းပကတိဖြစ်တော့သည် ဟုဆို၏။

ထိုအခါ ဆေးရာကြီးက **'အမိုး . မြေးနေကောင်းသွားပြီလား'**ဆိုတော့ **'အေးကောင်းသွားပြီ'** ဟုဆို၏။

ဆေးဆရာကြီးက ရေနွေးဆက်သောက်ရင်းစောင့်၏။ ထိုအခါ အမိုးက**'ဆရာကြီး ကလေးနေကောင်းသွားပြီ၊ နင်မပြန်သေးဘူးလား'**ဟုမေး၏။ ထိုအခါ ဆေးဆရာကြီးက **'အမိုးငါ့ကို ဆေးဖိုးပေးဦးလေ'**ဟုဆိုတော့ အမိုးက **'ဆရာကြီး နင် ငါ့အိမ်ခြံစည်းရိုးက သစ်ပင်၊ ငါ့အိုးထဲက ရှားစောင်းရယ်၊ မီးဖိုချောင်ထဲက ချင်းနဲ့ ကွမ်းအစ်ထဲက ကွမ်းရယ်၊ ထုံးနဲ့ နနွင်းရော ငါ့အိမ်က ပစ္စည်းတွေချည်းပဲ၊ နင့်ဆေးမှမကုန်တာ ဘာဖြုလို့ ဆေးဖိုးပေးရမှာလဲ'** ဟုပြောသည် ဟုဆို၏။

အခုလည်း စာအုပ်ထုတ်ဝေရာတွင် ကျန်သော အဖိုးအခများအတွက် အတိအကျပေးကြသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း စာမူခကို ကရင်အမျိုးသမီးကြီးဆေးကုခံသလို ဆေးဖိုးပေးရကောင်းမှန်းမသိဘဲ ရှိကြ၏။

စာအုပ်လုပ်ရာတွင် ပေးဆောင်ရသည့်အရေးကြီးသောအဖိုးအခများထဲတွင် စာမူခသည် အရေးအကြီးဆုံးပေးဆောင်ရမည့်အဖိုးအခအဖြစ်ရှိပါသည်။ စာမူခဟူသည် လူ၏ဉာဏ်ပညာ၊ ဦးနှောက်နှင့်စပ်လျဉ်းသောအဖိုးအခဖြစ်သောကြောင့် တန်ရာတန်ကြေးပေးဆောင်ရန်တာဝန်ရှိသည်။ စာမူအသုံးပြုမှုနှင့် ပတ်သက်၍ အပိုင်းနှစ်ပိုင်းရှိပြန်၏။ အချို့စာမူများက စာရေးဆရာက မိမိဘာသာ၊ မိမိအယူအဆကိုရေးပြီး မဂ္ဂဇင်းတိုက်သို့သွားပို့သောစာမူဖြစ်၏။ ထိုစာမူမျိုးကို ထုတ်ဝေသူသည် အမြန်ဆုံးဖတ်၍ မိမိမဂ္ဂဇင်းတွင် သုံးမသုံးအမြန်ဆုံးအဆုံးအဖြတ်ပေးရမည်ဖြစ်၏။ စာမူတစ်ပုဒ်ကို မဖတ်ရှုဘဲကြာရှည်စွာထားရှိခြင်းသည် ပျက်ကွက်မှုတစ်ရပ်ဖြစ်သည်။ စာရေးဆရာက မိမိဘာသာရေးသား၍ လာရောက်ပေးပို့သောစာမူကို အသုံးပြုရန်ရွေးချယ်ထားသည်ဟုဆိုသည်နှင့် စာရေးဆရာသည် စာမူခတောင်းခံပိုင်ခွင့်ရှိသည်။ ထုတ်ဝေသူကလည်း ပေးရန်တာဝန်ရှိသည်။ စာအုပ်ထွက်ရှိမှပေးခြင်းသည် မည်သည့်အချိန်က စတင်ခဲ့မှန်းမသိသောမှားယွင်းမှုတစ်ရပ်ဖြစ်၏။ စာမူကိုသုံးရန် ရည်ရွယ်၍ ရွေးချယ်ထားလျှင်ပင် စာမူခပေးဆောင်ရမည်ဖြစ်၏။ စာအုပ်ထွက်လာလျှင်ကား ပထမဆုံး ထိုစာအုပ်ကို ဖြန့်ချိရမည့်သူသည် စာရေးဆရာသာလျှင်ဖြစ်၏။ ထိုသို့မဖြန့်ချိနိုင်ပါက ယင်းကိစ္စသည်လည်း ပျက်ကွက်မှုပင်ဖြစ်၏။ မည်သည့်ပျက်ကွက်မှုကိုမဆို နစ်နာကြေးတောင်းခံရမည်ဖြစ်၏။ စာရေးဆရာ ရေးသားသောစာမူပျောက်ဆုံးသွားမှုသည်လည်း ပျက်ကွက်မှုဖြစ်၍ လျော်ကြေးတောင်းပိုင်ခွင့်ရှိ၏။ ပျောက်ဆုံးသွားသောစာမူအတွက်ပေးရမည့်စာမူခသည် အသုံးပြုလျှင်ပေးဆောင်ရမည့် စာမူခထက် အနည်းဆုံး သုံးလေးဆပေးရမည်။ ယင်းကိစ္စသည် ရာဇဝတ်မှုလည်း ဖြစ်သည်။ ယုံကြည်စွာအပ်နှံသော ပစ္စည်းပျောက်ဆုံးမှုဖြစ်၏။

စာမူပျောက်၍ တစ်လနောက်ကျမှ ဖော်ပြသည့်အတွက် ပြည်သူလူထုအတွင်းတွင် တစ်လ အသိဉာဏ်နောက်ကျသည့်အဖြစ်ကို ကြုံရသည်ဟု မှတ်ယူရမည်ဖြစ်၏။ ထို့ကြောင့် စာမူကို မိမိရွေးချယ်ထားပြီးပါက အမြန်ဆုံးသုံးရမည်ဖြစ်၏။ အမြန်ဆုံးမသုံးနိုင်လျှင် စာမူကို စာရေးဆရာထံ အမြန်ပြန်ပေးရမည်ဖြစ်သည်။ အမြန်ဆုံးသုံးနိုင်၍ စာမူပြန်အပ်လျှင် ကြိုတင်ပေးအပ်ထားသော အဖိုးအခများကို မည်သည့်နည်းနှင့်မျှ စာရေးဆရာက ထုတ်ဝေသူအား ပြန်ပေးရန်အကြောင်းမရှိ။ တစ်ခါတစ်ရံ စာရေးဆရာထံမှ ထုတ်ဝေ

www.burmeseclassic.com



သူတို့က စာမူတောင်းခံမှုပြုတတ်၏။ တောင်းခံသော စာမူတိုင်းအတွက် စာမူခကို စာမူလက်ခံသောနေ့မှာ ပင်ပေးအပ်ရမည် ဖြစ်သည်။ တောင်းခံသောစာမူတစ်နှစ်အတွင်းသို့မဟုတ် ကန့်သတ်ရက် တစ်ခုခုအတွင်း မသုံးဖြစ်လျှင် ထိုစာမူကို စာရေးသူ၏လက်သို့ပြန်အပ်ရမည်ဖြစ်သည်။ ထိုသို့ပြန်အပ်သည့်အတွက် ကြိုတင်ပေးအပ်ထားသော စာမူခကို ပြန်တောင်းရန် အကြောင်းမရှိ။

စာရေးခါစ၊ ကလောင်သွေးခါစ၊ စာမူရှင်များသည် မိမိစာမူကို အသုံးပြုပါ။ စာမူခပေးရန်မလိုပါဟု ဆိုသော်လည်း မည်သည့်စာမူကိုမဆို ထုတ်ဝေသူသည် တတ်နိုင်သမျှ စာမူခပေးရန်တာဝန်ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဦးနှောက်နှင့်စပ်ဆိုင်သောကြောင့်ဖြစ်၏။ အချို့က စာအုပ်ထုတ်ဝေရာတွင် အရှုံးပေါ်သောကြောင့် စာမူခမပေးပါရစေနှင့်ဟုဆို၏။ စာအုပ်တစ်အုပ် ရှုံးပြီဟုဆိုပါက စာမူခအပြင် အခြားအရှုံးကိစ္စများလည်းရှိ၏။ စက္ကူဖိုး၊ ပုံနှိပ်ခ။ ချုပ်ခ စသည်တို့လည်း အရှုံးရှိလေရာ၊ ထိုထိုသောရှုံးစရာများ ရှိလျှင် ထုတ်ဝေသူအတွက် စာမူခသည် အစောဆုံး အရှုံးခံရမည့်အရာဖြစ်ကြောင်းထုတ်ဝေသူတို့သိထားရမည်ဖြစ်ပါသည်။

စာမူခပေးခြင်းဆိုသည်မှာ တစ်ကြိမ်ပုံနှိပ်ထုတ်ဝေခြင်းနှင့် သာသက်ဆိုင်၍ နောက်တစ်ကြိမ်





ထုတ်ဝေပါက နောက်တစ်ခါ ထပ်၍ပေးရမည်ဖြစ်သည်။ ပန်းချီခ၊ ဓါတ်ပုံဖိုး စသည်တို့မှာလည်း အလားတူပင်ဖြစ်သည်။ စာရေးဆရာ၏ စာအုပ်တစ်အုပ်လုံးကိုဖြစ်စေ အပုဒ်တစ်ပုဒ်၊ စာကြောင်းတစ်ကြောင်းကို ဖြစ်စေ ထုတ်ဝေသူက အသုံးပြုလျှင် ထိုသို့အသုံးပြုသည့်အတွက် စာမူခကို ပေးအပ်ရမည်ဖြစ်၏။ ထိုသို့အသုံးပြုရန် လက်လှမ်းမီပါက ခွင့်တောင်းမှုပြုပြီးမှသာ အသုံးပြုရမည်ဖြစ်ပါ၏။ လက်လှမ်းမီပါလျက် ခွင့်မတောင်းဘဲ အသုံးပြုပါလျှင် ယင်းကိစ္စသည် ခိုးမှုနှင့် အကျုံးဝင်သည်ဟု မှတ်ယူရန်သင့်ပါ၏။ ခွင့်တောင်းရန် လက်လှမ်းမီပါလျက် ခွင့်မတောင်းလျှင် နစ်နာကြေးအဖြစ် စာရေးသူက သူ၏စိတ်ကြိုက်တောင်းပိုင်ခွင့်ရှိသည်။ ကျွန်တော်သည် စာမူတစ်ပုဒ်အတွက် (၉)ကျပ်မှ စတင်၍ရေးလာခဲ့သူဖြစ်၏။ အမှန်တကယ်အားဖြင့် အခြားသဘောတူညီမှုများမရှိပါက စာမူခသည် အနည်းဆုံး ဆယ်ရာခိုင်နှုန်း ရသင့်၏။ မဂ္ဂဇင်းစာမူခသည်လည်း အလားတူနှုန်းပင်ဖြစ်သင့်၏။ စာအုပ်အရှုံးအမြတ်သည် စာရေးဆရာနှင့်မဆိုင်။ ထုတ်ဝေသူနှင့်သာဆိုင်၏။ စာမူခရရှိရေးသာလျှင် စာရေးဆရာနှင့်ဆိုင်သည်။ စာရေးဆရာသည် ထုတ်ဝေသူရှုံးနေလျှင်လည်း စာမူခရသင့်၏။ ထုတ်ဝေသူမြတ်လျှင် စာရေးဆရာသည်အမြတ်အပေါ်မှာ ဘာအကျိုးကျေးဇူးမှ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရခြင်းမရှိလေရာ အရှုံးပေါ်တွင် ဘာတာဝန်မှမရှိဟုခံယူရန်ရှိပါ၏။

ဆယ်ရာခိုင်နှုန်းဆိုသည် တစ်အုပ် (၁၀၀၀) ကျပ်တန်စာအုပ်၊ သတင်းစာ၊ စာစောင်၊ မဂ္ဂဇင်းအုပ်ရေ (၁၀၀၀) ထုတ်ဝေသည်ဆိုပါက ရောင်းတန်ဖိုးသည် (၁၀၀၀ × ၁၀၀၀ = ၁၀,၀၀,၀၀၀ ကျပ်) (၁၀)သိန်းပေါ်မှ ၁၀ ရာခိုင်နှုန်းဖြစ်ပါ၏။ ကျပ်ငွေ(၁၀)သိန်းပေါ်မှ (၁၀)ရာခိုင်နှုန်းသည် တစ်သိန်းဖြစ်ပါ၏။ ထိုတစ်သိန်းကို စာစောင်၊ ဂျာနယ်မဂ္ဂဇင်းဆိုပါက ဝိုင်းဝန်းရေးသားသူများအားလုံးကို ယင်းငွေတစ်သိန်းအား စာမူခအဖြစ်ခွဲဝေပေးရမည်ဖြစ်ပါ၏။ စာမူခထဲတွင် မျက်နှာဖုံးပန်းချီ အတွင်းသရုပ်ဖော်ပုံများ အဖိုးအခများမပါဝင်စေရပါ။

စာမူခသည် (၁၀) ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်းအထိပေးသင့်၍ ယင်းစာမူခနှုန်းထားဆိုင်ရာသဘောထားသည် သတင်းစာများ၊ ဂျာနယ်၊ စာစောင်များပါ အကျုံးဝင်ပါ၏။ အချို့တွေ့ကြုံရသည့်ကိစ္စမှာ နယ်မှရေးသားသော သူများ၏စာမူခပြဿနာဖြစ်ပါ၏။

နယ်မှစာရေးသူတို့သည် မိမိတို့၏စာမူများကို စာတိုက်မှပို့လိုက်ကြသည်။ မိမိတို့မြို့နယ်တွင်





စာစောင်၊ စာအုပ်ဆိုင်လည်းမရှိ။ မိမိတို့စာမူ မဂ္ဂဇင်းတွင် ပါသည်လည်းမသိ၊ မပါသည်လည်းမသိဖြစ်ရ၏။ နယ်မှလာသောစာမူများအတွက် စာမူခကို အလေးဂရုပြု၍ ထုတ်ဝေသူတို့က စာတိုက်မှ ပို့သင့်၏။ နယ်မှစာရေးဆရာတို့၏ စာမူပါသောစာစောင်ဂျာနယ်များကို လည်းအလေးထား၍ ပို့ပေးသင့်ပါသည်။ ယခုမူ အချို့သော မဂ္ဂဇင်းဂျာနယ်စာစောင်တို့တွင် နယ်စာမူခများကို ထုတ်ဝေသူတို့ကပေးသော်လည်း ဝန်ထမ်းများ၊ ငွေပို့လုပ်ငန်းလုပ်ဆောင်သည့်စာတိုက်သွားသူများက ဖြတ်၍ သုံးစွဲမှုများရှိရာ ထိုကိစ္စကိုပါ ထုတ်ဝေသူအယ်ဒီတာတို့က ကြီးကြပ်ရန် တာဝန်ရှိပါ၏။ နယ်မှ စာရေးသူများထံ စာမူခမရောက်လျှင် ထုတ်ဝေသူအယ်ဒီတာများတွင် တာဝန်ရှိပါသည်။

စာရေးဆရာမှာ စာမူခထိုက်တန်စွာနှင့် မှန်တန်စွာရရှိရေးအတွက် စာပေဆိုင်ရာ အဖွဲ့အစည်းများကလည်းအသိပညာပေးလုပ်ဆောင်ရန် လိုအပ်သည်။ မြန်မာနိုင်ငံတွင် စာရေးဆရာကြီးများအားငွေကြေးဖြင့် ပဇော်ကန်တော့သော၊ ပစ္စည်းပစ္စယတို့ဖြင့် ကန်တော့ကြသည့်အလေ့များရှိပါ၏။ ထိုကဲ့သို့ ကန်တော့ခြင်းသည် ကောင်းပါ၏။ ထို့ပြင် စာရေးဆရာတို့ရသင့်ရထိုက်သော စာမူခကို ဂုဏ်သိက္ခာရှိရှိဖြင့် ရရှိရေးအ



www.burmeseclassic.com

www.burmeseclassic.com



တွက်လည်း အသိပညာပေးဆောင်ရွက်ကြရန်လိုပါသည်။ စာရေးဆရာက စာမူခရရှိရေးကိစ္စကို အချို့မတောင်းမဆိုဝံ့မှုပင်ရှိကြ၏။ စာမူခသည် လုပ်အားခဝင်ငွေများအနက် မြင့်မြတ်သောဝင်ငွေတစ်ရပ်ဖြစ်လေရာ စာရေးဆရာတိုင်းစာရေးသူတိုင်း စာမူခ ဝင်ငွေမှန်ကန်စွာရဖို့ ထိုက်တန်စွာ ရရှိဖို့လိုအပ်ကြောင်း အလေးထားရေးသားတင်ပြရပါသည်။

မဟာသတင်းဂျာနယ်



## မွန်စိတ်မွန်သွေး

၂၀၀၁ ခုနှစ် တတိယအကြိမ်မြောက်မွန်မြန်မာကျောက်စာသင်တန်းဆုချီးမြှင့်ပွဲကို ၂၃. ၁၂. ၂၀၀၁ နေ့ မွန်းလွဲက ဗဟန်း ၃ လမ်းထိပ်ရှိမဒ္ဒူတမွန်ဓမ္မာရုံမှာကျင်းပတာကို ဆရာမောင်သွေးသစ်ကတစ်ဆင့် ဆရာကြီးနိုင်ပန်းလှက ဖိတ်လို့ ကျွန်တော်တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကို ဆရာမကြီးဒေါ်ခင်နှင်းယု၊ ဆရာမကြီး ဒေါ်ကလျာ(ဝိဇ္ဇာသိပ္ပံ)၊ ဆရာဦးကြိုင်မြင့်၊ ဆရာမောင်ခေတ်ထွန်း၊ ဆရာမ မိချမ်းဝေ၊ ဆရာချစ်ဦးညို စတဲ့ စာရေးဆရာကြီး၊ ဆရာမကြီးများလည်း တက်ရောက်ကြပါတယ်။ အဲဒီဆုပေးပွဲကတော့ မွန်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာကျောက်စာသင်ကြားရေးအဖွဲ့က ကြီးမှူးကျင်းပပြီး ဆရာကြီးဦးနိုင်ပန်းလှက အထူးအားပေးသင်ကြားဖွင့်လှစ်တဲ့ကျောက်စာသင်တန်းတစ်ခု ဖြစ်ပါတယ်။ မွန်မြန်မာကျောက်စာသင်တန်းဟာ အလွန်ရှိအပ်တဲ့ သင်တန်းတစ်ခုဖြစ်ပါတယ်။ မွန်ယဉ်ကျေးမှု မွန်စာပေဟာ အလွန်ရှေးကျတဲ့ စာပေဖြစ်လို့ မွန်အကြောင်းကို ကျွန်တော်တို့သိသင့်တာအမှန်ပါပဲ ။ မွန်သမိုင်းဆိုတာ မြန်မာ့သမိုင်းပါပဲ။ မွန် ဗမာ ညီအစ်ကိုတတွေဟာ ဧရာဝတီသံလွင် စစ်တောင်း စတဲ့ မြစ်အကြေအညာ အရပ်တွေမှာယှက်နွယ်ပြီး အတူတကွနေထိုင်လာကြတဲ့ ညီအစ်ကိုသွေးရင်းတွေဖြစ်ပါတယ်။

အဲဒီနေ့က သင်တန်းဆင်းပွဲမှာ ဆရာကြီးနိုင်ပန်းလှက"မွန်စကားမတတ်ရင်မွန်မဟုတ်ဘူး"လို့တိတိလင်းလင်းပဲပြောခဲ့ပါတယ်။ ဒါကတော့ မွန်သွေးပါသူတွေ ဗမာနဲ့ ရောနေတဲ့မွန်တွေ မွန်စကားကို မသင်ကြားဘဲ မေ့မေ့လျော့လျော့နေမှာစိုးလို့ ဆရာက တစ်ခါတည်း ပိတ်ပြောထားတာလဲ ဖြစ်နိုင်ပါတယ်။

တကယ်တော့ ကျွန်တော်တို့ဟာလည်း မွန်သွေး မကင်းပါဘူး။ မွန်သွေးမပါတဲ့ ဗမာ၊ ဗမာသွေးကင်းတဲ့ မွန်ဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ။ ကျွန်တော်တို့ကပဲခူးဟံသာဝတီဇာတိသားပါ။ ကျွန်တော်တို့ရွာက





ပဲခူးတောင်ကွင်း စစ်တောင်းမြစ်ဝကျွန်းပေါ်မှာပါ။ ရွာနာမည်က ရစ်ကံကြီးလို့ဆိုပေမယ့် ကျွန်တော်တို့ရွာနားက အခြားရွာတွေရဲ့အမည်တွေက ကမာပါရွာ၊ ဘမာစဲရွာ၊ ကမာနုပ်ရွာ၊ ထပ်ခနိန်၊ ကျိုက်ပဒိုင်၊ ကလိုင်၊ အနီးကိုက်၊ အဒူး၊ မိုးခိုင်ကြီး အစရှိတဲ့ရွာတွေပါ။ ဒီရွာနာမည်တွေအားလုံးဟာ မွန်နာမည်နဲ့ မွန်ရွာကြီးတွေဖြစ်ပါတယ်။ ဒါပေမယ့်မွန်လဲတစ်ယောက်မှမရှိတော့ပါဘူး။ မွန်စကားလည်း တစ်ယောက်မှမပြောကြတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ မွန်နတ်တွေကို ခုထက်ထိကိုးကွယ်နေဆဲပါပဲ။ ကျွန်တော်တို့မွန်စကားမတတ်ပေမယ့် ကျွန်တော်တို့ရဲ့အရပ်ကလူတွေရဲ့သွေးကို ဖောက်ကြည့်ပြီး ဒီအင်န်အေနဲ့စစ်ဆေးကြည့်ရင် မွန်သွေးရောပါနေတာကို တွေ့ရမှာအမှန်ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မွန်စကားမတတ်ရင် မွန်မဟုတ်ဘူးဆိုတဲ့ ဆရာကြီးရဲ့စကားကို မွန်သွေးပါရင် မွန်ကွလို့ ပြောင်းလဲကြေညာလိုပါတယ်။ မွန်သွေးဆိုတဲ့ ကိစ္စကို ခွဲခြမ်းစိတ် ဖြာတင်ပြရရင်"မွန်စိတ်ရှိတဲ့လူဟာ မွန်ပဲ"လို့ တဆင့်တက်ပြီး ပြောလိုပါသေးတယ်။ မွန်စိတ်မွန်သွေးဆိုတာ ဘာလဲဆိုရင် ယဉ်ကျေးပြီး သတ္တိရှိရှိနဲ့ ရိုးသားဖြူစင်သန့်ရှင်းတဲ့စိတ်ဓါတ်၊ ဇွဲ လုံ့လဝီရိယရှိတဲ့ စိတ်ဓါတ်ဟာ မွန်စိတ်ဓါတ်ပါပဲ။ ဒါဟာ လဂွန်းအိမ်ရဲ့စိတ်ဓါတ်၊ မဂဒူး၏စိတ်ဓါတ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲမွန်ဒယာနှင့် သမိန်ဗရမ်းတို့၏စိတ်ဓာတ်ဟာ မွန်စိတ်ဓါတ်မွတ်သွေးသာလျှင်ဖြစ်ပါတယ်။

လဂွန်းအိမ်စိတ်ဓာတ်ဆိုတာဘာလဲ။ မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ဟာ ပန်းကျော်ချောင်းသဲပြင်မှာသစ္စာဆို စစ်ပြေငြိမ်းကြဖို့လုပ်တယ်။ ဒီနေရာမှာ ဘုရင်ဖြစ်တဲ့ရာဇာဓိရာဇ်ဟာ ဘုရင်ကြံ ကြံပြီး အတွင်းလူ မှူးကြီးမတ်ရာတွေနဲ့ တိုင်ပင်ကာ ပန်းကျော်ချောင်းမှာ ကြိုပြီး လက်နက်တွေမြှုပ်ထားမယ်။ အင်းဝဘက်ဇရော မိမိတို့ဘက်ကပါ လက်နက်မဲ့တွေ့ဆုံ စစ်ပြေငြိမ်းရာမှာ မိမိတို့ဘက်က လက်ဦးမှုယူပြီး ဝှက်ထားတဲ့လက်နက်တွေနဲ့ အင်းဝကို သုတ်သင်ဖို့ကြံစည်ပါတယ်။ အဲဒီအစဉ်သာ အောင်မြင်ရင် အင်းဝဘက်က လူထော်သူရဲကောင်းတွေတော်တော်မျိုးပြုတ်သွားဖို့ရှိတယ်။ ဒါကို လဂွန်းအိမ်က အင်းဝသား မိုးညှင်းသတိုးကို "ဟဲ့ သတိုးအရှူး စစ်တို့ရဲ့သဘောဆိုတာ မှန်တယ်လို့ ဘယ်ရှိမလဲ ငါ့ကိုရလဲ နင်သတ် နင့်ကိုရလဲ ငါ သတ်မှာပဲ" လို့ပြောပြီး ဘုရင်ရဲ့လျှို့ဝှက်မှုကြီးကို ရန်သူကို ပြောင်ပြောင်တင်းတင်းပြောပြီး ဖွင့်ချတာဟာ မွန်စိတ်ဓါတ်ဖြစ်တယ်။ အဲဒီကိစ္စနဲ့ ရာဇာဓိရာဇ်ဟာ လဂွန်းအိမ်ကို သတ်ခိုင်းလိုက်တယ်။ သတ်ရမယ့်လူက အဲမွန်ဒယာ။ လဂွန်းအိမ်ရှိနေသမျှ အဲမွန်ဒယာက ရှေ့တန်းရောက်ဖို့ အတော်ခဲယဉ်းမှာပါ။ လဂွန်းအိမ်ရှိနေသရွေ့ သူဟာ





အစွမ်းအစပြဖို့ခဲယဉ်းမှာ ဖြစ်ပေမယ့် အဲမွန်ဒယာဟာ သူ့လက်ထဲမှာ သတ်မိန့်ရှိနေပါလျက် လဂွန်းအိမ်ကို မသတ်သေးဘဲ ရာဇာဓိရာဇ်ရဲ့ ဒုတိယအမိန့်ကို စောင့်ပါတယ်။ ဒါကြောင့် အဲဒီဖြစ်ရပ်မှာ လဂွန်းအိမ်အသတ်မခံခဲ့ရပါဘူး။ အဲမွန်ဒယာရဲ့စိတ်ဓါတ်ဟာ မွန်စိတ်ဓါတ်ဖြစ်ပါတယ်။ သမိန်ဗရမ်းဆိုရင်လဲ အင်းဝမှာ အကျဉ်းချခံနေရပေမယ့် ပြည်ပရန်ဖြစ်တဲ့ ဂါမဏိက ကျူးကျော်လာတဲ့အခါမှာ ထောင်ထဲကထွက်ပြီး ရန်သူကိုတိုက်ခိုက်ချေမှုန်းပေးတာဟာ မွန်စိတ်ဓါတ်ဖြစ်ပါတယ်။

ဟံသာဝတီဟာ မွန်တို့ရဲ့ ဒုတိယကြီးကျယ်ခန့်ညားခြင်းဖြစ်ပါတယ်။ ဒီဟံသာဝတီမင်းဆက်ကို ကြွေစေ့တစ်စေ့နဲ့တည်ထောင်ခဲ့သူဖြစ်တဲ့ မာဂဒူးဟာ အထမ်းသမားဘဝနေ မင်းဆက်ကြီးတစ်ဆက်ကို ထူထောင်ခဲ့သူလည်း ဖြစ်တယ်။ ဆင်ချေးကျုံးဘဝကနေ မင်းဧကရာဇ်ဖြစ်အောင် ဆောင်ရွက်ခဲ့သူဖြစ်ပါတယ်။ ဒါဟာလဲ မွန်စိတ်ဓာတ်သာလျှင်ဖြစ်ပါတယ်။ ဟံသာဝတီဘုရင်မကြီးရှင်စောပုသည် သာသနာတော်ကို ကိုင်းညွတ်ရိုသေကြည်ညိုသူဖြစ်ပါတယ်။ ဤသည်သည်း မွန်စိတ်ဓါတ်ပင် ဖြစ်၍ ဆရာကြီးနိုင်ပန်းလှ၏ ဆန္ဒအတိုင်း မွန်စာပေအမွန့်ရည်စွာတည့်တံ့၍ မွန်စိတ်မွန်သွေး မွန်စိတ်ဓာတ် ကမ္ဘာတည်သရွေ့ တည်ရှိနေပါ



www.burmeseclassic.com

www.burmeseclassic.com



စေဟု ဆုတောင်းလျက် ဤဆောင်းပါးကို ရေးသား၍ မွန်-မြန်မာကျောက်စာသင်တန်းကို ဂုဏ်ပြုအပ်ပါတယ် ခင်ဗျား။

သတင်းစုံ
အတွဲ-၅ ၊ အမှတ်- ၁၈
၂၂. ၁. ၂၀၀၂



## စာရေးဆရာချစ်စံဝင်းနှင့် တွေ့ဆုံမေးမြန်းခြင်း

'ဆရာက စာရေးအားကောင်းတယ်လို့ သိရပါတယ်။ ဒီနေ့အထိ ဆရာ စာဘယ်လောက်ရေးခဲ့တယ်၊ ဘယ်စာအမျိုးအစားတွေ ရေးတယ်ဆိုတာ သိပါရစေ'

ရေးအားကောင်းတယ်၊ မကောင်းတယ်တော့ မသိပါဘူး။ ဒီနေ့အထိ ကျွန်တော် စာအုပ် ၉၈ အုပ်ကို ရိုက်နှိပ်ထုတ်ဝေပြီးဖြစ်ပါတယ်။ စာအုပ်ရှစ်အုပ်က ရေးပြီးသားအဆင်သင့်ရှိပါတယ်။ ရေးလက်စစာအုပ်ငါး ခြောက်အုပ်ရှိပါတယ်။ နောက်ဆုံးထွက်တဲ့စာအုပ်က



www.burmeseclassic.com

www.burmeseclassic.com



မြန်မာအစလေ့လာချက်စာတမ်းစာအုပ်ပါ။ နောက်ထပ်ရေးပြီးသားစာအုပ်တွေက (၁) သက္ကလကသူရဲကောင်း၊ (၂) တီထွင်မှုဝိဇ္ဇာကြီး အယ်ဒီဆင်၊ (၃) လိင်စိတ်ကို အသွင်ပြောင်း၍၊ (၄) ပညာရွှေအိုး၊ (၅) မြန်မာ့နှလုံးသား၊ (၆) လေးမျိုးဝန်ပိုလ်မြတ်ထွန်း (၇) HIV / AIDS (၈) မြန်မာ့မျိုးဟောင်း တကောင်းရုပ်ပုံလွှာစာအုပ်တို့ ဖြစ်ပါတယ်။ ရေးလက်စ စာအုပ်ခြောက်အုပ်က (၁) မောင်နေဦး၊ (၂) ပျံလေသည့်ကျား၊ (၃) အရိုးတောင်းဦးကျော်သိန်း+ဒေါ်ကြွယ်ကြွယ် (၄)ယမင်းသစ္စာ (၅) ပိုးကိုက်ပန်း၊ (၆) ငါးပိလက်ဆောင်စတဲ့ စာအုပ်တွေဖြစ်ပါတယ်။ ကျွန်တော်ရေးတဲ့စာတွေက အကျိုးပြုနဲ့ဗဟုသုတအတွေ့အကြုံစာတွေများပါတယ်။ အခုတော့ ဝတ္ထုတွေလည်းရေးပါတယ်။ ငါးတန်အထီးကြီး၊ ငါးပိလက်ဆောင်၊ ယမင်းသစ္စာစတဲ့ စာအုပ်တွေဟာ ဝတ္ထုတွေဖြစ်ပါတယ်။ အခု နောက်ပိုင်း ဝတ္ထုများများရေးဖို့စိတ်ကူးထားပါတယ်။

**‘ဆရာက စာကို တစ်အုပ်ပြီးမှတစ်အုပ်မရေးဘဲ တစ်ပြိုင်နက် ခြောက်အုပ်ရေးလို့ရပါသလား’**

ရေးလို့ရပါတယ်။ အချက်အလက်ရရင် ရသလိုရေးထား။ အရေးကြီးရင် အရေးကြီးသလို စာအုပ်ကို အဆုံးသတ်၊ နောက်ပြီး စိတ်ဝင်စားမှုရှိတုန်း





အဲဒီအကြောင်းအရာကို ထရေးရင်း လက်စသတ်ရမယ့် စာအုပ်က အခုလိုခြောက်အုပ်၊ ခုနစ်အုပ်ဖြစ်နေရတာပါ။ ဒါတောင် ရေးလက်စထဲမှာ ဧရာဝတီဆိုတဲ့စာအုပ်က ရှစ်ခန်းလောက်ရေးပြီး တန်းလန်းဖြစ်နေပါသေးတယ်။

**‘ဆရာရဲ့ စာရေးတဲ့ရည်ရွယ်ချက်ကို သိပါရစေ’**

စာရေးရတဲ့ရည်ရွယ်ချက်တွေက အချိန်နဲ့အမျှ အမျိုးမျိုးပြောင်းနေပါတယ်။ ငယ်ငယ်ကတော့ စာပေဝါသနာပါလို့၊ စာရေးဆရာဖြစ်ချင်လို့ စာရေးတာပါ။ လူလတ်ပိုင်းရောက်တော့ အောင်မြင်မှု ရချင်လို့၊ ကျော်ကြားချင်လို့ စာရေးတာလည်းပါ ပါတယ်။ နောက်တော့ မိသားစုဝင်ငွေအတွက်လည်း စာရေးရတယ်။ ကဏ္ဍအသီးသီးမှာ စာရေးဖို့လိုအပ်တဲ့အတွက် စာရေးတာလည်း ပါပါတယ်။ နောက်တစ်ခုကတော့ တာဝန်ပေးလို့၊ မေတ္တာရပ်ခံလို့ စာရေးရတာလည်းရှိပါတယ်။

**ဆရာရေးတဲ့စာအုပ်တွေထဲက ‘ဤခရီးနီးသလား၊ အမေနဲ့အမေ့အကြောင်း၊ မိုးထက်မြင့်သော စိတ်ထားများ၊ ဂျပန်လူငယ်’စတဲ့ စာအုပ်တွေဟာ ပရိတ်သတ်ကြားမှာရော၊ ခေတ်သစ်မြန်မာ**



www.burmeseclassic.com

www.burmeseclassic.com



**စာပေနယ်ပယ်မှာပါ လူကြိုက်များပါတယ်။ ဒီစာအုပ်တွေကို ရေးဖြစ်တဲ့အကြောင်းလေးများ သိပါရစေ။ ဒီစာအုပ်တွေထဲမှာ ဘယ်စာအုပ်က အမျိုးသားစာပေဆု ရခဲ့ပါသလဲ။ ဘယ်နှခုနှစ်ကပါလဲ။**

'အမေနဲ့ အမေ့အကြောင်း'ကတော့ ဟိုးစစ်တောင်းမြစ်ကမ်းပေါ်မှာ ကျွန်တော့်ကို လွမ်းပြီး တစ်သက်လုံးနေရှာတဲ့ အမေ့ကိုသတိရပြီး ရေးမိတာပါ။ 'ဤခရီးနီးသလား'ကတော့ ဓမ္မာစရိယ ဦးခင်မောင်နဲ့ သေခြင်းတရားကို ဆွေးနွေးမိပြီး သူ့အကူအညီနဲ့ အိုခြင်း၊ နာခြင်း၊ သေခြင်း အကြောင်းတွေကိုရေးတာ။ 'ဤခရီး'က သေတဲ့အကြောင်း၊ 'ဆန်ဖွပ်တဲ့အဘိုးအို'က အိုတဲ့အကြောင်းပါ။ ခုတင်နံပါတ်-၅ က နာတဲ့အကြောင်းပါ။ သေတဲ့အိုတဲ့အကြောင်းရေးတဲ့ စာအုပ်နှစ်အုပ်က အမျိုးသားစာပေဆုရခဲ့ပါတယ်။ ဘယ်နှစ်တွေက ရတယ်ဆိုတာတော့ စာအုပ်ထဲပြန်လှန် ကြည့်မှပဲသိမှာပါ။ 'ဂျပန်လူငယ်'ကတော့ တိုင်းပြည် စီးပွားရေးစနစ်ပြောင်းတဲ့အချိန်မှာ လူငယ်တွေရော လူကြီးတွေပါ စီးပွားရေးလုပ်ချင်စိတ်ပေါက်လာအောင် မြန်မာနိုင်ငံကို ဂျပန်နိုင်ငံနှင့်ယှဉ်ပြီး တွန်းအားပေးရေး တဲ့စာအုပ်ပါ။ ဂျပန်လူငယ်စာအုပ်ကြောင့် ၁၉၉၀ ပြည့် လွန်ကာလမှာ လူငယ်တွေ စီးပွားရေးလုပ်ချင်ကိုင်ချင်တဲ့စိတ်နဲ့ စီးပွားရေးနယ်ပယ်အသီးသီးမှာဖြန့်ကြက်





လုပ်ဆောင်အောင်မြင်မှုတွေရခဲ့ကြပါတယ်။ စာပေဟာ ပြည်သူလူထုအပေါ်မှာ စေတနာနဲ့တင်ပြပုံမှန်ရင် အတော့်ကို ဩဇာကြီးပါတယ်။

**'ဆရာရေးတဲ့အထဲက ဆရာအကြိုက်ဆုံး စာအုပ်က ဘာဖြစ်မလဲ'**

ကျွန်တော်ရေးတဲ့အထဲက ကျွန်တော်အကြိုက်ဆုံးစာအုပ်က'ဆရာဟူသည် ဥယျာဉ်မှူး'ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကျောင်းဆရာဘဝကို ဟာသရော၊ လွမ်းစရာလေးတွေပါနှော၍ပြီး ရေးထားတာပါ။

**'ဆရာဟူသည် ဥယျာဉ်မှူး'စာအုပ်ရဲ့ ရည်ရွယ်ချက်က ဘာပါလဲဆရာ။**

ဟုတ်ပါတယ်။ အခုမေးတဲ့မေးခွန်းကိုဆရာအများသိစေချင်လို့ ဒီစာအုပ်ကို ကျွန်တော်ရေးတာပါ။ မြန်မာမှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာရယ်လို့ ထားရှိဆည်းကပ်ကြတာရှိပါတယ်။ ဒါပေမဲ့ ဆရာဟာ သူ့ရဲ့သင်ကြားမှုပေါ်မှာ စေတနာ မေတ္တာလိုတယ်။ တပည့်တွေအပေါ်မှာ စေတနာ၊ မေတ္တာထားရင်ထားသလိုတပည့်တွေ ဖြစ်ထွန်းတောက်ပြောင်တယ်။ ဆရာဆရာမတွေဟာ တပည့်တွေအပေါ်မှာ မိဘစိတ်နဲ့ သင်ကြားမှုပြုနိုင်ရင် လူ့အရည်အသွေး၊ လူ့စွမ်းရည်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာထက်ပိုပြီး ပြုစုပေးနိုင်တဲ့သူ မရှိပါဘူး။ **ဆရာတစ်ယောက်အတွက် ဆရာဖြစ်ဖို့ ဆရာဖြစ်အောင် အတတ်သင်၊ အောင်လက်မှတ်ထက်ပိုအရေးကြီးတဲ့ အရာတစ်ခုရှိတယ်။ ဒါကဘာလဲဆိုတော့ စေတနာနဲ့ အနစ်နာခံမှုပါပဲ။** ကျွန်တော်က ဒီစာအုပ်ကို အတော်လေး အားရတယ်။ အခုတော့ တတိယအကြိမ် ရိုက်နေပါပြီ။ ဆရာ၊ ဆရာမတိုင်း ဒီစာအုပ်ကို တစ်ခေါက်တော့ ဖတ်စေချင်တယ်ဗျာ။

**"ဆရာက စာအစုံရေးတော့ အဓိကဝါသနာပါတဲ့စာပေကဘယ်စာပေ ဖြစ်မလဲ ဆရာ"**

အခုတော့ ကျွန်တော်က စာအစုံရေးတဲ့ စာရေးဆရာဘဝကို ရောက်နေရပါပြီ။ လိုတဲ့စာတွေ အကုန်လိုက်ရေးနေတာပါ။ မြန်မာအစရှာဖွေဖို့လိုတော့ တကောင်းအကြောင်းရေးရ၊ ပျူအကြောင်းလိုတယ်ဆိုတော့လည်း ပျူအကြောင်းစာတမ်းတစ်စောင် အခုရေးနေရပြန်ပါတယ်။ တကယ် ကျွန်တော်ဖြစ်ချင်တာက ဟာသစာရေးဆရာ။ ဒါကြောင့် ၁၉၆၀ ပြည့်တစ်ဝိုက်မှာ ကျွန်တော်စာစရေးစဉ်က **ရစ်တန်က ချစ်စံ၊ ရန်ကစ်က ချန်စစ်**ဆိုတဲ့ ကလောင်အမည်နဲ့ရေးတာ။ ဟာသရေးတာ၊ သရော်စာရေးတာ ကျွန်တော်ဝါသနာလည်းပါတယ်။ ကျွန်တော်ရေးတဲ့ဝတ္ထုတွေက သရော်





စာတွေများပါတယ်။ ငါးပိလက်ခေါင်ဆိုရင် ဟာသဝတ္ထုသက်သက်ပါ။ ကျွန်တော်နဲ့ ဆရာကြီးအိကြာကွေးနဲ့က ပြောင်းပြန်အကျိုးပေးခံကြရတာပါ။ ဂုရုကွေးက နေဖြူကျော်ထွန်းအမည်နဲ့ စာအတည်အခံ့ရေးဖို့ ကြိုးစားရာကနေပြီး ဟာသစာရေးဆရာ အိကြာကွေးအဖြစ် လူသိများကျော်ကြားတယ်။ ဟာသစာရေးဆရာဖြစ်ချင်တဲ့ ကျွန်တော်ကတော့ ချစ်စံဝင်းအမည်နဲ့ စာစုံရေးတဲ့ဘဝ ရောက်ခဲ့ရတာပါ။

**'ဆရာ အနာကြီးရောဂါသည်တွေကို ကူညီနေတယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့. .။'**

ဒါက ဒီလိုပါ။ အနာကြီးရောဂါသည်တွေရဲ့ ဘဝက ထိပေါက်ပြီး ထိလက်မှတ်ပျောက်တာခင်ဗျ။ သူတို့က MDT ဆေးပေါ်လို့ အဲဒီဆေးစား၊ ခြောက်လ တစ်နှစ်ဆို ရောဂါ လုံးဝပျောက်တယ်။ မြန်မာနိုင်ငံမှာ ရောဂါသည် နှစ်သိန်းခွဲလောက်ဆေးစားလို့ပျောက်ကုန်ကြပြီ။ အခုဆို မြန်မာတစ်ပြည်လုံးမှာ ရောဂါသည် လေးထောင်ပဲရှိတော့တယ်။ ဒါပေမဲ့ ဆေးစားပြီးရောဂါပျောက်ပါပြီဆိုတဲ့သူတွေဟာ အနာကြီးရောဂါသည် ဘဝက မလွတ်ကင်းနိုင်ကြသေးပါဘူးဗျာ။ သူတို့က ရောဂါတော့ပျောက်ပြီ။ ဒါပေမယ့် အနာကြီးရောဂါသည်ဘဝမှာ ကျိန်စာသင့်ခံနေရတုန်းပဲ။ ဘာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



လဲဆိုတော့ MDT ဆေးက အနာကြီးရောဂါပိုးကို အသေသတ်နိုင်တယ်။ ဒါပေမယ့် ရောဂါရစဉ်က ဖြစ်ခဲ့တဲ့ ခြေပြတ်လက်ပြတ်၊ ခြေဆစ်ပြတ်လက်ဆစ်ပြတ်၊ ခြေသိုင်းကျလက်သိုင်းကျ၊ နှာခေါင်းချိုင့်ဝင်၊ မျက်စိဟောက်ပက်ဖြစ်ရတဲ့ ရောဂါလက္ခဏာ အမာရွတ်တွေကိုတော့ ပျောက်ကင်းအောင် မကုနိုင်ဘူး။ ဒီတော့ လူထုက ရောဂါလက္ခဏာတွေ သူတို့မှာရှိနေတော့ သူတို့ကို အနာကြီးရောဂါသည်(အနူ)လို့ပဲ ဆက်လက်သတ်မှတ် ဆက်ဆံခံနေရတဲ့ဘဝမှာ လူတောမတိုး လူစဉ်မမှီ လူဖြစ်ရှုံးတဲ့ဘဝကနေ ရှေ့မတိုးနိုင်လို့ ကျွန်တော်တို့ မိတ်ဆွေတစ်သိုက်က သူတို့ရဲ့ သားသမီးတွေကို ပညာရေးအထောက်အပံ့ပေးတာပါ။

**'အထောက်အပံ့ကရော အောင်မြင်ရဲ့လား ဆရာ'**

အောင်မြင်တယ်လို့ဆိုရပါမယ်။ မြန်မာနိုင်ငံမှာ မော်လမြိုင်က တောင်ဝိုင်း၊ လှည်းကူးက မရမ်းချောင်း၊ မတ္တရာမှာက နံ့သာမြိုင်အနာကြီးစခန်းသုံးခုရှိရာက အဲဒီ စခန်းသုံးခုက ကျောင်းသား ၇၀၀ ကို အထောက်အပံ့ပြုရာမှာ ၁၉၉၀ ပြည့်ကနေ ၁၉၉၉ ခုနှစ်အထိ ဒီစခန်းတွေမှာ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ကျောင်းသား တစ်ဦးတည်းရှိနေရာက ၁၉၉၉





ခုက ၂၀၀၃ ခုနှစ်အထိ ကျွန်တော်တို့ပညာရေး အထောက်အပံ့ပြုခဲ့တာကြောင့် တက္ကသိုလ်ဝင်တန်း အောင်တဲ့ကျောင်းသား ၃၁ ဦး၊ ဆံပင်အလှပြင် ကျွမ်းကျင်သူ မိန်းကလေး ၁၀ ဦး၊ ကွန်ပျူတာကျွမ်းကျင်သူ လူငယ် ၂ ဦး၊ စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်သူ လူငယ် ၃ ဦး၊ ခရီးသွားလုပ်ငန်းကျွမ်းကျင်သူ လူငယ် ၁ ဦး၊ သူနာပြုဆရာသင်တန်းတက်နေသူ ၁ ဦး ပြုစုပေးနိုင်ပြီး၊ ရောဂါသည် သားသမီး ကလေး ၇ ဦးကို ဂျပန်နိုင်ငံကို ၁၅ ရက်အလည်အပတ် စေလွှတ်နိုင်ခဲ့ပါတယ်။ အခြားအောင်မြင်မှုတွေလည်း ရှိပါသေးတယ်။

**ဆရာရှင့်၊ ကြုံတုန်း ဆရာအခုပြုလုပ်နေတဲ့ မြန်မာအစ လေ့လာချက်နဲ့ ပတ်သက်ပြီး၊ အနည်းငယ်ရှင်းပြပါ။**

ဒါက ကိုလိုနီအမွေဆိုးကို ဖယ်ရှားတဲ့ ကိစ္စလို့ပဲဆိုပါတော့။ ကိုလိုနီမျက်နှာဖြူ ဗြိတိသျှ သမိုင်းရေးဆရာတွေက-

(၁) မြန်မာ့သမိုင်းကို ၁၁ ရာစု အနော်ရထာခေတ်ကမှ ခဲ့ကြတယ်။

(၂) မြန်မာ့သမိုင်းကို မကောင်းအမြင်နဲ့ ရေးပြီး၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဥရောပတိုက်သားတွေအကြောင်း အကောင်းချည်းရေး ခဲ့ကြတယ်။

(၃) မြန်မာ့သမိုင်းကို ၁၁ ရာစုက စခဲ့တာနဲ့ အညီ အနော်ရထာ မတိုင်ခင် တကောင်း၊ သရေခေတ္တရာ၊ ဟန်လင်း၊ ဗိဿနိုး စတဲ့ခေတ်တွေကို ပုံပြင်ထဲ၊ ဒဏ္ဍာရီ ထဲ ပို့ခဲ့ကြတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဇာတိသွေး ဇာတိမာန်ကို နှိမ့်ချလိုတဲ့အတွက် တမင် အကောက်ကြံ ခဲ့တဲ့ ကိစ္စပါ။ ဒါကို ကျွန်တော်တို့ မသေခင် တတ်နိုင် သမျှ မြန်မာ့သမိုင်းဟာ ၁၁ ရာစု ကမှ စတာမဟုတ်ပါ ဘူး။ လွန်ခဲ့တဲ့ အနှစ် ၃၀၀၀ ကတည်းက ငါတို့မှာ သမိုင်းရှိတယ်၊ ငါတို့နိုင်ငံဟာ လွန်ခဲ့တဲ့ အနှစ် ၁၀၀၀၀ ကတည်းက လူရှိတယ်။ လူသားအစ မြန်မာကလို့ ကြွေးကြော်နေစဉ်မှာ တကောင်းဟာ ဒဏ္ဍာရီမဟုတ် ကြောင်း ကျွန်တော်တို့ သက်သေပြဖို့ လမ်းကြောင်း ရှာခဲ့တာပါ။

## 'လမ်းကြောင်းတော တွေ့ပါသလားဆရာ'

ကျွန်တော်တို့ အလွန်ကံကောင်းတယ်။ ကျွန်တော်တို့ လမ်းကြောင်းတွေ့တယ်။ တကောင်းက လက်စင်းရာအုတ်တွေ၊ ပျူပုတီး၊ ပျူအရိုးအိုးနဲ့ ပျူဒင်္ဂါး တွေ တွေ့ရှိမှုနဲ့ မောင်တင့်တယ်ရဲ့ သံချက်ဖိုကြီးများ တွေ့ရှိမှုဟာ တကောင်းဟာ ပျူမြို့တော်ကြီး၊ မြန်မာတို့





တကောင်းမှာ လွန်ခဲ့တဲ့အနှစ် ၂၀၀၀ ကျော်ကတည်း ကအခြေစိုက်ခဲ့ကြကြောင်း ကောင်းကောင်းသက်သေ ပြနိုင်ခဲ့ပါတယ်။ တကောင်းမြို့ မြို့လယ်ခေါင် တကောင်းမြို့နန်းတော်ရာ၊ ကွန်းစင်တိုင်နေရာက ပျူ အမျိုးသမီးတစ်ဦးရဲ့ အရိုးအိုးကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရတာပါ။ အဲဒီအရိုးအိုးတွေတွေ့ရှိမှုဟာ ကျွန်တော့်ဘဝအတွက် ဒီနိုင်ငံမှာ အနှစ် ၇၀ လောက် လူလာဖြစ်တဲ့အချိန်မှာ ဒီတစ်ခုတည်းနဲ့ လူဖြစ်ကျိုးနပ် ရလောက်အောင် ကြီးမားတဲ့တွေ့ရှိမှုလို့ ကျွန်တော်ဖြင့် အားရဝမ်းသာ ယုံကြည်ထားတဲ့ကိစ္စပါပဲဗျာ။

## 'ဆရာဘာများပြောချင်ပါသေးသလဲ'

ပြောချင်တာရယ်လို့တော့ မရှိပါဘူး။ စာပေ နဲ့ပတ်သက်ပြီး ပြောစရာတွေ အတော်ပြောပြီးသွားပါ ပြီ။ ပြောချင်တာလေးတစ်ခုက ကျွန်တော့်မိဘများက ဦးကျော်စိန်၊ ဒေါ်လှသန်း၊ အဖိုးအဖွားက ဦးဖိုးကွန်း၊ ဒေါ်သင်းထုံ၊ ကဝမြို့နယ် ရစ်ကံကြီးရွာမှာ နေကြပါ တယ်။ ကျွန်တော်တို့ဟာ မိဘဘိုးဘွားတွေဆီက မြန် မာမှုကိုချစ်မြတ်နိုးဖို့နဲ့ ကြောင့်ကြမှုကင်းတဲ့ ပျော်ပိုက် ရောအမွေတွေရခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ရဲ့ သားသမီးမြေးမြစ်တွေကို အရည်အ သွေးပြည့်ဝတဲ့ ဘဝအမွေကို ပေးချင်တယ်။ ဒီလိုအမွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တဲ့ အနေအထားတွေ ဖြစ်ပေါ်စေချင်တဲ့ ဆန္ဒရှိတာကို ပြောလိုတာပါပဲ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

အခုလို ဖြေကြားပေးတဲ့ ဆရာချစ်စံဝင်းအားပြည်မြန်မာဂျာနယ်မှ အထူးကျေးဇူးတင်ရှိပါတယ်။

ပြည်မြန်မာဂျာနယ်

၁၆. ၁၀. ၂၀၀၃



## ထာဝရ စာအုပ်စျေးပွဲတော် ဖြစ်စေချင်ပါသည်

၁၃၆၅ ခုနှစ်၊ (၅၆) ကြိမ်မြောက် စာဆိုတော်နေ့ကို မြန်မာတစ်နိုင်ငံလုံးမှာ သောင်းသောင်းဖျဖျ ကျင်းပလျက်ရှိပါတယ်။ ဒီရာသီကို စာဆိုတော်ရာသီလို့လည်း ခေါ်ကြပါတယ်။ စာဆိုရာသီမှာ မြန်မာနိုင်ငံအရပ်ရပ်၊ မြို့ရွာ၊ ရပ်ကွက်တွေမှာ စာဆိုတော်နေ့အခမ်းအနားများကို ကျင်းပကြပြီး စာပေဟောပြောပွဲများကိုလည်း ကျင်းပကြပါတယ်။ အခုလို စာဆိုရာသီမှာ စာရေးသူတွေနဲ့ ပြည်သူတွေတွေ့ဆုံပြီး စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲတွေပြုလုပ်တဲ့ဓလေ့ဟာ မြန်မာတစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံထဲမှာပဲ ရှိတယ်။ အခြားနိုင်ငံတွေမှာ မရှိဘူးလို့ ဆိုကြပါတယ်။

၁၃၆၅ ခုနှစ်၊ စာဆိုတော်နေ့ကိုတော့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးဟာ

(က) သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ

(ခ) စာပေဆိုင်ရာ နှီးနှောပွဲ

(ဂ) ဝတ္ထုရှည်မြန်မာနှစ် ၁၀၀ ပြပွဲ

(ဃ) စာအုပ်ဈေးပွဲတော်စတဲ့ အစီအစဉ်များကို ထည့်သွင်းပြီးမြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့ပါတယ်။ စာပေဆိုင်ရာ နှီးနှောပွဲနဲ့ ဝတ္ထုရှည် မြန်မာနှစ်(၁၀၀)ပြပွဲမှာ ထူးခြားတဲ့အစီအစဉ်တစ်ရပ်ပြုလုပ်လိုပါတယ်လို့ ဒီပြပွဲရဲ့ ဥက္ကဋ္ဌဖြစ်သူ ဆရာချစ်နိုင်(စိတ်ပညာ)က အစည်းအဝေးမှာဆိုပါတယ်။ ဆရာချစ်နိုင် (စိတ်ပညာ)ကြီးမှူးတယ်ဆိုတော့ ကျွန်တော့်အဖို့လည်း ကူရမယ့်ပုဂ္ဂိုလ်ကြီးဖြစ်နေတော့ နှစ်(၁၀၀)အတွင်းထွက်ရှိခဲ့တဲ့ ဝတ္ထုရှည်စာရင်းတစ်ခုပြုလုပ်ပြီး စာအုပ်ရိုက်နှိပ်ပေးဖို့ တာဝန်ယူခဲ့ပါတယ်။ ကိုးဖောင်ခွဲလောက်ရှိတဲ့ စာအုပ်ကို စာပြုစုရတာက ကိုးရက်တောင် မရပါဘူး။ ပုံနှိပ်ချိန်ကတော့ တစ်ရက်နဲ့အပြီး စာအုပ်ထွက်ရှိအောင် ကျွန်တော်တို့ ဆောင်ရွက်ရာမှာ ဆရာဦးမြင့်ကြွယ်ကလည်း အားပေးလို့ စာအုပ်(၁၁၂၃) အုပ်စာရင်းစာအုပ်ထွက်ရှိနိုင်ခဲ့ပါတယ်။ အဲဒီဝတ္ထုရှည် မြန်မာနှစ်(၁၀၀)ပြ





ပွဲကို စာအုပ်ဈေးပွဲတော်နဲ့ ပူးတွဲပြီး ဗိုလ်အောင်ကျော်လမ်း အထက်ဘလောက်က British Burma Press Yangon, Gazetter Ltd အဆောက်အအုံမှာ ကျင်းပနိုင်တာဟာ အလွန်ဖြစ်တောင့် ဖြစ်ခဲစာပေအငွေ့အသက်တစ်ခုလို့ ဆိုရမှာပါပဲ။

ဒီအဆောက်အအုံဟာ အထက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်ထဲမကျခင်ထဲက မြန်မာပုံနှိပ်လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ပြီး အဆောက်အအုံကြီးဟာ ဆင်ဝင်ကြီးနှစ်ခုနဲ့ ကြီးမားတဲ့သုံးထပ်တိုက်ကြီးဖြစ်ပါတယ်။ ထူးခြားတာကတော့ သံထုထည်တွေနဲ့ အခိုင်အခံ့ဆောက်ထားတဲ့ အဆောက်အအုံကြီးဖြစ်နေတာပါပဲ။ ဒီအဆောက်အအုံကြီးဟာ မြန်မာဆောက်လုပ်မှုဗိသုကာသမိုင်း၊ မြန်မာစာပေသမိုင်း၊ ကိုလိုနီခေတ်မြန်မာအုပ်ချုပ်မှုသမိုင်းဖြစ်သလို အခုတော့ ရှေးဟောင်းတန်ဖိုးတွေပါဝင်နေတဲ့ အဆောက်အအုံကြီးဖြစ်နေပါပြီ။

အရှေ့တောင်အာရှမှာ သံအမာခံနဲ့ဆောက်ထားတဲ့အဆောက်အအုံတွေဟာအလွန်ရှားပါးလာပါပြီ။ အရင်ကတော့ မြန်မာနိုင်ငံမှာပဲ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ သံဈေးတွေ ရှိခဲ့ဖူးပါတယ်။ ဥပမာပြောရရင် မန္တလေးဈေးချို၊ ကြည့်မြင်တိုင်၊ တာမွေ၊ လမ်းမတော်၊ ကျောက်မြောင်းသံဈေးတွေဖြစ်ပါတယ်။ အင်္ဂလိပ်တွေဟာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံမှာကမ်းနားလမ်းဟိုတယ်ကိုဆောက်ပြီး ပိုတဲ့သံတွေနဲ့ စင်ကာပူမှာ ရပ်ဖဲလ်ဟိုတယ်ကိုဆောက်ခဲ့ပါတယ်။ ဒါကြောင့် ကမ်းနားလမ်း ဟိုတယ်နဲ့ ရပ်ဖဲလ်ဟိုတယ်ကညီအစ်ကို ဟိုတယ်ဖြစ်ပါတယ်။ ဒီလိုပဲ မြန်မာနိုင်ငံမှာ သံဈေးတွေဆောက်ရာမှာ ပိုတဲ့သံတွေနဲ့ စင်ကာပူမှာ သူတို့ သံဈေးတစ်ဈေး ဆောက်ခဲ့ပါတယ်။ အဲဒီသံဈေးက လာပါဆပ်သံဈေးဖြစ်ပါတယ်။ အရှေ့တောင်အာရှမှာ သံဈေးတွေ ရှားပါးလာတော့ လာပါဆပ်သံဈေးဟာအလွန်ကို တန်ဖိုးတက်လာတဲ့ သံဈေးဖြစ်နေပါတယ်။ လာပါဆပ်သံဈေးဟာ တာမွေသံဈေးလောက်ပဲရှိပြီး လမ်းမတော်သံဈေးလောက် မကြီးကျယ်ပါဘူး။ ဒါပေမဲ့ အဲဒီသံဈေးဟာ အခုတော့ စင်ကာပူမှာ ကမ္ဘာလှည့် ခရီးသွားများကို ဆွဲဆောင်ရာနေရာတစ်ခုဖြစ်နေပါပြီ။ စင်ကာပူမှာ မြို့တော်အနှံ့ လာပါဆပ်သို့ ဆိုတဲ့ ဘတ်(စ)ကားတွေရှိပါတယ်။ အဲဒီကားတို တက်စီးလိုက်ရင် လာပါဆပ်သံဈေးကို ရောက်တာပါပဲ။ သံဈေးရောက်ရင် အဆောက်အဦးကို ဓါတ်ပုံရိုက်၊ အမှတ်တရ ပစ္စည်းဝယ်၊ ကော်ဖီသောက်ကြပါတယ်။ သံဈေးကို မြင်ဖူးတွေ့ဖူးကြောင်း လာပါဆပ်သံဈေးကို ရောက်ဖူးကြောင်းနိုင်ငံခြားသားတွေ ကြွားနိုင်ကြပါတယ်။ စင်ကာပူ လာပါဆပ်သံဈေးဟာ အခု မြန်မာ ဂဇက်တီးယား အဆောက်အအုံထက် ငယ်ပါတယ်။





သူက တစ်ထပ်ပဲ ရှိပါတယ်။ ဂဇက်တီးယားအဆောက်အအုံကခန့်ညားထည်ဝါတဲ့ ဆင်ဝင်ကြီးနှစ်ထပ်နဲ့ သုံးထပ်တိုက်ကြီးပါ။ ဒါကြောင့် အခု ကျွန်တော်တို့ စာအုပ်ဈေးပွဲတော် ကျင်းပနေတဲ့ မြန်မာ ဂဇက်တီးယားအဆောက်အအုံကြီးဟာ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာခန့်မှန်းနိုင်ပါတယ်။ အဆောက်အအုံရဲ့နေရာဟာ ဆူးလေဘုရားလမ်းနဲ့က လက်တစ်ကမ်းပဲရှိပြီး အိုးအိမ်ရုံးချုပ်နဲ့ကလည်း လက်တစ်ကမ်းပဲရှိပါတယ်။ သူ့ရှေ့မှာကလည်း အလွန်ကိုလှပတဲ့ စိန့်မေရီဘုရားရှိခိုးကျောင်းရှိပြီး ကားရပ်ဖို့နေရာကလည်း ကျယ်ကျယ်ဝန်းဝန်းရှိ တာတွေဟာ ဒီအဆောက်အအုံရဲ့ တန်ဖိုးတွေပါပဲ။

ကျွန်တော်က အခု အဲဒီမြန်မာဂဇက်တီးယားအဆောက်အအုံမှာ ကျင်းပတဲ့ စာအုပ်ဈေးပွဲတော်မှာ ဆိုင်ခန်းတစ်ခန်းယူပြီး စာအုပ်ဆိုင်ဖွင့်ထားပါတယ်။ ကျွန်တော်က ရန်ကုန်မြို့မှာ စာအုပ်ဈေးတစ်ဈေး ရှိသင့်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျွန်တော် ၁၉၉၆ ခုနှစ်က ရွှေတိဂုံအရှေ့ဘက်မုခ်မှာအမေနေ့ ကျင်းပစဉ်က စာအုပ်ဈေးပွဲတော်ကို ဆိုင်ခန်းခ တစ်ပြားမှ မယူဘဲ ရန်ကုန်ရဲ့ စာအုပ်ဈေးတစ်ခေတ်ကို စတင်ဖွင့်လှစ်ခဲ့တာပါ။ ဒီနှစ်မှာ ကျွန်တော်စာအုပ်ဆိုင်ဖွင့်ရတဲ့အခြားအကြောင်းရင်းတစ်ခုကတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အသက်(၆၄)နှစ်မှာ စာအုပ်ပေါင်း(၁၀၀)ကို ရေးသားထုတ်ဝေဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာ၀တ္ထုရှည်နှစ်(၁၀၀)ပြပွဲမှာ ကျွန်တော်ရဲ့ စာအုပ်(၁၀၀)ကိုလည်း ပြချင်လို့ဆိုင်ဖွင့်ရတာပါ။ ကံကောင်းတော့ ဆိုင်ခန်းကျယ်ကျယ်ကို မဲပေါက်လို့ စိတ်တိုင်းကျ စာအုပ်(၁၀၀)ပြနိုင်လို့ဝမ်းသာရတာပါပဲ။

ကျွန်တော့်ကိုမေးရင် ခင်ဗျားက ဘာပြုလို့ ရန်ကုန်မှာ စာအုပ်ဈေးဖွင့်ချင်ရတာလဲဆိုရင် နိုင်ငံတကာမှာလည်း စာအုပ်ဈေးတွေရှိကြပါတယ်။ စာပေဟာ အသိအလိမ္မာတွေပွင့်လင်းစေတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို လမ်းပြနိုင်တယ်။ အလိမ္မာစာမှာရှိတဲ့အတွက် အမြဲထိတွေ့ပြီး စာအုပ်လိုချင်တယ်ဆိုရင် လိုချင်တဲ့စာအုပ်ကို တစ်နေရာထဲမှာ စုစုဝေးဝေးရဖို့ အခွင့်အလမ်းတစ်ရပ်ရှိနေချင်လို့ပါပဲ။ လန်ဒန်မှာလည်း စာအုပ်အဟောင်းဈေးရှိပါတယ်။

အိန္ဒိယနိုင်ငံ၊ ကလာကတ္တားမြို့မှာဆိုရင် ရန်ကင်းမြို့တစ်မြို့စာလောက် ကျယ်တဲ့ကောလိပ်စကွဲယား ဆိုတဲ့နေရာမှာရပ်ကွက်ကြီးတစ်ကွက်လုံးကို စာအုပ်ဈေးဖွင့်ထားပါတယ်။ စာအုပ်ကလည်း မျိုးစုံရှိပါတယ်။ ကမ္ဘာပေါ်မှာ ထွက်ဖူးသမျှ အင်္ဂလိပ်စာအုပ်အားလုံးကို ကောလိပ်စကွဲယားမှာ ရနိုင်ပါတယ်။ အာရှတိုက်က စာသမားတွေတောင် ကောလိပ်စကွဲယားမှာ စာအုပ်သွားဝယ်ဖို့ အိန္ဒိယကိုသွားလေ့ရှိပါတယ်။ အဲဒီဈေးမှာက စာအုပ်နှစ်မျိုးရှိပါတယ်။ အကောင်းစားစက္ကူနဲ့ ရိုက်ထားတဲ့စာအုပ်ကတော့ အမေရိကန်နဲ့ လန်ဒန်က ဈေးအတိုင်းပဲ။ ဒေါ်လာနဲ့ ပေါင်စတာလင်နဲ့ ပေးဝယ်ရပါတယ်။ ဒါပေမယ့် သတင်းစာစက္ကူနဲ့ ရိုက်ထားတဲ့ စာအုပ်ကတော့ အလွန်ကို ဈေးသက်သာပါတယ်။ တတ်နိုင်တဲ့လူက စက္ကူကောင်းကောင်းနဲ့ စာအုပ်ဝယ်။ ကျွန်တော်တို့လိုမတတ်နိုင်တဲ့ စာအုပ်ကြမ်းပိုးတွေကတော့ စာအုပ်ဈေးတန်းထဲမှာ ထိုးဝေ့ပြီး ဈေးသက်သာတဲ့ စာအုပ်တွေဝယ်ရတာပါပဲ။ ဒီစာအုပ်နှစ်မျိုးဟာ ဈေးက ဆယ်ဆလောက်ကွာပါတယ်။ ဈေးသက်သာတဲ့ စက္ကူနဲ့ရိုက်ထားတဲ့ စာအုပ်ဝယ်ရင် စာအုပ်ဆယ်ဆလောက်ပိုရတဲ့သဘောပါပဲ။ ဒါဟာ အလွန်ကောင်းတဲ့ စနစ်လို့ဆိုရမှာဖြစ်ပါတယ်။

ဘန်ကောက်မှာလည်း တနင်္ဂနွေဈေးမှာ စာအုပ်အဟောင်းဈေးရှိပါတယ်။ အမေရိကားမှာလည်း ရှိပါတယ်။ အမေရိကားမှာကတော့ ဦးဘီဟန်စိန်ရဲ့ ကျေးဇူးကြောင့် စာအုပ်ဆိုင်အဘော်များများကို ကျွန်တော်ရောက်ဖြစ်ခဲ့ပါတယ်။ စာအုပ်ဈေးအမြဲရှိနေမယ်ဆိုရင် ပြည်သူတွေကရော လိုအပ်တဲ့ ဌာနဆိုင်ရာတွေကပါ မိမိတို့အလိုရှိ ကိုးကားလိုတဲ့စာအုပ်တွေကို စာအုပ်အဟောင်းဈေးမှာ အလွယ်တကူရှာလို့ ရနိုင်ပါ



ပန်းမျိုးတစ်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အိမ်ရှေ့မှာရှိတဲ့ စာအုပ်အဟောင်းတွေနဲ့ စာအုပ် အသစ်တွေကို စာအုပ်ဈေးမှာ အပြန်အလှန် ဖလှယ်ပြီး ဖတ်လို့ရပါတယ်။ အဟောင်းပေးအသစ်ယူ လည်း လုပ်လို့ရပါတယ်။ မိမိအိမ်က စာအုပ်အဟောင်း ရောင်းချင်ရင်လည်းဈေးမှန်လမ်းမှန်နဲ့ရောင်းလို့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း လွတ်လပ်ရေးရပြီးစက စပြီးစာအုပ်အဟောင်းဈေးကတော့ ရှိခဲ့တာပါပဲ။ ဒါပေ မယ့် သူ့ခမျာ အတည်တကျမရှိခဲ့ရှာပါဘူး။ အရင်က တော့ မြေနီကုန်းအဟောင်းဈေးက စာအုပ်စုံပါတယ်။ နာမည်လည်းကြီးပါတယ်။ နောက် ဒီဈေးပျက်ပြီး မြို့ ထဲမှာ ဟိုနေရာ စာအုပ်တန်းဖြစ်လိုက် ဒီနေရာ စာအုပ် တန်းဖြစ်လိုက်နဲ့ စာအုပ်ဈေးဟာ အတည်တကျမရှိခဲ့ ရှာပါဘူး။

တကယ်တော့ အခု ဆူးလေဘုရားလမ်းနဲ့ အနော်ရထာလမ်းဆုံ ထရိတ်ဒါး(စ)ဘက်က ကွက်လပ် ဟာ ကျွန်တော်တို့ ၁၉၅၈ ခု ရန်ကုန်တက်လာကာစ စာအုပ်ဈေးရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ အဲဒီဈေးမှာ စာအုပ်ဆိုင်ဖွင့်ထားတဲ့ ဆရာကြီး မောင်နှင်းဆွေထံက ကျွန်တော်တို့ ဆရာသောင်းဝေဦး တို့က စာအုပ်ငှားဖတ်ကြရတာပါ။ ကျွန်တော့် စေတနာ ကတော့ ရန်ကုန်မှာ စာအုပ်ဈေးအတည်တကျရှိစေ ချင်တာပါပဲ။





အခု ကျွန်တော်တို့ ရန်ကုန် ဂေဇက်တီးယား အဆောက်အအုံမှာ ဖွင့်တဲ့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးရဲ့ ဈေးပွဲတော်ဆိုရင် အတော့်ကို ပျော်စရာကောင်းတာပါပဲ။ အချို့စာအုပ်အဟောင်းတွေ ဆိုရင် ဈေးက ရှစ်ထောင်၊ တစ်သောင်းအထိရှိပါတယ်။ ဒါပေမယ့် စာကြမ်းပိုးတွေဟာ မနှမြောဘဲ ဝယ်တတ်ကြ တာပါပဲ။ မိသားစုလိုက် စာအုပ်ဈေးပွဲတော်ကို လာကြ တာလည်းရှိပါတယ်။ အလွန်ကို ကြည်နူးစရာကောင်း တဲ့ မြင်ကွင်းပါ။ အဘိုးတွေ၊ အဘွားတွေဟာ သူတို့ရဲ့ မြေးတွေ၊ မြစ်တွေကို လက်ဆွဲပြီး မြန်မာစာပေ အမွေ အနှစ်တွေကို လာရောက်ပေးအပ်ပြီး စာပေစိတ် သွင်းပေးတဲ့မြင်ကွင်းများကို စာအုပ်ဈေးပွဲတော်မှာ တွေ့ကြရပါတယ်။

အခု စာအုပ်ဈေးပွဲတော်မှာ အဆောက်အအုံ ရဲ့ အောက်ဆုံးထပ်မှာ စာအုပ်ဆိုင်ပေါင်း(၂၀)ဖွင့်ထား ပါတယ်။ ဇော်စာပေဟာ ဝါရင့်အဟောင်းစုံတဲ့ဆိုင်ကြီး တစ်ဆိုင်ပါ။ စာပေဗိမာန်စာအုပ်ဆိုင်နဲ့စာပေနဲ့စာနယ် ဇင်းဆိုင်တွေလည်း ရှိပါတယ်။ ရန်အောင်နဲ့ မုံရွေး မောင်နှမစာအုပ်ဆိုင်နှစ်ဆိုင်လည်းရှိပါတယ်။ စိတ်ကူး ချိုချိုကလည်း ဝယ်လို့ကောင်းတဲ့ စာအုပ်ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ ပန်းရွှေပြည်ကလည်း စာအုပ်စုံပါတယ်။ ယောမင်းကြီးစာပေ၊ စာပေလောက၊ ပြုံးနဲ့ဝိုင်းတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကုံကော်ဝတ်ရည်နဲ့ ပြုံးစာပေစာအုပ်ဆိုင်တွေက အဖိုးတန် စာအုပ်တွေ၊ ရှားပါးစာအုပ်တွေနဲ့ ဝယ်သူနှစ်သက်တဲ့အောက်ထပ်က စာအုပ်ဆိုင်တွေပါ။ ဒါ့ပြင် အောက်ထပ်မှာ ဒိုင်းခင်ခင်၊ ပန်းမျိုးတစ်ရာ၊ သီဟရတနာ၊ သစ္စာတော်ဝင်၊ အေဝမ်း၊ ခရေဖူး၊ အမြင်သစ်၊ ဝင်းညီနောင်၊ ဆုလာဘ်ပြည့်ဆိုတဲ့ စာအုပ်ဆိုင်ကြီးတွေကလည်း စာပေဘဏ်တိုက်ကြီးတွေလို့ ဆိုရလောက်အောင် ဝယ်စရာစာအုပ်မျိုးစုံ ခင်းကျင်းပြသထားတဲ့ စာအုပ်ဆိုင်တွေပါ။

အပေါ်ထပ်မှာတော့ နာမည်ကြီးစာအုပ်ဆိုင်ကြီးများဖြစ်တဲ့ အင်းဝ၊ ကွာလတီ၊ ပါရမီ၊ ဖိုးသင်းနိုင်၊ မြင့်မိုရ်(၁) (၂)၊ ရာပြည့်၊ မိခင်ဇရာဝတီ၊ သာလွန်၊ အာရုံသစ် စတဲ့စာအုပ်ဆိုင်တွေအပြင် စာအုပ်အသက်သွေးကြောဖြစ်တဲ့ စနေကိုမောင်၊ စပယ်ဖြူ၊ စိုးအောင်၊ ကြည်သာ၊ သက်အေးစာပေ၊ ဂျပန်ကြီး၊ ရောင်ခြည်ဦး၊ ဝေယံမော်၊ စောဟန်စာပေ၊ အမေစာပေ၊ မြတ်ရတနာ၊ မြန်မာ့ရန့်၊ ကံကြီးမြင့်၊ ထက်မြက်အောင်၊ အောင်ပြည့်စုံ၊ မျိုးဆက်သစ်၊ ရန်သိမ်း၊ သတင်းကောင်း၊ ကျော်ဝင်း၊ ယင်းမာလှိုင်စတဲ့ စာအုပ်ဆိုင်ကြီးတွေ ရှိပါတယ်။ အပေါ်ဆုံးထပ်မှာလည်း ဝတ္ထုရှည်မြန်မာနှစ်(၁၀၀) ပြပွဲကြီးနဲ့အတူ ကိုဒါဘတ်၊ ကိုသက်မောင်မောင်နဲ့ ကိုသန်းထွန်းတို့ရဲ့ စာအုပ်ဆိုင်များလည်း ရှိကြပါတယ်။





ဒီစာအုပ်ဈေးပွဲတော်ရဲ့ ထူးခြားချက်ကတော့ ဖော်အဲဗားကွန်ပျူတာအုပ်စုက ကွန်ပျူတာငါးလုံးနဲ့ e-Book အကြောင်းပြသချက်ဟာ မြန်မာစာအုပ်လောကရှေ့ကို လှမ်းနေတဲ့ ခြေလှမ်းကို ပြသထားတာဖြစ်ပါတယ်။

ကျွန်တော် ဒီစာအုပ်ဆိုင်တွေနဲ့ ဖော်အဲဗားလို၊ အင်းဝလို စာပေခေတ်သစ်ကို ရှေ့တစ်လှမ်းတက်နေတဲ့ စာပေရေးရာ အုပ်စုတွေအကြောင်းပြောရတာ ရန်ကုန်မှာ စာပေဈေးတစ်ခု အမြဲလိုအပ်နေပြီဆိုတာကို တင်ပြလိုတာပါပဲ။ ရောင်းအားကလည်း မသေးပါဘူး။ တနင်္ဂနွေနေ့မှာဆိုရင် ဆိုင်တွေအားလုံးရဲ့ ရောင်းရငွေမှာ သိန်း(၂၀)ဖိုးလောက်အထိ ရောင်းကြရပါတယ်။ တစ်နေ့ တစ်သိန်းဖိုး၊ နှစ်သိန်းဖိုးရောင်းရတဲ့ဆိုင်တွေလည်းရှိပါတယ်။ ဒါကတော့ မြန်မာစာအုပ်အသစ်၊ အဟောင်းတွေကို ဝယ်လိုတဲ့သူတွေ ဝယ်နေတဲ့သူတွေရှိတယ်ဆိုတဲ့ အချက်ကို ပြသနေတာဖြစ်ပါတယ်။

မြန်မာဂေဇက်တီးယားအဆောက် အအုံကြီးဟာလည်း အခုဆိုရင်အားနေပြီ။ ဒီအဆောက်အအုံကြီးဟာ ရှေးဟောင်းတန်ဖိုး၊ ဗိသုကာ တန်ဖိုး၊ စာပေတန်ဖိုးများအပြင် ကိုလိုနီခေတ်အုပ်ချုပ် မှုဆိုင်ရာ အထိမ်းအမှတ်ဆိုင်ရာ အဆောက်အအုံလို့ ခေါ်ဆိုနိုင်လို့ ဒီအဆောက်အအုံတွင် ထာဝရစာအုပ် ဈေး



www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် Book Plaza တစ်ခုဖွင့်လှစ်နိုင်ရေး အတွက် ဆောင်ရွက်သင့်ပါကြောင်း အလေးအနက် ထားတင်ပြအပ်ပါတယ်။ စာပေဟာ ဒီနေ့တော့ ဈေးကွက်နဲ့ ဆက်စပ်နေပါပြီ။ စာပေဈေးကွက် ဖွံ့ဖြိုးပါမှ စာပေလည်း ဖွံ့ဖြိုးမှာပါ။ စာပေဈေးကွက်ဖွံ့ဖြိုးရေး အတွက် အားပေးတာနဲ့အတူတူပါပဲ။ စာအုပ်တော့ ထွက်ပါရဲ့။ ဒါပေမဲ့ ရောင်းရမယ့်နေရာ ကျယ်ကျယ် ပြန့်ပြန့်မရှိဘူးဆိုရင် စာပေဖွံ့ဖြိုးကြီးထွားဖို့ ခက်ရှာပါ တယ်။

ကျွန်တော်ဟာ ကျွန်တော်ရေးတဲ့ စာအုပ် (၁၀၀)ပြပွဲလေးတစ်ခု လုပ်လိုပေမယ့် ဟိုတယ်ကြီးတွေ မှာလည်း မတတ်နိုင်၊ မလုပ်နိုင်ပါဘူး။ အခု စာအုပ်ဈေး ပွဲတော်လုပ်မှ စာအုပ်ဆိုင်လေးဖွင့်ရင်း တွဲပြီးပြုလုပ်ရ ပါတယ်။ အဲဒီလိုပဲ မသန်းမြင့်အောင် အမျိုးသားစာပေ ဆုရလို့ ဂုဏ်ပြုပွဲထက် ဟိုတယ်အခန်းခက ဈေးကြီးလို့ နေရာအခက်အခဲရှိတာနဲ့ မလုပ်နိုင်သေးပါဘူး။ ဒါ့ပြင် စာရေးဆရာကြီး တစ်ဦးအသက် (၇၅)နှစ်ပြည့်လို့ အကျွေးအမွေးလေးလုပ်ချင်တာတောင် နေရာမရှိလို့ မလုပ်နိုင်ရလေတော့ မြန်မာဂေဇက်တီးယားအဆောက် အအုံကို ဈေးသက်သက်သာသာနဲ့ စာအုပ်ဆိုင်များဖွင့် ဖို့ နေရာငှားမယ်၊ မြို့လယ်မှာ စာပေတွေ့ဆုံပွဲလုပ်လုပ်၊ အပေါ်ဆုံးထပ်ကို ခန်းမပြုလုပ်ပြီး ငှားမယ်၊ စာအုပ်ဆိုင်





သာမက စာရေးကိရိယာဆိုင်၊ ကျောင်းသုံးစာအုပ်ဆိုင်၊ ဒီကြားထဲမှာ ကော်ဖီဆိုင်လေးများပါ နားနေဖို့တွဲဖွင့် မယ်ဆိုရင် စာအုပ်ဆိုင်၊ စာအုပ်သမားတွေအတွက် ပွဲတော်တစ်ရပ်ဖြစ်ရုံသာမက မြန်မာစာပေအတွက် လည်း အပြောင်းအလဲတစ်ခေတ်ဖြစ်လာမယ်လို့ ယုံကြည်ရပါတယ်ခင်ဗျာ။

**ကောင်းသတင်း**



www.burmeseclassic.com

www.burmeseclassic.com

# သူတည်းတစ်ယောက်
# ကောင်းဖို့ရောက်မှု

မိတ္ထီလာက လူငယ်တစ်ဦးက တယ်လီဖုန်းဆက်ပါတယ်။ ဒီလူငယ်က အခုပဲ မိတ္ထီလာက ရောက်ပါတယ်။ ဆရာနဲ့ တွေ့ချင်လို့ လို့ဆိုပါတယ်။ ကျွန်တော်နဲ့ တွေ့တော့သူက ကျွန်တော်က စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ပါတယ်။ အခုအပြိုင်ပေါ်နေလို့ အပြိုင်တို့ အနိုင်ယူအလဲထိုးရမယ့် နည်းလမ်းအလိုရှိပါတယ်လို့ ဆိုပါတယ်။

ဒါနဲ့ ကျွန်တော်က ပြိုင်ဖက်ကို ဘာပြုလို့အလဲထိုးရမှာလဲဆိုတော့ သူ စီးပွားတက်လာရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်စီးပွားပျက်မှာကိုး လို့ပြောပါတယ်။ ပြိုင်ဘက်က စီးပွားတက်လာရင် မိမိစီးပွားပျက်မယ်ဆိုတာကို ဘယ်သူကပြောလဲဆိုတော့ သူလဲ တိတိကျကျမပြောနိုင်ပါဘူး။

ဒါနဲ့ ကျွန်တော်က တစ်ယောက်စီးပွားပျက်မှ နောက်တစ်ယောက်က အောင်မြင်မယ့်စီးပွားရေး သီဝရီနည်းလမ်းဆိုတာ မရှိဘူး။ ကျွန်တော်တို့ဆီမှာ လူတိုင်းအောင်မြင်ကြီးပွားတဲ့နည်းလမ်းတွေပဲ ရှိပါတယ်။ ပြိုင်ပွဲမှာ ယုန်က ရှုံးပြီး လိပ်က နိုင်တဲ့ပြိုင်ပွဲမျိုး (၂၁) ရာစုမှာ မရှိတော့ဘူး။ လုံ့လ ဝိရိယရှိတဲ့လူတိုင်း လိပ်ရော ယုန်ပါ အနိုင်ရတဲ့နည်းတွေပဲ ရှိပါတယ်လို့ ပြောတော့ လူငယ်က သိပ်မကျေနပ်ချင်ပါဘူး။ ဒါနဲ့ ကျွန်တော်လဲ ကျွန်တော်ရဲ့ **အောင်နိုင်သူဆိုတဲ့စာအုပ်** လေးကို ပေးလိုက်ပြီး ဒီစာအုပ်ကို ဆုံးအောင်ဖတ်ပြီးမှ ပြန်ဆွေးနွေးကြရအောင်ပါလို့ ပြောရပါတယ်။

တကယ်ပါပဲ လောကမှာတစ်ယောက် ကောင်းစားဖို့ တစ်ယောက်ကျဆုံးပေးရမယ်ဆိုတဲ့နည်း ဟာ ခေတ်မမီတော့ပါဘူး။ လောကမှာ ဘယ်သူပဲဖြစ်ဖြစ်၊ ဘယ်အရပ်မှာပဲ မွေးမွေး၊ ဘယ်လိုနက္ခတ်မျိုးနဲ့ ယှဉ်ပြီးပဲမွေးမွေး လူတိုင်းဟာ အောင်မြင်မှုနည်းလမ်း တွေကို တိတိကျကျလိုက်နာရင် လူတိုင်းအောင်မြင်သူ ဖြစ်နိုင်ပါတယ်။





ကျွန်တော်က ဒီလူငယ်ကို လူတစ်ယောက် အောင်မြင်ဖို့အတွက် လူတစ်ယောက်က ကျဆုံးရမယ် ဆိုတာ ဘယ်သူကပြောလဲလို့မေးတဲ့အခါမှာ လူငယ်က မဖြေနိုင်ပါဘူး။ ဒါပေမယ့် ဒီစကား သူ့ကို ဘယ်သူက ပြောထားတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဘယ်သူက ပြောထားလဲဆိုတော့ သူ့ကို ပြောထားသူက အနန္တသူရိယ အမတ်ကြီးပါ။ အနန္တသူရိယအမတ်ကြီးက မျက်ဖြေလင်္ကာ(၄)ပိုဒ် ရေးခဲ့ရာမှာ -

သူတည်းတစ်ယောက်
ကောင်းဖို့ရောက်မူ
သူတစ်ယောက်မှာ
ပျက်လင့်ကာသာ
ဓမ္မတာတည်း . . .

လို့ ရေးခဲ့ပါတယ်။ ဒီစာသားဟာကျွန်တော်တို့ လူမျိုး အပေါ်မှာ အတော့်ကို ဩဇာ လွှမ်းမိုးခဲ့ပါတယ်။ ဒီလင်္ကာကို နရပတိစည်သူ(၁၁၇၄-၁၂၁၁) လက်ထက် ပုဂံခေတ်မှာ ရေးခဲ့တယ်လို့ ဆိုပေမယ့် အရေးအသား အရ ပုဂံခေတ်ထက် နောက်ကျစရာလဲ ရှိပါတယ်။ လင်္ကာလေးပုဒ်မှာ ကျန်တဲ့အပုဒ်တွေဟာ တရားဓမ္မနဲ့ ယှဉ်ပြီးရေးတာမို့လို့ ပြောစရာမရှိပေမယ့် သူတစ်ယောက်ကောင်းစားဖို့ သူတစ်ယောက် အသေအချာ ပျက်စီးရမယ်ဆိုတာ အလွန်မှစဉ်းစားစရာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ပွဲ ဆိုတာကို ရှင်းပြရရင် လူ့လောကမှာ သဘာဝ ရတနာသိုက်ကြီး ရှိတယ်။ ဒီသိုက်ကြီးထဲမှာ သုံးလို့မကုန်၊ ယူလို့မခမ်းနိုင်တဲ့ ရတနာတွေရှိတယ်။ ဒီရတနာသိုက်ကြီးထဲကို ရောက်ခဲ့တဲ့သူတွေလဲ ရှိတယ်။ ဒီရတနာသိုက်ကြီးကို ဖွင့်ဖို့ သော့(၁၇)ချောင်းနဲ့ဖွင့်ပြီးဝင်တဲ့လူတွေဟာ လိုတာရခဲ့ကြတယ်။ အင်ဒရူးကာနက်ဂျီဆိုတဲ့ပုဂ္ဂိုလ်က အဲဒီရတနာသိုက်ကြီးထဲကို သူရောက်ခဲ့တယ်။ အပြန်မှာ သူကတော့ သံမဏိတွေ ယူလာခဲ့တယ်လို့ ဆိုပါတယ်။ သူက သံမဏိသူဌေးကြီးလေ။ ဒီရတနာသိုက်ထဲကို ရောက်အောင်သွားဖို့ပဲလိုတယ်။ ရောက်ဖို့ဖြစ်အောင်ကြိုးစားသူတိုင်း ရောက်ခွင့်ရှိပါတယ်။ ဒီရတနာသိုက်ကြီးထဲကို လူတစ်ယောက်ရောက်ဖို့အတွက် အခြားသူတစ်ဦး ပျက်စီးပေးရမယ်ဆိုတဲ့ ကိစ္စဟာ မမှန်ပါဘူး။ ဟိုအရင်က ပဒေသရာဇ်တွေနန်းလုတဲ့ကိစ္စ၊ အဓမ္မကိစ္စတွေမှာ ဖြစ်ချင်ဖြစ်မယ်။ ဝိရိယသမိုင်းမှာ တစ်ယောက်ကျဆုံးမှ တစ်ယောက်ကောင်းစားတာ မရှိပါဘူး။ လူ့သမိုင်းဆိုတာ ဝိရိယသမိုင်းပဲဖြစ်ပါတယ်။ လူ့သမိုင်းဆိုတာ စေတနာမေတ္တာသမိုင်းပဲ ဖြစ်ပါတယ်။ စေတနာ မေတ္တာစိတ်ကောင်းထားမယ်၊ လုံ့လ ဝိရိယရှိမယ်ဆိုရင် ကျဆုံးတဲ့လူ မရှိ တစ်တန်းလုံးအောင်နိုင်ပါတယ်။





ကျွန်တော်တို့လူမျိုးမှာ သူတည်းတစ်ယောက်ကောင်းဖို့ရောက်မှ လက်ာကြောင့် မုန့်ဟင်းခါးရောင်းသူအချင်းချင်း၊ လက်ဖက်ခြောက်ရောင်းသူအချင်းချင်းမိတ်ဖြစ် အဖွဲ့ဖွဲ့ပြီး မြန်မာနိုင်ငံလက်ဖက်ခြောက်ကောင်းသည်ထက်ကောင်းအောင် လုပ်ရမည့်အစားသူကောင်းစားရင် ငါပျက်တော့မှာပဲဆိုတဲ့ အစွဲကြောင့်သူမကောင်းအောင် လုပ်ရင်း မိမိပါ စီးပွားပျက်ရတာတွေရှိပါတယ်။

ဒီနေ့ ကမ္ဘာဈေးကွက်ဟာ အင်မတန်မှ ကြီးပါတယ်။ ခန့်မှန်းလို့ကို မရပါဘူး။ အချိန်နဲ့အမျှလဲ ကြီးထွားနေပါတယ်။ ဇရာမကြီးမားတဲ့ ဒီဈေးကွက်ထဲမှာ လူတွေဟာ မိမိလုံ့လဝိရိယစွမ်းပကား၊ အတတ်ပညာ၊ ရိုးသားမှုနဲ့ ကြိုက်သလောက်အမြတ်အစွန်း ရယူလို့ရပါတယ်။ မိမိရယူတဲ့ အမြတ်အစွန်းအတွက် ဘယ်သူကိုမှလဲ မထိခိုက်ပါဘူးလို့တင်ပြလိုပါတယ်။

ဒါကြောင့် သူတည်းတစ်ယောက် ကောင်းဖို့ရောက်မူ သူတစ်ယောက်မှာ ပျက်စီးဖို့ ဆိုတာ မမှတာမဟုတ်ဘဲ ချွတ်ယွင်းချက်သာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**သတင်းစုံ - ၁. ၈. ၂၀၀၀**



www.burmeseclassic.com

www.burmeseclassic.com

# ကြေနပ်ကြည်နူးဝမ်းသာမှုရှိပါသည်

တယ်လီဖုန်းမှအသံမြည်လာပါသည်။

ကျွန်တော်သည်ရေးလက်စစာကို ရပ်၍ တယ်လီဖုန်းဆီသို့သွားကာ "ဟဲလို. . . . ဟဲလို"ဟု အသံပြုလိုက်ပါ၏။

"အခု တယ်လီဖုန်းက ဘယ်ကပါလဲရှင်"

"အစ်မကြီးက ဘယ်ကိုဆက်တာပါလဲ"

"ဟို . . . စာရေးဆရာ အိမ်ကိုပါ"

"စာရေးဆရာက ဘယ်စာရေးဆရာလဲ"

"အဲနေပါဦး. . . စာရေးဆရာချစ်စံဝင်း"

"ဒါဆိုရင်တော့မှန်ပါတယ်၊ ဘာကိစ္စရှိလို့ပါ လဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ စာရေးဆရာချစ်စံဝင်းနဲ့ တွေ့ချင်လို့"

"ကျွန်တော်ပါဗျ"

"ဆရာက စာရေးဆရာချစ်စံဝင်းလား . . အလျှင်းသင့်လိုက်တာရှင်၊ ဒါဆိုရင် ကျွန်မကိစ္စတွေ အတော်ချောချောမောမောဖြစ်မယ့်အတိတ်နမိတ်ပဲ၊ ဆရာ့ကို ရှောရှောရှူရှူနဲ့ တွေ့ရတော့ . ဝမ်းသာပါတယ် ဆရာ"

"အစ်မကြီးက ဘာကိစ္စရှိလို့လဲ"

"ကိစ္စက တိုင်ပင်စရာပါ၊ ဆရာ့စာအုပ်တွေ ကျွန်မဖတ်ဖူးပါတယ်။ ဒါနဲ့ အခုကိစ္စတစ်ရပ်ပေါ်လာတော့ ဆရာနဲ့ လှမ်းပြီးတိုင်ပင်ချင်တာ၊ ဒါပေမယ့် ဆရာ့တယ်လီဖုန်းနံပါတ်မသိတာနဲ့ စာစောင်တစ်ခုကို လှမ်းမေးပြီး ဆက်ရတာ၊ ဆရာနဲ့တန်းတွေ့ရတော့ အဆင်ပြေလိုက်တာရှင်"

"အဆင်ပြေတာတော့ ဟုတ်ပါပြီ၊ ကျွန်တော်က ဘာကူညီရပါမလဲခင်ဗျာ"

"ဒီလိုပါဆရာရဲ့ . . . ဆရာအချိန်ရတယ်နော်"

"အချိန်ကတော့ အစ်မကြီးကိစ္စ အရေးကြီးတဲ့ပေါ်မှာမူတည်ပါတယ်။ ကိစ္စအရေးကြီးရင် အချိန်ပေးရမှာပေါ့"





"ကိစ္စက ကျွန်မအတွက်တော့ အရေးနည်းနည်းကြီးပါတယ်"

"ဟုတ်ကဲ့ ပြောပါ ကျွန်တော်နားထောင်ပါ့မယ်"

"ကျွန်မ ရခိုင်ကို မဖြစ်မနေသွားသမီးကိစ္စနဲ့ ခရီးသွားဖို့ရှိပါတယ်။ အဲဒါ အစိုးရလေယာဉ်ကို စီးရတာပိုစိတ်ချရလား၊ ပုဂ္ဂလိကလေယာဉ်စီးရတာ ပိုစိတ်ချရလား၊ အဲဒါ ဆရာ့အဆုံးအဖြတ်လိုချင်လို့ပါရှင်" ဆရာကတော့ နိုင်ငံတကာလဲသွား၊ အိန္ဒိယကို ခြောက်ခေါက်တောင်သွားဖူးတယ်ဆိုတော့ ပြည်ပဗဟုသုတ၊ ခရီးသွားဗဟုသုတလဲပြည့်စုံလို့ ဆရာ့ဆီက အကြံဉာဏ်ကို ယူသင့်တယ်ထင်လို့ပါ"

"လေယာဉ်စီးတဲ့အခါမှာ ပုဂ္ဂလိကလေယာဉ်က စိတ်ချရလား . . အစိုးရလေယာဉ်က စိတ်ချရလားဆိုတာ၊ ပြောဘို့အတော်ခက်တယ်၊ လေယာဉ်တွေအားလုံးစိတ်ချရတယ်လို့ဆိုနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လေယာဉ်တိုင်းဟာ သူသွားမယ့်ခရီးဆုံးအထိ ၁၀၀ ရာခိုင်နှုန်းအန္တရာယ်မရှိမှ ထွက်လေ့ရှိတာပဲ၊ ဘယ်လေယာဉ်မှ တစ်ရာခိုင်နှုန်း အန္တရာယ်ရှိရင်တောင် မထွက်ကြပါဘူး။ အဲဒီတော့ အစ်မကြီးကြိုက်တဲ့ လေယာဉ်သာ စီးသွားပါ၊ လက်မှတ်ဝယ်လို့လွယ်တဲ့ လေယာဉ်၊ မိမိအချိန်မှီသွားချင်ရင် စောစောဦးဦးထွက်


www.burmeseclassic.com

www.burmeseclassic.com



တဲ့လေယာဉ်ကို ရွေးသွားရုံပဲရှိတယ်၊ အဲ ကျွန်တော်က တော့ အစ်မကြီးသိအောင်ပြောရရင် ဘယ်မှာမဆို တတ်နိုင်သမျှလေယာဉ်ခရီးကိုရှောင်တယ်"

"ဟုတ်ပါပြီ. . . အဲဒီအချက်ကို ကျွန်မ သိချင် ပါတယ်၊ ဘာပြုလို့လေယာဉ်ခရီးကိုရှောင်တာလဲ"

"ကျွန်တော်က လေယာဉ်ခရီးဟူသမျှကို လုံးလုံးရှောင်တာမဟုတ်ပါဘူး။ မလွဲမရှောင်သာမှပဲ လေယာဉ်စီးတယ်၊ ကားနဲ့မီးရထားနဲ့သွားလို့ရတဲ့ခရီး တွေဆိုရင် ကားနဲ့မီးရထားအဓိကထားပြီးရွေးတယ်၊ ပြည်ပရောက်ပြီး၊ အဲဒီနိုင်ငံထဲက ပြည်တွင်းခရီးစဉ်တွေ မှာလဲ ဒီလိုပဲ ကျွန်တော်က ရထား၊ ကားနဲ့ သွားလို့ရရင် လေယာဉ်ခရီးကို ရှောင်တယ်၊ ဒါတောင် ကျွန်တော်က နှစ်စဉ် ခရီးနှစ်ခေါက်လောက်တော့ မလွဲမရှောင်သာ လေယာဉ်နဲ့ သွားရတတ်ပါတယ်"

"ဆရာ ဆက်ရှင်းပြပါဦးရှင်၊ ဘာလို့ လေ ယာဉ်ခရီးကို ရှောင်လို့ရသမျှရှောင်တာလဲ"

"ကျွန်တော်က လေယာဉ်စီးရမှာကြောက်လို့ အမြင့်ကိုကြောက်တာ၊ ဒါကြောင့် လေယာဉ်ခရီးဆိုရင် မလွဲမရှောင်သာမှစီးတယ်၊ လေယာဉ်နဲ့မသွားပဲ အခြား ရွေးချယ်စရာကား၊ မီးရထားရှိရင် ကားမီးရထားကိုရွေး တယ်၊ တစ်နိုင်ငံနဲ့တစ်နိုင်ငံသွားရာမှာတော့၊ ကား၊ မီးရ ထားနဲ့ သင်္ဘောခရီးကို ရွေးချယ်စရာမရှိဘူး လေယာဉ်





ပဲ ရှိတော့ လေယာဉ်ပဲ စီးရတယ်၊ ဒါတောင် တစ်နိုင်ငံ ကနေ တစ်နိုင်ငံသွားရာမှာ ကားတို့ ရထားတို့နဲ့သွား လို့ရရင် ကား၊ ရထားနဲ့ သွားတယ်၊ ဥပမာ - ဗန်ကောက်ကနေ ပီနန်၊ ပီနန်ကနေ စင်ကာပူ စတဲ့ ခရီးတွေမှာ ကားရော၊ ရထားရောရှိတဲ့အတွက် ကျွန်တော့်အဲဒီခရီးတွေမှာလဲ ကားနဲ့ရထားနဲ့သွားတာ များတယ်။

"ဒါလောက်သိရရင် မဆိုးပါဘူးရှင်"

"ကျွန်တော်က အမြင့်ကခုန်ချရမှာလဲကြောက် တယ်၊ ဒါကြောင့် ငယ်ငယ်ထဲက နံမည်ဲခဲမှာ မြင့်ပါရင် တောင် ကျွန်တော်က နောက်မပိုးမိအောင်ရှောင်တာ"

"ကျွန်မနံမည်က ဒေါ်စိန်စိန်မြင့်"

"စိန်လိုမြင့်တယ်ဆိုတော့ ပိုလန့်ဖို့ကောင်း တာပေါ့၊ ကျွန်တော် အမြင့်ကို ကြောက်လို့ လေယာဉ် ခရီးကို ရှောင်တာ၊ ဒါပေမယ့် ရှောင်လို့မရရင်တော့ သတ္တိမွေးပြီးစီးပါတယ်"

"ဆရာခရီးသွားရာမှာ ယာဉ်ရွေးချယ်ပုံ ရွေး ချယ်နည်းက ဘယ်လိုပါလဲရှင်"

"လေယာဉ်ကို မစီးဘဲ ရွေးချယ်ခွင့်ရရင် ပထမဆုံး ကျွန်တော်က ရထားခရီးကိုရွေးတယ်၊ ရထား မရရင်ကားလမ်းကိုရွေးတယ်၊ ကားရော ရထားရော မရမှ သင်္ဘောကို ရွေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောခရီးက အလွန်သက်သာတာပဲ ဘာပြုလို့နောက်ဆုံးထားရတာလဲ"

"ဒါကတော့ ညအချိန် သင်္ဘောနဲ့သွားလို့ အိပ်ပျော်နေတုန်း သင်္ဘောမှောက်ရင် မိမိကိုယ်မိမိ မကယ်နိုင်ဘူး၊ သေဖို့များတယ်၊ ရထားနဲ့ကားနဲ့မှာတော့ အသက်ဉာဏ်စောင့်ဆိုသလို အရေးအကြောင်းကြုံလာရင် မိမိရဲ့ သတိကို မိမိသုံးခွင့်ရှိတယ်၊ လေယာဉ်ခရီးနဲ့ သင်္ဘောခရီးမှာ မိမိသတိကို မိမိသုံးခွင့်မရှိဘူး"

"ဒါဆိုရင် ကျွန်မ သဘောပေါက်ပါပြီ၊ ကျွန်မလဲ လေယာဉ်ခရီးကို မလွဲမရှောင်သာရွေးရမှာပဲ"

"ရခိုင်ကို ကားလမ်းတွေ ဒိုးယိုပေါက်နေပြီပဲ၊ ကားလမ်းကိုပဲ ရွေးနိုင်ပါတယ်"

"ကျွန်မက အမြန်သွားရမှာ ဆရာ၊ ကျွန်မ ဆရာနဲ့ စကားပြောရင်း ရရာလေယာဉ်နဲ့ သွားဖို့ဆုံးဖြတ်လိုက်ပါပြီ၊ ဒါနဲ့ လက်မှတ်ဘယ်လိုဝယ်ရလဲဆရာ"

"အဲဒီကိစ္စဟာ ကျွန်တော်မကျွမ်းကျင်ဆုံးကိစ္စပဲ၊ ကျွန်တော်က လေယာဉ်ခရီးကို ကျွန်တော့်ကိစ္စအတွက်ကျွန်တော်သွားတာမရှိသလောက်ပဲ သူများကိစ္စနဲ့သွားတာများလို့ လေယာဉ်လက်မှတ်လဲ ကျွန်တော်က မှတ်ပုံတင်ပေးလိုက်ရင် သူတို့ဟာသူတို့ လက်မှတ်ဝယ်ပေးတာများလို့ ဒီကိစ္စ မကျွမ်းဘူးခင်ဗျ"





"လက်မှတ်ဝယ်တဲ့နေရာကော မသိဘူးလား ဆရာ"

"အဲဒါလဲ မသိဘူး၊ ဒါပေမယ့် ကျွန်တော် အရေးပေါ် အရင်က လက်မှတ်မှာတဲ့သူတစ်ယောက်တော့ရှိတယ်။ သူ့နံမည်က ကိုညွန့်တင်တဲ့၊ ဖုန်းဆက်ရင် ရတယ်၊ လေယာဉ်ရုံးနောက်ဖေးမှာနေတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာ့ဆီက အကြံဉာဏ်တွေအများကြီးရပါတယ်"ဟုဆိုကာ တစ်ဖက်မှ ဖုံးချသွားပါ၏။

ကျွန်တော်ပြောဆိုသည့်အထဲမှ ဒေါ်စိန်စိန်မြင့် မည်သို့သော အကြံဉာဏ်တွေရရှိသွားသည်မသိ၊ တစ်ဖက်မှ အကြံဉာဏ်တွေရရှိသွားသည်ဟုဆိုသောကြောင့် ကျွန်တော်ဝမ်းသာသွား၏။ စာရေးဆရာ၏ အလုပ်တစ်ခု ပြီးမြောက်သွားသည်ဟု ဆိုနိုင်ပါ၏။

နောက်တစ်ရက် နှစ်ရက်လောက်ကြာတော့

ကျွန်တော့်ဇနီးဖြစ်သူက "ဦးချစ်စံ .. နယ်တနဲ့တူတယ် တယ်လီဖုန်း"ဟုဆို၍ ကျွန်တော်သည် စာရေးရာမှ တယ်လီဖုန်းဆီသို့ထ၍ သွားပါ၏။

"ဟဲလို .. ကျွန်တော် ချစ်စံဝင်းပါ .. ပြောပါခင်ဗျာ"

"လူတစ်ယောက်က ဆရာနဲ့စကားပြောချင်လို့တဲ့ ဖုန်းခဏကိုင်ထားပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"စကားပြောချင်တာ ဘယ်သူလဲ ဘယ်ကလဲ"

ကျွန်တော်က စကားပြောချင်တဲ့သူက ဘယ်သူလဲဟုမေးတော့ တဖက်တယ်လီဖုန်းပြောနေသူက ဘယ်သူလဲလို့မေးနေတယ်၊ ခင်ဗျားနံမည် ဘယ်သူလဲဟုမေးသံဖုန်းထဲမှ ကြားနေရပါ၏။ "ကမ္မက ကျောင်းဆရာ ကိုမြင့်လို့ပြောလိုက်ပါ"တဖက်မှ ဖြေသံကိုလည်း ကြားနေရသည်။

"ကမ္မက ကိုမြင့်ပါတဲ့ခင်ဗျာ"

"ဒါဆိုရင် အဲဒီပုဂ္ဂိုလ်နဲ့တိုက်ရိုက်ပြောပါရစေ" ဟုကျွန်တော်ကဆိုတော့ ကိုမြင့်ဆိုသူက တယ်လီဖုန်းလာကိုင်၏။ ကိုမြင့်သည် တယ်လီဖုန်းကို ကောင်းစွာမပြောတတ်။ စကားပြောရမည့်ဘက်နှင့် နားထောင်ရမည့်ဘက် လွဲနေ၍ ပြန်လှည့်နေရသေးဟန်တူ၏။

"ကျွန်တော်က ကမ္မမြို့နယ်ကကျောင်းဆရာ ကိုမြင့်ပါခင်ဗျာ၊ ဆရာနဲ့တွေ့ချင်လို့ကမ္မကလာရတာ"

"ခင်ဗျားကို ကျွန်တော်မသိပါဘူး၊ ဘာကိစ္စများရှိပါသလဲခင်ဗျာ၊ ဘယ်ကပြောနေတာလဲ"

"ကျွန်တော်အဝေးပြေးဂိတ်ကပြောနေတာပါ"

"ဘာကိစ္စရှိလို့လဲ ဦးမြင့်"

"ကျွန်တော်က ကမ္မမြို့နယ် လဲလူကုန်းကျေးရွာက ကျောင်းဆရာပါဆရာ၊ ဆရာကမ္မမှာစာပေဟော





ပြောပွဲလာတုန်းက ဆရာဟောပြောပွဲကို ကျွန်တော်နားထောင်ဖူးပါတယ်။ အဲဒီတုန်းက ဆရာနှမ်ဂျာသိုင်းလဲပါပါတယ်"

တဖက်မှ စကားပြောနေသူ ကျောင်းဆရာကိုမြင့်ဆိုသူသည် စကားပြောနေသမျှသည် အထစ်အငေါ့များ၊ စိုးရိမ်ပူပန်မှုများနှင့်ပြောဆိုနေသည်ကို တစ်ဖက်မှ ကျွန်တော်သည် အတိုင်းသားသိနေရ၏။

"ဒီမှာဆရာဦးမြင့်. . . ခင်ဗျားစိတ်ငြိမ်ငြိမ်ထားပြီးစကားပြော၊ ခင်ဗျားစိတ်တွေလှုပ်ရှားနေတယ်၊ ခင်ဗျားစိတ်လှုပ်ရှားနေရင် ခင်ဗျားဘာပြုလို့ ကျွန်တော့်ဆီကို ဖုန်းဆက်တယ်ဆိုတာ ကျွန်တော်အလွယ်နဲ့ မသိနိုင်ပဲရှိပါတယ်၊ စိတ်အေးအေးထားပြီး စကားပြောပါ၊ ကျွန်တော် ခင်ဗျားကို ကူညီနိုင်သမျှ ကူညီမယ် ပြော၊ ခင်ဗျား ဘာလုပ်ချင်တာလဲ လိုရင်းပြောပါ"

"ဆရာ့ စာအုပ်တွေအများကြီး ကျွန်တော်ဖတ်ရပါတယ်၊ ကျွန်တော်ဖတ်ပြီး ကျွန်တော့ တပည့်တွေကိုလဲ ပြောပြပါတယ်၊ တခြားသူတွေကိုလဲ ငှားဖတ်ပါတယ်၊ ကျွန်တော့်မှာရှိတဲ့ ဆရာ့စာအုပ် အရေအတွက်နဲ့ ကျွန်တော့်ဆီက ငှားဖတ်တဲ့သူတွေရဲ့စာရင်းလဲပါပါတယ်"

"ခင်ဗျားဘာလုပ်ချင်တာလဲ၊ ဘာပြုလို့ [illegible]တုန်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနေ့က ကမ္ဘမြို့က ထွက်လာခဲ့တာ၊ အခုအဝေးပြေးဂိတ်ကိုရောက်နေပါတယ်၊ အဝေးပြေးဂိတ်က တည်းခိုခန်းမှာ တည်းနေပါတယ်၊ ဆရာနဲ့တွေ့ဖို့လာတာ၊ အခုတယ်လီဖုန်းဆက်ပြီး ကျွန်တော်ရွာပြန်ပါတော့မယ်"

"ကျွန်တော်နဲ့တွေ့ဖို့လာတာ၊ မတွေ့ရသေးပဲ ဘာပြုလို့ ခင်ဗျား ရွာပြန်မှာလဲ"

"ကျွန်တော်က ရန်ကုန်ကို ဒီလောက်ကြီး ကျယ်မယ်လို့မထင်ဘူး၊ အခုမြို့ကြီးက အကြီးကြီး၊ ကျွန်တော် ဘယ်ရောက်နေမှန်းလဲမသိဘူး၊ ကျွန်တော် မှာရှိတဲ့ပိုက်ဆံလဲ ကုန်ပြီ၊ ဒါကြောင့် ဆရာဆီဖုန်းဆက်ပြီး ကျွန်တော်ပြန်တော့မလို့"

"တည်းခိုခန်းဖိုးက တနေ့ဘယ်လောက်ကျလဲ"

"တစ်ည တစ်ထောင့်ငါးရာ ဆရာ"

"ဝမ်းနည်းပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော် ဒီနေ့တော့ ဘယ်လိုမှတွေ့လို့မရဘူး၊ တစ်နေ့လုံးချိန်းထားတာတွေနဲ့၊ ဒီတော့ မနက်ဖြန်စောစော ကျွန်တော့်အိမ်ကိုလာ၊ ဒီညတည်းခိုတဲ့စရိတ်နဲ့ ထမင်းစရိတ် ကျွန်တော်ပေးမယ်၊ ကျွန်တော်နဲ့ တွေ့ဖို့လာတာ တွေ့ပြီးမှ ပြန်ပါ"

"ဒါဆိုရင် ဆရာ့ကို ကျွန်တော်အားနာပါတယ်၊ ကျွန်တော် ကမ္ဘကိုပဲ ပြန်ပါရစေ"





"ခင်ဗျားပြန်မယ်ဆိုရင် ဘာပြုလို့ကျွန်တော့်ဆီဖုန်းဆက်ရတာလဲ အဝေးပြေးဂိတ်ရောက်ထဲက အပြန်လက်မှတ်ယူပြီး ပြန်ပေါ့၊ အခု ကျွန်တော့်ဆီ ဖုန်းဖက်ပြီးမှတော့ ခင်ဗျားကျွန်တော်နဲ့တွေ့ပြီးမှ ပြန်ရမယ်၊ အားနာတယ်ဆိုတာ ဖယ်ထား၊ အားနာတာက လူ့ဘဝမှာ သိပ်အသုံးမကျဘူး၊ ရန်ကုန်ရောက်မှတော့ ရွှေတိဂုံဘုရားလဲ ဖူးရဦးမယ်၊ ကဲ ကျွန်တော့်ဆီလာတဲ့ကိစ္စလို ရင်းပြောဗျာ"

"ဆရာရဲ့ **မိုးထိအောင်လှေကားထောင်နဲ့ အထွတ်အထိပ်မှာတို့နေမယ်**စာအုပ် နှစ်အုပ်စလုံးကို ကျွန်တော်အလွတ်ကျက်ထားတယ်၊ အဲဒီထဲက အတိုင်း ကျွန်တော်ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်"

"အဲဒီထဲကအတိုင်း ဘာကို ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတာလဲ"

"ကျွန်တော်ဆုံးဖြတ်ထားတာက ကျွန်တော် ဒါရိုက်တာလုပ်ချင်တယ်၊ ဒါကြောင့် ကျွန်တော် ကျောင်းဆရာအလုပ်ကထွက်ပြီး ဒါရိုက်တာလုပ်မလို့ ဆရာ့ဆီ လာတာ"

ကျွန်တော်သည် စိတ်ထဲမှ ဘုရားတလိုက်သည်၊ ရန်ကုန်မြို့တွင် ဒါရိုက်တာလုပ်ဖို့ဆိုသောကိစ္စက ကျွန်တော်တောင် စိတ်မကူးရဲသောကိစ္စဖြစ်၏၊ ထို့သော် ဒီပုဂ္ဂိုလ် စိတ်ဓါတ်ကျမသွားဖို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးသည်။ မဒေါ်နားသည်လည်း ဤနည်းဖြင့် နယူးယောက်သို့ တက်လာကာ ကမ္ဘာ့ရုပ်ရှင်ဂီတလောကကို အပိုင်စီးခဲ့ခြင်းဖြစ်ရာ သူ၏လာခြင်းကို ကျွန်တော် မဖျက်ဆီးလို၊ ထို့ကြောင့် ကျွန်တော်က -

"ကဲ. . .ဦးမြင့် ခင်ဗျား မနက်စောစော ကျွန်တော့်အိမ်ကို အဝေးပြေးဂိတ်ကနေ မနက်ရှစ်နာရီ အရောက်လာ၊ လာဖြစ်အောင်လာ၊ ဒါပဲ တယ်လီဖုန်းဖိုးလဲ အတော်ကျနေပြီ၊ မလာပဲမနေနဲ့၊ ကျွန်တော်စောင့်နေမယ်၊ ပုဇွန်တောင်ကိုလာရမှာ ဘယ်လိုလာရမယ်ဆိုတာ အဝေးပြေးဂိတ်မှာ မေးစမ်းပြီးလာခဲ့ပါ၊ ကဲဒါပဲ"

ကျွန်တော် ဖုန်းချလိုက်ပါ၏။ ရင်လည်း အတော်မောသွားသည်။ အလုပ်ထွက်လာသည်ဆို၍ ပို၍စိတ်မောသွား၏။ အေးလေ မနက်ကျမှပဲ ဇာတ်စုံမေး၍ အဆုံးအဖြတ်တစ်ခုလုပ်ရမှာပဲဟုဆိုကာ ထိုကိစ္စကိုဆက်မစဉ်းစားပဲ သွားစရာရှိသော ကိစ္စအတွက် ဆက်ပြင်ရ၏။

နောက်တစ်နေ့နံနက် ၇ နာရီထိုးစဉ်ကပင် ကျွန်တော် ကိုမြင့်ကို စောင့်နေမိ၏။ သို့သော် ကိုမြင့်ပေါ်မလာ၊ နံနက် ၉ နာရီခွဲလောက်မှ တယ်လီဖုန်းမှ အသံမြည်လာ၏။ ဟဲလို ဘယ်သူပါလဲဟုအသံပြုလိုက်တော့ ကျောင်းဆရာကိုမြင့်ဖြစ်နေ၏။





"ခင်ဗျားကို စောင့်နေတာ ဘာပြုလို့မလာတာလဲ"

"မနက်က ရှ နာရီခွဲလောက် ကျွန်တော် ဆရာ့အိမ်ကိုရောက်တယ်၊ ဆရာ့အိမ်က တံခါးပိတ်ထားလို့ ပြန်ခဲ့တယ်"

"ခင်ဗျား တံခါးကို မခေါက်ဘူးလား၊ နောက်တံခါးမှာတပ်ထားတဲ့ခေါင်းလောင်းကို မနှိပ်ဘူးလား"

"တံခါးပိတ်ထားတော့ အိမ်မှာ လူမရှိဘူးလို့ ထင်ပြီးပြန်ခဲ့တာ"

"အခုခင်ဗျားဘယ်ရောက်နေလဲ"

"မြောက်ဥက္ကလာပအဝေးပြေးဂိတ်ပြန်ရောက်နေပြီဆရာ"

"တိုက်မှာနေတာ၊ ဘယ်သူက တံခါးအမြဲဖွင့်ထားမှာလဲ၊ အခန်းအားလုံးဒီလိုပိတ်ထားရတာ၊ တံခါးကိုခေါက်မှပေါ့၊ တံခါးကိုသော့ခတ်ထားမှ ဒီအိမ်မှာလူ မရှိဘူးလို့ ယူဆရမှာ"

"အဲဒါ ကျွန်တော်မသိဘူးဆရာ"

"အဲဒီလိုဆိုအခု ခင်ဗျား အဝေးပြေးဂိတ်ကနေ ပြန်လာခဲ့၊ ကျွန်တော်စောင့်နေမယ်"ဟုဆိုကာ ကျွန်တော့်ဘက်မှ တယ်လီဖုန်းကိုချလိုက်၏။ ကိုမြင့်သည် ၁၂ နာရီထိုးလောက်မှ ကျွန်တော့်ဆီရောက်လာ၏။ သူက ဒါရိုက်တာအလွန်လုပ်ချင်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အိမ်မှ နွားတစ်ကောင်ကို ရောင်းကာ ရန်ကုန်တက်လာခြင်းဖြစ်ကြောင်း ကလေးနှစ်ယောက်နှင့် ဇနီးရှိကြောင်း၊ အမေလဲရှိသေးကြောင်း၊ ကျွန်တော်ရွာက ထွက်လာတော့ အမေက ကမ္ဘာကို လူလွှတ်ရှာခိုင်း၍ ကမ္ဘာတွင် ပုန်းနေရသေးကြောင်း၊ ကမ္ဘာနှင့် လဲလူကုန်းရွာသည် ငါးမိုင်လောက်ဝေးကြောင်းပြောပါ၏။

"ဒါဆိုရင် ခင်ဗျား ဒါရိုက်တာလုပ်ဖို့ရန်ကုန်တက်လာတာ ခင်ဗျားမိန်းမရော အမေကပါ မသိဘူးပေါ့"

"ဟုတ်ကဲ့ဆရာ"

"ခင်ဗျားဒါရိုက်တာလုပ်ချင်တာ၊ ရန်ကုန်မှာ စွန့်စားချင်တာကို လေးစားပါတယ်၊ ဒါပေမယ့် ဇနီးသားသမီးနဲ့ အမေမသိပဲ ထွက်လာလို့ ဘယ်ရမလဲ၊ ခင်ဗျားက အိမ်ထောင်ဦးစီး၊ ခင်ဗျားသူတို့အပေါ်မှာ တာဝန်ရှိသေးတယ်"

"ကျွန်တော် သူတို့လုပ်ကိုင်စားဖို့မြေငါးဧကထားခဲ့တယ် ဆရာ"

"ဒါလောက်နဲ့ ဘယ်ရမလဲ ကလေးတွေ လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ လဲလူကုန်းရွာမှာ ခင်ဗျားမားမားမတ်မတ်ရှိဖို့လိုသေးတာပေါ့"

"ဒါဆိုရင် ကျွန်တော် ရန်ကုန်မှာ ဒါရိုက်တာမဖြစ်နိုင်တော့ဘူးလားဆရာ"





"မဖြစ်နိုင်ဘူးလို့တော့ မပြောပါဘူး"

"ဒီလိုဆိုရင် ဆရာက ဘာကူညီနိုင်လဲဆရာ"

"ကျွန်တော် ကူညီနိုင်တာက ဒီဇင်ဘာလောက်မှာ ကျွန်တော် လယ်တီဆရာတော်ကြီးထေရုပ္ပတ္တိကို ဗွီဒီယိုရိုက်စရာရှိတယ်၊ အဲဒီခရီးကတစ်လလောက်ကြာမယ်၊ အဲဒီခရီးမှာ ကျွန်တော်ခင်ဗျားကို ခေါ်သွားနိုင်တယ်၊ ဒီတော့ အဲဒီကိုလိုက်ပြီးရုပ်ရှင်လုပ်ငန်းဆိုတာဘာလဲ ဒါရိုက်တာဆိုတာဘာလုပ်ရတာလဲ ခင်ဗျားလေ့လာကြည့်၊ အဲဒီလိုလေ့လာဖို့ကိုတော့ ကျွန်တော်ကူညီနိုင်တယ်၊ ဒါပေမယ့်အဲဒီလိုလေ့လာဖို့ဆိုရာမှာလဲ ခင်ဗျား သားသမီး ဇနီးနဲ့အမေတို့က ခွင့်ပြုရမယ်၊ သဘောတူရမယ်၊ ခင်ဗျားကလူလွတ်မဟုတ်ဘူး၊ ခင်ဗျားအခု လဲလူကုန်းကို ပြန်ရမယ်၊ ကျွန်တော်နဲ့တွေ့ခဲ့တဲ့အကြောင်း ခင်ဗျားဇနီးနဲ့အမေကိုပြောပြနိုင်တယ်၊ အဲဒီခရီးအတွက် ကျွန်တော်ခေါ်မယ်ဆိုတဲ့အကြောင်းလဲ ပြောပြ၊ အမေနဲ့ဇနီးကခွင့်ပြုရင် အဲဒီခရီးကိုလိုက်ခဲ့၊ အဲဒီခရီးပြီးတော့မှခင်ဗျားဟာခင်ဗျား ဒါရိုက်တာဖြစ်နိုင်မဖြစ်နိုင်ဆိုတာဆုံးဖြတ်၊ အခုတော့ ခင်ဗျားရွာပြန်ရမယ်"

"ကျွန်တော်က ရန်ကုန်ကို ဒီလောက်ကြီးမှန်းမသိလို့လာခဲ့တာပါဆရာ"

"အခု ခင်ဗျားနွားရောင်းလာတဲ့ပိုက်ဆံရော"



www.burmeseclassic.com

www.burmeseclassic.com



"မရှိတော့ဘူး ကုန်ပြီဆရာ"

"ကဲ ကျွန်တော် ခင်ဗျားရွာပြန်ရောက်တဲ့အထိ ခရီးစရိတ် ၁၅၀၀ နဲ့ ထမင်းဖိုး ၅၀၀ ပေးလိုက်မယ် ခင်ဗျားအမေနဲ့ ဇနီးကလေးတွေဆီပြန်၊ အမေနဲ့ ဇနီးက ခွင့်ပြုရင် နိုဝင်ဘာလကုန်မှာ ကျွန်တော့်ဆီဖုန်းဆက် ဒါပဲဗျာ"

ကျွန်တော့်ဇနီးက မိမိအတွေ့အကြုံအတိုင်း ငွေ ၂၀၀၀ ကျပ်ကို ကိုင်၍ စောင့်နေ၏။ ထို့နောက် ဇနီးက ကျောင်းဆရာလူထွက်ကိုမြင့်(ခေါ်)အတိတ်မြန်မာ့ရုပ်ရှင်လောကအတွက် အားကိုးအားထားဖြစ်နိုင်မည့် ဒါရိုက်တာလောင်းကြီးကို ငွေ ၂၀၀၀ ကျပ်ပေး၏။ ကိုမြင့်က မယူရဲယူရဲနှင့် နောင် မိမိဒါရိုက်တာဖြစ်ပါက သိန်း ၂၀ လောက်ပြန်ပေးပါမည်ဆိုသောအတွေးနှင့် လက်ခံလိုက်၏။ ထို့နောက်မှ ကျွန်တော့်ကိုရော ကျွန်တော့်ဇနီးကိုပါ ကန်တော့၍ လဲလူကုန်းသို့ပြန်သွားပါ၏။

ကိုမြင့် နိုဝင်ဘာလတွင် ကျွန်တော့်ထံ ဖုန်းဆက်ဦးမည်။ သူ့ဇနီးနှင့် အမေက ခွင့်ပြုပါတယ်ဟုဆိုကာ နောက် နွားတစ်ကောင်ကိုရောင်း၍ ရန်ကုန်သို့ လာဦးမည်မှာသေချာ၏။ သို့သော် ကိုမြင့် ဒါရိုက်တာဖြစ်မည် မဖြစ်မည်ကိုကား ကျွန်တော်တတ်အပ်သေချာမပြောနိုင်ပါ။





ဒါမျိုးက စာရေးဆရာ ကြုံတွေ့ရသောကိစ္စဖြစ်ပါ၏။

ကိုမြင့်ပြန်သွားပြီး သုံးလေးရက်လောက်ကြာတော့ ပြည်မြို့မှ ကျွန်တော့်မိတ်ဆွေများဖြစ်သော ဦးအောင်မင်းနှင့် ဦးတင်ဦးတို့ရောက်ရှိလာပါ၏။ ကျွန်တော်က အပြင်ရောက်နေ၏။ ဇနီးဖြစ်သူက ပြည်မြို့မှ ဦးအောင်မင်းနှင့် ဦးတင်ဦးတို့ရောက်ရှိနေ၍ ပြန်လာရန် လက်ထဲမှ တယ်လီဖုန်းကို ဆက်၍ ခေါ်၏။

ဦးအောင်မင်းနှင့် ဦးတင်ဦးဆိုသူတို့က ကျွန်တော်၏အလွန်ရင်းနှီးသောမိတ်ဆွေများဖြစ်သည်။ ပြောမနာဆိုမနာများဖြစ်ကြ၏။ ဦးအောင်မင်းက ယခင် ပြည်မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌဖြစ်၍ ဦးတင်ဦးက စီးပွားရေးလုပ်ငန်းကိုသာ တစိုက်မတ်မတ်လုပ်ဆောင်သူဖြစ်၏။ ဦးတင်ဦး၏ဇနီးက ဒေါ်ကြွယ်ကြွယ်ဖြစ်၏။ ဦးတင်ဦး ဒေါ်ကြွယ်ကြွယ်သည် ပြည်မြို့ ရောဝတီမြစ်ကူးတံတားထိပ်တွင် Golden Valley Resort ရွှေတောင်ကြားဟိုတယ်ကို ဖွင့်လှစ်ထားရှိသည်။ ဦးတင်ဦး ဒေါ်ကြွယ်ကြွယ်က စီးပွားရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်းများရှိလျှင် ကျွန်တော်နှင့် လာရောက်တိုင်ပင်တတ်၏။

ထို့ပြင် ကျွန်တော် လုပ်ဆောင်သော လူမှုရေးကိစ္စများလည်း ကျွန်တော်က ဘာကိစ္စ ဘာကိစ္စကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးဟုဆိုလျှင် ဆောင်ရွက်ပေးတတ်၏။ ကျွန်တော်က အနာကြီးရောဂါနှင့် ပတ်သက်၍ အသိပညာပေးစာစောင်များကို ရိုက်နှိပ်၍ ဝေငှရာတွင် ဦးတင်ဦး ဒေါ်ကြွယ်ကြွယ်တို့က နှစ်သောင်းထည့်ဆိုပါက ကြေနပ်ပြုံးရွှင်စွာဖြင့် နှစ်သောင်းထည့်၏။ အခြားဘာကိစ္စရှိ၍ လှူပါဦးဟု ပြည်သို့လှမ်းပြောလျှင်လည်း မငြင်းပဲ လှူတတ်ကြ၏။ ထိုသို့ခင်မင်သူများဖြစ်၍ ကျွန်တော်က ဦးအောင်မင်းနှင့် ဦးတင်ဦးတို့ ဘာကိစ္စများရှိလို့ရောက်နေတာလဲဟုဆိုကာ ရောက်နေသည့်နေရာမှ အိမ်သို့အရောက်ပြန်တော့ ဦးအောင်မင်းကိုရော ဦးတင်ဦးကိုပါ ကျန်းမာစွာတွေ့ရသည်။ ကျွန်တော့်မိတ်ဆွေများကို တွေ့ရတော့ ဝမ်းသာသွား၏။ ဒေါ်ကြွယ်ကြွယ်ရောဟုဆိုတော့ ဒေါ်ကြွယ်ကြွယ်လည်း ကျန်းမာပါသည်ဟုဆို၏။ ဘာကိစ္စလာတာလဲဟုဆိုတော့"အခြားကိစ္စတစ်ခုရှိလို့ နေ့ခြင်းပြန်လာတာ၊ ဆရာ့ဆီ တမင်ဝင်တာ"ဟု ဆိုပါ၏။

"ကဲ တမင်ဝင်တာဆိုရင် စာအုပ်လေးတွေ ဘာတွေ ယူသွားဦး"ဟုဆိုကာ ကျွန်တော်က သူတို့လက်ဆောင်မရသေးသောစာအုပ်များကိုပေးသည်။

"ကိစ္စမရှိပါဘူးဆိုပေမယ့် တစ်ခုတော့ရှိတယ်" ဟု ဦးအောင်မင်းကဆိုသည်။

"ဘာတစ်ခုလဲ ဆိုပါဦး"





"ဒီလို ဆရာရဲ့ အရင်ကလဲ ဆရာလုပ်တဲ့ကိစ္စတွေမှာ ဦးတင်ဦး ဒေါ်ကြွယ်ကြွယ်ကငွေကြေးပါဝင်တတ်စမြဲပဲ၊ အရင်ကတော့ ဆရာ့ကိုခင်လို့ဆရာလုပ်တဲ့ကိစ္စမှာငွေရေးကြေးရေးပါဝင်ကူညီတာ၊ အခုတော့ ဆရာက ခိုင်းတာမဟုတ်ဘူး၊ ဆရာပြုလုပ်တဲ့လုပ်ငန်းတစ်ခုကို ဦးတင်ဦး ဒေါ်ကြွယ်ကြွယ်က ကြည်ညိုလို့ ဆိုကာ ငွေတစ်သောင်းလာကန်တော့တာ"

"ကျွန်တော်လုပ်တဲ့ကိစ္စတွေထဲက ဘယ်ကိစ္စကိုကြည်ညိုတာလဲ"

"ဆရာ မြဝတီရုပ်မြင်သံကြားကနေ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသရဲ့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးနဲ့ ဆရာတော်ကြီးအကြောင်းကို ဗွီဒီယိုဇာတ်လမ်းရေးသားတင်ဆက်ပြသထားတာကို ကြည်ညိုလိုက်တာဗျာ" ဟုဦးအောင်မင်းက ဆိုပါ၏။

တကယ်တော့ ကျွန်တော်တို့တတွေက တယောက်နှင့်တယောက်အသက်ကွာကြသူတွေမဟုတ် ဦးအောင်မင်းက ကျွန်တော့်ထက် အသက်ကြီး၍ ဦးတင်ဦးက ကျွန်တော့်ထက်အသက်ငယ်၍ အားလုံးအသက် ၆၀ တန်းမျှချည့်ဖြစ်၏။ ထိုအခါကျွန်တော်က အရင်က ဦးတင်ဦး၊ဒေါ်ကြွယ်ကြွယ် လက်ဆောင်ပေးတာတွေက ခင်မင်လို့၊ အခုလက်ဆောင်ပေးတာက ကြည်ညိုလို့၊ ဟုတ်ပါပြီဘာကိစ္စနဲ့ပဲပေးပေး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံပါမယ်၊ ဒါပေမယ့် ကျွန်တော်ကိုတော့ မကန်တော့နဲ့ဗျာ”ဟုဆို၏။ ထိုအခါ အားလုံးဝိုင်း၍ ပျော်ရွှင်ကြည်နူးစွာရယ်မိကြပါသည်။

ယခုရေးပြမည့်အဖြစ်အပျက်ကတော့ ဝတ္ထုရှည်မြန်မာနှစ် ၁၀၀ ပြပွဲအတွင်းကဖြစ်ပါ၏။ ကျွန်တော်တို့မိသားစုက ထိုပြပွဲတွင်စာအုပ်ဆိုင်တစ်ဆိုင်ဖွင့်၏။ စာအုပ်ဆိုင်ဖွင့်ရခြင်း၏အဓိကရည်ရွယ်ချက်က ကျွန်တော်သည် ၁၉၆၇ ခုနှစ်မှစ၍ ၂၀၀၃ ခုအထိ ၃၆ နှစ်အတွင်း ပြည်သူအကျိုးပြုစာအုပ်ပေါင်း ၁၀၀ ကျော်ကိုရေးသားခဲ့ရာ ယင်းစာအုပ် ၁၀၀ ပြပွဲတစ်ရပ်ကို ကျွန်တော်ပြုလုပ်လို၏။ သို့သော်နေရာထိုင်ခင်းမရှိ၍ မပြုလုပ်နိုင်ပဲရှိရာ ယခုလိုကြုံကြိုက်သောကာလတွင် စာအုပ် ၁၀၀ လည်းပြရင်း၊ ရောင်းနိုင်သမျှစာအုပ်ကိုလည်းရောင်းရင်း စာအုပ်ဆိုင်ဖွင့်ခြင်းဖြစ်၏။

ထိုစာအုပ်ဆိုင်ဖွင့်ခြင်း၏အကျိုးကျေးဇူးကား စာဖတ်သူများနှင့်တိုက်ရိုက်တွေ့ဆုံရခြင်းနှင့်မိတ်ဆွေအသစ်များရရှိခြင်းဖြစ်ပါ၏။ ထို့အပြင်ငယ်သူငယ်ချင်းများမိတ်ဆွေဟောင်းများနှင့်လည်းပြန်၍တွေ့ရ၏။

တနေ့တွင်ဆရာသူရဇော်က ကျွန်တော်စာအုပ်ဆိုင်သို့ရောက်ရှိလာပါ၏။သူလာတော့ ကျွန်တော့စာအုပ် ၁၀၀ ပြထားသည်ကို ကြည့်ပြီးအခြားစာအုပ်ဆိုင်များသို့လှည့်လည်ကြည့်ရှုကြပါ၏။ တစ်နေရာရောက်တော့





စာအုပ်ပုံတွင် ခေါင်းစိုက်၍စာအုပ်များကိုစိတ်ဝင်စားစွာမွှေးလိုက်၊ရှာလိုက်ဖြင့်ခေါင်းမဖော်ပဲ ဖြစ်နေသူပုဂ္ဂိုလ်တစ်ဦးအားဆရာသူရဇော်ကလက်ညှိုးမသိမသာထိုးကာ “အဲဒီပုဂ္ဂိုလ်ကြီးက စာရေးဆရာအောင်စည်ဟိန်း” ပဲဟုဆိုပါ၏။

“အဲဒါအောင်စည်ဟိန်းလား ကျွန်တော်တွေ့ချင်တဲ့စာရေးဆရာပဲ၊ သူရေးထားတဲ့ဆောင်းပါးနှစ်စောင်ကျွန်တော့်မှာရှိတယ်”ဟုကျွန်တော်ကဆို၏။

ကျွန်တော့ထံတွင်ရှိသော ဆရာအောင်စည်ဟိန်း၏ဆောင်းပါးတစ်ပုဒ်က တကောင်းရာဇဝင်နှင့်ဒဿနအမြင်ဆောင်းပါးနှင့်စမွှာယ်ဂိုရ်နှင့်စမွှာယ်ဂိုရ်ဆောင်းပါးတို့ဖြစ်၏။ပထမဆောင်းပါးတွင် ဆရာအောင်စည်ဟိန်းက ၂၀၀၃ ခုနှစ်ဇန်နဝါရီလ ၃၀ ရက်နေ့ကမိုးကုတ်ခရီးစဉ်မှအပြန်တကောင်းမြို့တွင်တစ်ညဝင်ရောက်အိပ်စက်ခဲ့ပြီး ရေးသားသောဆောင်းပါးဖြစ်ပါ၏။ ထိုဆောင်းပါးတွင်ဧရာဝတီမြစ်ကြီးရှိနေပါလျက် မြန်မာ့သမိုင်းတကောင်းသမိုင်းသည် အနှစ်၁၀၀၀ထက်ကျော်၍မတွေးဝံ့ကြသည်ကို အားမလိုအားမရဖြစ်ကာ တကောင်းနှင့်ပက်သက်၍ သဲလွန်စအများအပြားကို ဆွဲထုတ်တင်ပြထားသောဆောင်းပါးဖြစ်ပါ၏။ကျွန်တော်သည်ထိုဆောင်းပါးကို ကြည့်ပြီးမှ ဆရာကြီးဦးတင်ဝင်းဦးနှင့်ကောင်းမှ ဆရာတော်ဦးမင်းဟန်တို့ထံမှ ရရှိခဲ့ခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ဆရာအောင်စည်ဟိန်းကသူ့ဆောင်းပါးတွင် ဒေါက်တာဖူးရား၏တွေ့ရှိချက်၊ သမိုင်းပညာရှင်များဖြစ်ကြသောဟောလ်နှင့်ပါမောက္ခဆရာကြီးလု(စ်)တို့၏ အဆို၊ ရခိုင်ရာဇဝင်၊ပန်းပဲမောင်တင့်တယ်မှအစ တကောင်းနှင့်ပတ်သက်သော အခန်းအများအပြားကို ဖေါ်ထုတ်ကာ တကောင်းသည် ခရစ်မပေါ်မီကထွန်းကားခဲ့သော မြန်မာမြို့ကြီးတစ်မြို့၊ ခေတ်ကြီးတစ်ခေတ်ဖြစ်ကြောင်း တင်ပြချက် ဆောင်းပါးဖြစ်ပါ၏။ စမ္ပာယ်နဂိုရ်ဆောင်းပါးမှလည်း ကျွန်တော်တို့ဗဟုသုတရပါ၏။ အထူးသဖြင့် ဆရာအောင်စည်ဟိန်း တင်ပြသော တကောင်းအခြင်းအရာများကိုစွဲသည်အလွန်စိတ်ဝင်စားဘွယ်ကောင်း၍ အခြား တကောင်းနှင့်ပတ်သက်ပြီး ဆရာအောင်စည်ဟိန်းထံတွင် ဘာအချက်အလက်များရှိပါသေးသလဲဟု တွေးကာ ဆရာနှင့်ကျွန်တော်တွေ့ဆုံလိုခြင်းဖြစ်ပါ၏။

ဆရာ သူရဇော်က "အဲဒါအောင်စည်ဟိန်းပဲ" ဆိုကာ သူ့ကိစ္စများနှင့်သူ တခြားစာအုပ်ဆိုင်များဆီသို့ ထွက်သွားပါ၏။ ကျွန်တော်ကတော့ တကောင်းအကြောင်းပြောရအောင်ဟုဆိုကာ ဆရာအောင်စည်ဟိန်းနှင့် ကိုယ်တိုင်သွား၍ မိတ်ဆက်ပါ၏။ ထို့နောက် ကျွန်တော့်ဆိုင်သို့ဖိတ်ကာ ကျွန်တော်က စာအုပ်အချို့ကိုလက်ဆောင်ပေးသည်။ ဆရာအောင်စည်ဟိန်းက





သူ့ဟာသူလည်း စာအုပ်အတော်များများဝယ်ပါ၏။ ကျွန်တော်နှင့်သူ ကြိုညပ်မှ ဆရာကြီးဦးတင်ဝင်းဦး အကြောင်းအပါအဝင် တကောင်းအကြောင်းကိုလည်း ဆွေးနွေးဖြစ်ခဲ့၏။ တကောင်းနှင့် ပတ်သက်၍ အားမာန်သွင်း၍ရှာဖွေနေသော ကျွန်တော့်အဖို့ ယခုကဲ့သို့ တကောင်းအကြောင်း စိတ်ဝင်စားစွာပါဝင်ရေးသားမှုမှာ အင်အားတစ်ရပ်ဖြစ်ပါ၏။ ဆရာအောင်စည်ဟိန်းသည် ကျွန်တော့်စာအုပ်ဆိုင်တွင် နာရီဝက်ခန့်ကြည့်ရှုပြီး ပြန်သွားပါ၏။

နောက်တစ်ရက်ကြာတော့ ကျွန်တော့် စာအုပ်ဆိုင်တွင် လှလှပပထုပ်ထားသော လက်ဆောင်ပစ္စည်းတစ်ထုပ်ရောက်ရှိနေပါ၏။ ကျွန်တော်က ဘယ်သူပေးတဲ့လက်ဆောင်ထုပ်လဲ၊ ဘာလက်ဆောင်ပေးတာလဲဟု သိချင်ဇောဖြင့် အထုပ်ကိုဖွင့်ကြည့်တော့ ပိုးလုံချည်တစ်ထည်နှင့် အင်္ကျီအကောင်းစားတစ်ထည်ဖြစ်ပါ၏။ အင်္ကျီကိုဝတ်ကြည့်တော့ ကျွန်တော်နှင့် တိုင်းချုပ်ထားသလိုတော်နေပါ၏။ ဘယ်သူကပေးတာလဲဆိုတာကို လိုက်ရှာတော့ စာရွက်အဖြူသန့်သန့်လေးပေါ်တွင် အောက်ပါအတိုင်းရေးသားထားသော စာရွက်လေးတစ်ရွက် အထုပ်ထဲမှ ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၇. ၁၁. ၂၀၀၃

၁၉၆၇ မှ ၂၀၀၃ ခုနှစ်အတွင်း

"ချစ်စံဝင်း စာအုပ် ၁၀၀ မှတ်တမ်း"ဖြင့် ပြည်သူ့အကျိုးသယ်ပိုးနိုင်စွမ်းခဲ့ခြင်းအား ဂုဏ်ပြုအပ်ပါသည်။

အောင်သိန်း(အောင်စည်ဟိန်း)

ကျွန်တော်သည် ထိုစာရွက်လေးကို အကြိမ်ကြိမ်ဖတ်ကာ ကြည်နူးနေမိပါ၏။ ကျွန်တော်၏စာအုပ် ၁၀၀ ပြုပွဲပြုရသည်ကိုလည်း ကြေနပ်နေမိပါသတည်း။

ဝတ္ထုရှည်မြန်မာနှစ် ၁၀၀ ပြုပွဲပြီးတော့ ကျွန်တော်ရယ်၊ ဆရာချစ်နိုင်(စိတ်ပညာ)နှင့် မင်းရွှေမင်း(အင်းစိန်)တို့ ကျောက်ဖြူ ရမ်းဗြဲ၊ တောင်ကုတ်နှင့် သံတွဲ လေးမြို့နယ်စာပေဟောပြောပွဲခရီးထွက်ခဲ့ကြပါ၏။ ရောက်ရာအရပ်မှ ပြည်သူများက ကျွန်တော်တို့ကိုလှိုက်လှဲပြူငှာစွာကြိုဆိုကြပါ၏။ ကျွန်တော်တို့ အိပ်သော်လည်း သူတို့မအိပ်၊ ကျွန်တော်တို့ကို အရိပ်တကြည့်ကြည့်နှင့်နေကြ၏။ ထမင်းပွဲများဆိုလျှင်လည်း ထမင်း မြိန်အောင် ဟင်းမျိုးစုံချက်၍ကျွေးသည်။ ရမ်းဗြဲမြို့သို့ အရောက်တွင်တော့ ထမင်းပွဲတွေကများလွန်း၍ ဆရာမင်းရွှေမင်းက ကျွန်တော်တို့စားရတဲ့ထမင်းပွဲကို နရပတိစည်သူမြင်ရင် ငိုမယ်ဟုဆိုပါ၏။ နရပတိစည်သူသည် မြန်မာ့သမိုင်းတွင် ထမင်း တစ်ခါစားလျှင် ဟင်းခွက် ၃၀၀ ပြည့်မှ စားသည်ဟုဆို၏။ ကျွန်တော်တို့စားရသော ဟင်းခွက်များက စားပွဲကြီးအပြည့်ဖြစ်နေ၍ ဆရာမင်းရွှေမင်း(အင်းစိန်)က တင်စားခြင်းဖြစ်ပါသည်။ ရမ်းဗြဲသည် တအားကြီး ဖွံ့ဖြိုးပြီးမြို့နယ်တစ်ခုမဟုတ်ပါ။ သို့သော် စာရေးဆရာများအပေါ် စေတနာထားကြပါ၏။ စာရေးဆရာအပေါ် စေတနာထားတာတွေကို အတည်. . . ပြောပြ၍မဆုံးနိုင်ပါပြီ. . ဟုဆိုကာ သီချင်းလေးတစ်ပုဒ်လောက်ဟစ်လိုက်ဖို့ပင်ကောင်းပါ၏။

စာရေးဆရာတွေနားနေကြပြီဟုဆိုပါက စာဖတ်ပရိတ်သတ်ကလာပြီးစကားပြောလိုကြ၏။ မြို့နယ်ရှိ လူကြီးများကလည်း ဆရာတွေနားပါစေဟုဆိုကာ ရသမျှတားကြ၏။ ကျွန်တော်တို့ကလည်း စာဖတ်ပရိသတ်နှင့် စကားပြောချင်ကြသည်။ ပြည်သူတို့သည် စာရေးဆရာများနှင့် တွေ့ကြသည်ကို အလိုက်အသည်းလိုက်ရှိကြ၏။ ကျွန်တော်တို့ပြောသမျှဆိုသမျှကို ချမ်းချမ်းစီးစီးနှင့် နားထောင်ကြသည်။ ကျွန်တော်တို့ပြောသမျှဆိုသမျှ ကောင်းကောင်း၊ မကောင်းကောင်း သိပ်ကောင်းတာပဲဟုဆိုကြ၏။







www.burmeseclassic.com

www.burmeseclassic.com



စာပေဟောပြောပွဲများတွင် ပထမနှုတ်စာချုပ်ပြုလုပ်စဉ်က လေးပွဲသာဖြစ်၏။ မြို့နယ်ရောက်တော့ နေ့ပွဲလေး အ. ထ. က(၁)မှာ ကျောင်းသားတွေကို ဟောပေးပါဦးဟုဆိုကာ အဆစ်တောင်းတတ်ကြ၏။ ကျွန်တော်တို့ကလည်း ဟောရမည်ဆိုပါက လူထုအောင်သံထဲက ဗိုလ်အောင်ဝင်းငိုဘို့သာရှိ၏။

ယခုစာပေခရီးတွင် ကျောက်ဖြူမြို့နယ်တစ်မြို့နယ်တည်းက ကျွန်တော်တို့အား ၅၀၀၀ ကျပ်တန်၊ ၄၀၀၀ ကျပ်တန် ရခိုင်ပုဆိုးခုနှစ်ထည်လောက်မျှလက်ဆောင်ပေးသည်။ တစ်သက်ဝတ်၍ပင် ကုန်နိုင်စရာမရှိ၊ ပုဇွန်ခြောက်နှင့် ငါးနီဒူချောက်များကလည်း တနင့်တပိုးပေးကြ၏။ ရယ်စရာပြောတတ်သော မင်းပြားသားဆရာမင်းရွှေမင်း(အင်းစိန်)ကျွန်တော်တို့အပြန်ပါလာတဲ့ ငါးနီဒူခြောက်တွေကို ဘုရင့်နောင်ပွဲရုံသွားသွင်းရင် ရန်ကုန်မှာ ငါးနီဒူ ဈေးကျသွားနိုင်စရာရှိတယ်ဟုဆိုပါသည်။

ထိုမျှသာမက တနေရာမှ တနေရာသို့ မပင်ပန်းရလေအောင်လိုက်ပို့ကြ၏။ သူတို့မြို့နယ်ရှိဘုရားစုံကို လိုက်ပို့လိုကြ၏။ သူတို့မြို့နယ်အကြောင်းရေးသည် ဖြစ်စေ၊ မရေးသည်ဖြစ်စေ အကြောင်းမဟုတ်၊ စာရေးဆရာတွေ၊ သူတို့မြို့နယ်သို့အရောက်လာခဲ့ကြ





သည်ဆိုသည့်ကိစ္စက သူတို့အတွက် ဂုဏ်ယူစရာကိစ္စတစ်ရပ်အဖြစ်ခံယူကြပြီးဖြစ်ပါ၏။

ဤအတောအတွင်း တညနေတွင် တယ်လီဖုန်းဝင်လာသည်။ တဖက်မှ တယ်လီဖုန်းပြောသူ၏ အသံက အလွန်အေးဆေးပျော့ပြောင်းလှ၍ ကျွန်တော့်မှာ ဘယ်သူဘယ်ဝါဖြစ်မည်ကို ဦးနှောက်အား အလုပ်ပေး၍ ဖော်ထုတ်နေရပါ၏။

ကျွန်တော်စဉ်းစားနေစဉ်မှာပင် တဖက်မှ "ကျွန်တော် ချစ်ဆွေပါ"ဟုဆို၏။ သည်တော့ ဘယ်သူဘယ်ဝါဆိုသည်ကို ကျွန်တော် သဘောပေါက်သွားပြီဖြစ်ပါ၏။ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ချစ်မဆွေယခင် လယ်ယာနှင့် သစ်တောရေးရာဝန်ကြီးဖြစ်ပါသည်။ ထိုအခါ ကျွန်တော်က

"ဟုတ်ကဲ့ ဗိုလ်ချုပ်ကြီး အမိန့်ရှိပါခင်ဗျာ"ဟု အသံပြုရပါ၏။

"ကိုချစ်စံ. . ခင်ဗျားပေးလိုက်တဲ့စာအုပ်ကျွန်တော်ဖတ်ပြီးပြီ၊ အတော်စာရေးတာပဲ၊ ပုန္နေးဆူဝေကမ္ဘာမြေစာအုပ်ကိုတော့ ကျွန်တော် လှူလိုက်တယ်၊ လယ်တီဆရာတော်ကြီးနဲ့ မဟာဂန္ဓာရုံ ဆရာတော်ကြီးအကြောင်း ရှားရှားပါးပါးရှာဖွေနိုင်ပြီး ရှင်းထားတာတွေ၊ ဖတ်ရတယ်၊ ပခုက္ကူဦးအုန်းဖေ မပြန်ခင်တွေ့ကြရအောင်၊ တွေ့ဆုံဖို့တော့ ခင်ဗျားပဲစီစဉ်ဗျာ"ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေနှင့် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌဦးလှမြိုင်၊ ပခုက္ကူ ဦးအုန်းဖေ၊ မောင်ဆုရှင်၊ တက္ကသိုလ်တင်ခ၊ မနုဿကျော်ဝင်း၊ ဦးမြင့်ကြွယ်၊ လှထွန်း(တွံတေး)၊ အပါအဝင် ကျွန်တော်တို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ၁၈ ဦးခန့် တွေ့ဆုံ၍ ရှမ်းကန်စားသောက်ဆိုင်တွင် ညနေစာ စားရင်း စာအကြောင်းများပြောဖြစ်ကြပါ၏။

အဲဒီနောက်တော့ ကျွန်တော်သည် ကိုကိုးကျွန်းသို့ ချင်းတွင်းသင်္ဘောဖြင့် လေ့လာရေး အပန်းဖြေခရီးထွက်ခဲ့၏။ အပန်းဖြေခရီးဟုဆိုသော်လည်း အပန်းမဖြေနိုင်၊ ပင်လယ်အတွေ့အကြုံမရှိသော ကျွန်တော်တို့အဖို့ကား ထိုခရီးသည် အတော်အတန်စွန့်စားရသော ခရီးဖြစ်ပါ၏။ စွန့်စားရသည်က ကိုကိုးကျွန်းတွင် ဆိပ်ခံဘောတံတားစသည်တို့မရှိသောကြောင့် ရေလယ်မှနေ၍ ကျွန်းပေါ်သို့ ငါးဖမ်းစက်လှေငယ်လေးများနှင့်ကူးရ၏။ ထို့ကြောင့် သင်္ဘောကြီးပေါ်မှ ငါးဖမ်းစက်လှေငယ်လေးပေါ်သို့အဆင်း လှိုင်းကကြီးသောကြောင့် စွန့်စားရ၏။ အတက်ကပို၍ ဆိုးသည်။ သို့သော် ပင်လယ်ခရီး၏ အမှတ်တရအဖြစ် ကျွန်းပေါ်တွင် အစီအစဉ်မရှိပဲ တညအိပ်ခဲ့ရသည်။ ညချမ်းက လွမ်းစဖွယ်ဖြစ်သော ခရီးဟု ဆိုနိုင်ပါ၏။ ထိုခရီး





တွင် ခရီးသည် ၃၅၀ ကျော်မျှပါ၏။ သင်္ဘောသားများ ရောဆိုပါက လူ ၄၀၀ ခန့်ရှိသည်။

ထိုခရီးကို ကျွန်တော်က မမျှော်လင့်၊ ကြိုတင်စီမံမှုမရှိပဲ လိုက်သွားခြင်းဖြစ်၏။ ညီမဖြစ်သူက လက်မှတ်တစ်စောင်ပိုနေသည်ဟု ဆို၍ ကောက်လိုက်သွားခြင်းဖြစ်၏။ သင်္ဘောပေါ်ရောက်မှ ဆရာ ဆူဗိုနင်၊ ဒေါက်တာ ခင်မောင်ညို၊ ကျွန်း၊ ဆရာမ နန်းအိအိဇာ၊ သရဖူ ကိုရဲ၊ ဆရာသောင်းဝေဦး၊ ဆရာအောင်နိုင်မြင့်၊ စသောစာရေးဆရာများပါလာ၍ အဖွဲ့ဖြစ်သွားကြ၏။ စာရေးဆရာများပါလာကြသည်ဆိုသော သတင်းကလည်း သင်္ဘောပေါ်တွင် ပျံ့သွားပါ၏။ ထို့ကြောင့် သင်္ဘောပေါ်တွင်ပါလာသော ခရီးသည်များထဲမှ အုပ်စုသုံးလေးစုက ကျွန်တော်တို့ကို လိုက်ရှာ၏။ သူတို့က သူတို့ဝိုင်းသို့လာ၍စကားပြောပါ၊ ကျွန်တော်တို့စုဝေးစကားပြောကြရအောင်ဟု လာ၍ ဖိတ်ပါ၏။ ထမင်းစားရန်၊ လက်ဖက်ရည်သောက်ရန် ဖိတ်သူတွေကလည်းများ၏။ ကျွန်တော်သည် သင်္ဘောပေါ်တွင် စကားသုံးလေးဝိုင်းလောက်ပြောဖြစ်၏။ စကားဝိုင်းများတွင် ကျွန်တော်က ကျွန်တော်စိတ်ဝင်စားသည့် တကောင်းအကြောင်း၊ အလုံးစုံအရည်အသွေးအကြောင်း၊ ဝိယာတမ္ဗာအကြောင်း စသည်တွေကို ပြော၏။ ကျွန်တော် ပြောသော အကြောင်းအရာများက လေးပင်လှ၍



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းကို ငြိမ်ငွေ့သွားကြမည်ဟု ထင်၏။ သို့သော် ကျွန်တော်၏အထင်မှား၏။ သင်္ဘောခရီးသည်များက ကျွန်တော်တင်ပြသော အကြောင်းအရာများကို စိတ်ဝင်စား၏။ တော်ဝင်နှင်းဆီပိုင်ရှင် ဦးစိုးညွန့်က "တကောင်းကိုကျွန်တော်စိတ်ဝင်စားတယ် ဆရာ ဒီတစ်ခါသွားရင် ကျွန်တော့်လည်းခေါ်ပါ"ဟုဆို၏။

သင်္ဘောပေါ်တွင် စကားဝိုင်းလေးများဖေါင်ဖွဲ့ရုံသာမက ကိုကိုးကျွန်းပေါ်တွင် စာပေဟောပြောပွဲတစ်ရပ်ပြုလုပ်လိုက်ကြသေး၏။ အပျော်ခရီးတွင် စာအကြောင်း ပေအကြောင်းတွေလာပြောနေရလား. . . သွားစမ်းပါ. . . . ဟု ပယ်သူမရှိ၊ ကျွန်တော်တို့ဟောပြောသည့် အကြောင်းအရာများအပေါ် ထပ်မံဆွေးနွေးလိုကြ၍ ကိုကိုးကျွန်းပေါ်ရှိ ဆုံဆည်းရာနှင့် ပွိုင့် လက်ဖက်ရည်ဆိုင်နှစ်ဆိုင် ခွဲ၍ ရေးသူဖတ်သူတွေ့ဆုံကြရသေး၏။

၁၃. ၁၂. ၂၀၀၃ နေ့ ညနေခင်း ကိုကိုးကျွန်း၏ ဂျပန်ကတုတ်ကျင်းပေါ်တွင် ပါသမျှစားစရာလေးများကို မြီးရင်းဝါးရင်း ဘင်္ဂလားပင်လယ်အော်၏ အနံ့အသက်များကို ခံကာ စာအကြောင်းပေအကြောင်း ပြောခဲ့သည့် စကားဝိုင်းလေးကို ကျွန်တော့်တသက် မေ့မည် မဟုတ်ပါ။





ကိုကိုးကျွန်း ခရီးကို လေ့လာရေးဟုပင်ခေါ်ခေါ် အပျော်ခရီးဟုပင်ဆိုဆို စာပေရည်ရွယ်ချက်မပါပဲ ထွက်လာသော သူများပင်ဖြစ်လင့်ကစား စာရေးဆရာအုပ်စုပါလာသည်ဟု ဆိုသောအခါ ခရီးသွားလူထုက စာရေးဆရာများကို လေးလေးစားစားရှိကြပါ၏။ ညာညာတာတာပြုစုကြပါ၏။

ထို့ကြောင့်လည်း ကျွန်တော်တော့ ရတောင့်ရခဲလှသော လူ့ဘဝ ဒီတသက်တာတွင် ကျွန်တော် ရွေးချယ်ခဲ့သော စာရေးသားခြင်းအသက်မွေးဝမ်းကျောင်း အလုပ်အပေါ် ကြေနပ်ကြည်နူးဝမ်းသာမှုရှိပါသည်။

❑ ❑ ❑



www.burmeseclassic.com